ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်၊ ကြာသပတေးနေ့၊ (25-6-2015) (၈၂၄၂)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မွန်ဂိုလီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

**နေပြည်တော် ဇွန် ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မွန်ဂိုလီးယားနိုင်ငံ သမ္မတ အယ်လ်ဘတ်ခ်ဒေါ်ဂျ် ဇတ်ခ်ဟီးလ်ယာဒ်၏ ဖိတ်ကြားချက်အရ မွန်ဂိုလီးယားနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။

**(သတင်းစဉ်)**

## မိုးရေချိန်များ

၂၄-၆-၂၀၁၅

မုဒုံ
၆ ဒသမ ၇၇ လက်မ
ပလက်ဝ
၆ ဒသမ ၆၉ လက်မ
ရေး
၆ ဒသမ ၄၉ လက်မ
အမ်း
၆ ဒသမ ၁၄ လက်မ
ကျိုက္ခမီ
၅ ဒသမ ၉၁ လက်မ
ချောင်းဆုံ
၅ ဒသမ ၄၃ လက်မ
ထားဝယ်
၅ ဒသမ ၂၄ လက်မ



# သတင်းထုတ်လွှင့် ဖြန့်ချိရေးနှင့် သတင်းမီဒီယာများ စွမ်းဆောင်ရည်မြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်နိုင်ငံ အသံထုတ်လွှင့်ခြင်းဆိုင်ရာ အုပ်ချုပ်ရေးမှူးများ၏ ဘုတ်အဖွဲ့၊ အုပ်ချုပ်ရေးမှူး မစ္စတာ မတ်သယူးအမ်းစ်စထရောင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် သတင်းထုတ်လွှင့်ဖြန့်ချိရေးဆိုင်ရာကိစ္စရပ်များ၊ သတင်းမီဒီယာများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာအမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

# ဈေးကွက်ကျယ်ပြန့်လာသည့် မြန်မာ့ပင်လယ်ပြင်က ငါးပုတ်သင်

**ဖျာပုံ ဇွန် ၂၄**

နိုင်ငံတကာဈေးကွက်ဝင် ငါးများအနက် မြန်မာ့ပင်လယ်ပြင်က ငါးပုတ်သင်ငါးသည် ယခုအခါ ပြည်တွင်းပြည်ပ ဈေးကွက်များတွင် ရောင်းလိုအားထက် ဝယ်လိုအားမြင့်မားလျက်ရှိနေသည်။

ငါးပုတ်သင်ငါးသည် မြန်မာ့ပင်လယ်ပြင်တွင် နှစ်ပတ်လည်ဖမ်းယူရရှိနိုင်သော်လည်း မိုးဦးကျဖြစ်သည့် ကဆုန်လနှင့် နယုန်လတို့တွင် အများဆုံးဖမ်းယူရရှိနိုင်သဖြင့် ဖျာပုံမြို့ ငါးပုစွန်ရောင်းသည့် ပွဲရုံများနှင့် ငါးဈေးတန်းတို့တွင် တွေ့မြင်နေရပြီဖြစ်သည်။

ဇွန်လနောက်ဆုံးပတ်ရက်များက ငါးပုစွန်ဝယ်ရောင်းသည့် ပွဲရုံဘက်များသို့သွားရောက်စုံစမ်းရာ ငါးပုစွန်ဝယ်ရောင်းသည့် ပွဲရုံပိုင်ရှင်တစ်ဦးကရာသီချိန် ရောက်သော်လည်း ငါးပုတ်သင်များ အမိအရနည်းနေသေးကြောင်း၊ လက်ရှိဝယ်ဈေးမှာ ငါးတစ်ကောင် ၂၅ ကျပ်သားအောက် ငွေကျပ် ၃၅၀၀ မှ ငွေကျပ် ၄၀၀၀၊ ၂၅ ကျပ်သားအထက်မှ ၅၀ ကျပ်သား ငွေကျပ် ၅၀၀၀ မှ ငွေကျပ် ၆၀၀၀၊ ၅၀ ကျပ်သားအထက် ငွေကျပ် ၇၀၀၀ မှ ငွေကျပ် ၈၀၀၀ ဈေးဖြင့်ဝယ်ယူပြီး ကုန်အတက်များလျှင် ရန်ကုန်သို့ တင်ပို့ကြောင်း ပြောပြသည်။

ပင်လယ်ပြင် ဝါရင့်ရေလုပ်သား ဦးကြည်သန်းက ငါးပုတ်သင်ငါးက ရေပေါ်ထက် ရေအောက်တွင် နေထိုင်ကျက်စားလေ့ရှိကြောင်း၊ ငါးပုတ်သင်ငါးကို ဖမ်းယူရန်အတွက် ဂျပန်နိုင်ငံမှလာသည့် ငါးဖမ်းပိုက်များ အသုံးပြုရကြောင်း၊ ပိုက်တစ်ဖောင်

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**

# တပ်မတော်(လေ)တွင် အသုံးပြုမည့် လေယာဉ်နှင့် ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားကျင်းပ

စာမျက်နှာ - ၉



**တပ်တော်ဝင်အခမ်းအနားတွင် အမောင်းသင်လေယာဉ် ငါးစင်းအုပ်ဖွဲ့ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အလေးပြုပျံသန်းစဉ်။ (မြဝတီ)**



ကြေးမုံ စာတည်းရှုထောင့် ၂၅-၆-၂၀၁၅၊ ကြာသပတေးနေ့

# ကြိုတင်ကာကွယ်ခြင်ကျားအန္တရာယ်

အနာရောဂါကို တိတိကျကျသိပါက ဆေးရှိသည်။ သို့သော် အနာလည်းသိ၊ ဆေးလည်းရှိပါလျက် ထိုအနာရောဂါတိုးပွားနေခြင်းသည် ကာကွယ်တိုက်ဖျက်မှု အားနည်းနေခြင်းကြောင့်ဟု ဆိုရမည်ဖြစ်သည်။ မိုးရာသီကာလတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ တိုးပွားနေသေးသည်ကို တွေ့ရှိရသည်မှာ ကာကွယ်တိုက်ဖျက်မှု အားနည်းသေးသည်ဟု ဆိုချင်ပါသည်။

ဆေးဝါးလည်းရှိ၊ တိုက်ဖျက်ရမည့်နည်းလမ်းများလည်း ရှိပါလျက်နှင့် ရောဂါဖြစ်ပွားမှု တိုးပွားနေခြင်းမှာ အလေးအနက်ထားကာ ပိုမိုလုပ်ဆောင်ကြဖို့ သတိပေးကြရမည်မှာအမှန်ပါ။ သွေးလွန်တုပ်ကွေးရောဂါမှာ ခြင်ပုန်းခေါ် ခြင်ကျားများမှတစ်ဆင့် ကူးစက်ခြင်းဖြစ်ပြီး အသက်ငါးနှစ်မှ ကိုးနှစ်အတွင်းရှိ ကလေးငယ်များ အများဆုံးဖြစ်ပွားတတ်သော ရောဂါဖြစ်ပါသည်။

အထူးသဖြင့် နံနက်ပိုင်း၊ နေ့လယ်အချိန် ကိုက်တတ်သော ခြင်ကျားများသည် ကလေးများစုဝေးရာ စာသင်ခန်းများတွင် ခိုအောင်းတတ်သဖြင့် အခြေခံပညာအလယ်တန်းကျောင်းများတွင် ခြင်ကျားအန္တရာယ်ကင်းစင်ရေးအတွက် အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။

ခြင်ကျားများ ခိုအောင်းရာ၊ ပေါက်ပွားရာနေရာများမှာ ရေကြည်ရေသန့်ရှိရာ ရေကန်များ၊ ရေအိုင်များ၊ ရေခွက်၊ ရေအိုး၊ ပန်းအိုးများ၊ ချုံနွယ်ပိတ်ပေါင်းများ၊ လေဝင်လေထွက်မရှိသောနေရာနှင့် အလင်းရောင်မရှိသော ချောင်ကျသည့်နေရာများဖြစ်ပါသည်။ ထို့ကြောင့် ယခုကျောင်းဖွင့်ရာသီ၌ ကျောင်းပိတ်ချိန်များအတွင်း ခြင်ကျားကင်းစင်အောင်၊ မခိုအောင်းနိုင်အောင် ဝိုင်းဝန်းတိုက်ဖျက်ကြရမည်ဖြစ်သည်။ မိုးရေလှောင်ကန်များရှိပါကလည်း ပိုးလောက်လန်းများကိုစားနိုင်သော အလှမွေးငါးများမွေးမြူ၍ ကာကွယ်ပေးနိုင်ပါသည်။

ကြိုတင်ကာကွယ်ရေး နည်းလမ်းလေးသွယ်တွင် ဖုံး၊ သွန်၊ လဲ၊ စစ်ဥာဏ်လေးနည်းဖြင့် ဟန်ချက်ညီအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ကြရမည်ဖြစ်သော်လည်း ယခုနှစ်ကျောင်းမဖွင့်မီ ဇွန်လ ၁၇ ရက်နေ့အထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားနှုန်းသည် ယမန်နှစ်ကထက် နှစ်ဆပိုများလာနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အသိပေးထောက်ပြလာသည်ကို တွေ့ရပါသည်။

ယမန်နှစ်က မြန်မာနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၃၈၀၆ ဦးရှိခဲ့ပြီး ၈၉ ဦးသေဆုံးခဲ့သည်ဟု သိရပါသည်။ ယခုနှစ်၌ သွေးလွန်တုပ်ကွေးရာသီ အစကာလတွင်ပင် ၈၄၇၅ ဦး ရောဂါဖြစ်ပွားခဲ့ပြီး ၃၇ ဦး သေဆုံးခဲ့သဖြင့် ယခုနှစ်မှာ ယမန်နှစ်ထက်ပိုများနိုင်သည်ဟု ခန့်မှန်းထားနိုင်ပေသည်။

ထို့ကြောင့် အနာဂတ် မျိုးဆက်သစ်ရင်သွေးငယ်များ မထိခိုက်မဆုံးရှုံးရစေရန် အခြေခံပညာကျောင်းဝန်းကျင်အနှံ့တွင် ခြင်ကျား ခေါ် ခြင်ပုန်း အန္တရာယ်ကင်းဝေးအောင် မိဘ၊ ဆရာ၊ တာဝန်ရှိသူအားသုံးအားဖြင့် စီမံချက်ချကာ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

စာသင်ခန်းများတွင် အလင်းရောင်ကောင်းစွာရရှိအောင် ဆောင်ရွက်ခြင်း၊ စာသင်ခုံအောက် မှောင်ရိပ်ကျသည့်နေရာများရှိ ကလေးငယ်များ၏ခြေထောက်ဖျားအထိ အကာအကွယ်အဖြစ် ပုဆိုးရှည်၊ ဘောင်းဘီရှည် ဝတ်ဆင်ပေးခြင်း၊ အန္တရာယ်ကို သတိပေးခြင်း၊ အစဉ်သတိရှိစွာဖြင့် ဆရာများ၏ စောင့်ကြည့်ကြီးကြပ်မှုအောက်တွင် အခါမလပ်အမြဲရှိနေသင့်ပါသည်။

မိဘ၊ ဆရာ၊ တာဝန်ရှိသူများ အမြဲလက်တွဲကာ ကလေးငယ်များ ခြင်ကျားအန္တရာယ်မှ ကင်းဝေးစေရန် ကျန်းမာရေးဆိုင်ရာ လုံခြုံရေးအဝန်းအဝိုင်းကို အမြဲဖန်းတီးပေးနိုင်ရပါမည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါ အဖြစ်အများဆုံးနေရာများဖြစ်သော မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အထူးဝါယမစိုက်ကာ ကာကွယ်ပေးသွားကြရမည်ဖြစ်ပါသည်။

ယင်းသို့ဆောင်ရွက်ပေးခြင်းသည် အနာဂတ်မျိုးဆက်သစ်များ ကျန်းမာကြံ့ခိုင်စွာဖြင့် အခြေခံပညာကို စိတ်အေးချမ်းမြေ့စွာသင်ကြားနိုင်ရေးအတွက် အမျိုးသားရေးတာဝန်ကြီးတစ်ရပ်အနေဖြင့် အားလုံးပါဝင်ဆောင်ရွက်ပေးကြရမည်မှာ အရေးကြီးသော လုပ်ငန်းစဉ်ဖြစ်နေသောကြောင့်ပါတည်း။ ။

# လားရှိုးခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်

**လားရှိုး ဇွန် ၂၄**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ဇွန် ၁၇ ရက် မွန်းလွဲ ၁ နာရီက လားရှိုးမြို့ မြို့တော်ခန်းမ၌ ပြည်နယ်ဒုတိယအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများ၊ လားရှိုးမြို့နယ်၊ သိန်းနီမြို့နယ်၊ တန့်ယန်းမြို့နယ်၊ မိုင်းရယ်မြို့နယ်နှင့် ကွမ်းလုံမြို့နယ်တို့မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များနှင့်တွေ့ဆုံပြီး ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းရရှိရေး၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပြည်သူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ လုပ်ငန်းများကို ဦးစားပေးအလိုက် သတ်မှတ်ဆောင်ရွက်ရန်နှင့် ရန်ပုံငွေများကို စနစ်တကျ သုံးစွဲကြရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လားရှိုး၊ သိန်းနီ၊ တန့်ယန်းနှင့်ကွမ်းလုံမြို့နယ်တို့ကို ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်အတွက် တစ်မြို့နယ်လျှင် အလှူငွေကျပ်သိန်း ၁၀၀ စီနှင့် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၆၀၀စီတို့ကို ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းတို့က ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၂၄**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၃၇၅၀၀ | - | ၇၄၀၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၃၇၅၀၀ | - | ၇၄၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၁၀ | ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၂၀ | ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၅၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၁၁၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၄၀. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၇၈. ၈၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၂. ၈၇၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၆. ၀၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၇. ၄၅၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၉၆. ၃၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၀. ၃၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၆၀. ၅၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၂၈. ၂၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**




# မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြော

**ရန်ကုန် ဇွန် ၂၄**

တောင်ဥက္ကလာပမြို့နယ် အထက (၂) သီရိမြန်မာ ခန်းမ၌ မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (MANA) နှင့်မြို့နယ်ပြန်/ဆက် ဦးစီးဌာနတို့ ပူးပေါင်း၍ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပိုစတာ၊ စာအုပ်ပြပွဲနှင့်ဓာတ်ပုံပြပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးခင်မောင်ထွေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစန်းအောင်နှင့် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌဦးကျော်စိုးတို့က မူးယစ်ဆေးဝါးဆိုးကျိုးများ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်ခင်စီ၊ ဒေါက်တာဧကရာဇ်ဟန်နှင့် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးသံတမန် (ရုပ်ရှင်/ဂီတ/သဘင်) ကိုမိုးမင်းတို့က မူးယစ်ဆေးဝါးအန္တရာယ်နှင့်ဆိုးကျိုးအကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောကြသည်။ ထို့နောက် တက်ရောက်လာကြသူများက အသိပညာပေး နံရံကပ်စာစောင်၊ ပိုစတာ၊ စာအုပ်နှင့်ဓာတ်ပုံများကို ကြည့်ရှုလေ့လာခဲ့ကြောင်းသိရသည်။

**ကျော်မြင့်အေး(ပြန်/ဆက်)**

**ဖခင် အမည်မှန်**
ဆားလင်းကြီး အထကမှ နဝမတန်း ဖြေဆိုအောင်မြင်ခဲ့သော မမေဇင်ဦး၏ ဖခင် အမည်မှန်မှာ ဦးမြင့်ရှိန်ဖြစ်ပါကြောင်း။
ဦးမြင့်ရှိန်

**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေးတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ဆေးဘက်ဆိုင်ရာ သင်တန်းသုံးပစ္စည်းများ၊ လျှပ်စစ်သုံးပစ္စည်းများ၊ အရပ်ရပ်သုံးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းနှင့် ဓာတ်ဆေးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ တရားဝင်အသိအမှတ်ပြု လိုင်စင်ရအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။ အသေးစိတ်စာရင်းများကို သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-မန္တလေးရှိ ကြော်ငြာသင်ပုန်း များတွင် ဖတ်ရှုနိုင်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၃၀-၆-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-မန္တလေးတွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၄-၇-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။
၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၂- ၈၁၂၄၀၊ ၀၂-၈၁၂၄၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
တင်ဒါခေါ်ယူရေးအဖွဲ့၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေး

HTOO Car Rental
ခရီး အနီး၊ အဝေး အငှားလိုက်သည်။
အချိန်ပိုင်း၊ လချုပ်ငှားသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
PH: 097305312З
09799990823

**ပြင်ဆင်ဖတ်ရှုပါရန်**
၂၁-၃-၂၀၁၅ရက်နေ့ကြေးမုံ သတင်းစာ၏ စာမျက်နှာကြော်ငြာ(၃၀)ကန့်ကွက်နိုင်ကြောင်းကြော်ငြာဒဂုံအရှေ့မြို့နယ်၊ GPဦးစိုးမိုး၏မြေပုံကူးတွင် GPရသူဦးစိုးမိုး(၁၂/ဗတထ(နိုင်)၀၁၆၆၈၉)အစား(၁၂/ဗဟန(နိုင်)၀၁၆၆၈၉)ဟုဖတ်ရှုပါရန်။

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
ကျောက်တံတားမြို့နယ်၊ ၃၇ လမ်း၊ အမှတ်(၁၈၄/၁၈၆)နှင့် ၃၈ လမ်း၊ အမှတ်(၁၈၇/၁၈၉) တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်-13F²၊ မြေကွက်အမှတ်-III Class 12၊ မြေပိုင်မြေ၊ အမည်ပေါက် Moulvi Abdul Rahman မြေကွက်နှင့်မြေကွက်အမှတ်-III Class 14၊ မြေပိုင်မြေ၊ အမည်ပေါက် Abdul Rahman, Kalimulla မြေကွက်(၂)ကွက်အား Moulvi Abdul Rahman မှ ၁၉၂၇-၁၉၂၈ခုနှစ်တို့တွင် ပိုင်ဆိုင်ခဲ့ပြီး ၎င်းနှင့်ဇနီးတို့သည် ၁၉၄၃ခုနှစ် (ဂျပန်ခေတ်)တွင် ကွယ်လွန်ခဲ့ပြီး သားဖြစ်သူ ဦးအုန်းကြည်(ခ)အဗ္ဗဒူကယွမ်မှ ၁၉၇၇ခုနှစ်တွင် အဆိုပါမြေနှင့်အဆောက်အအုံကို ဟာမစ်ကွန်ရှစ်(ခ)ခူရှီရှိတ် အာမက်[၁၂/ပဇတ(နိုင်)၀၂၈၂၇၀]သို့ ရောင်းချခဲ့ပြီး ကျောက်တံတားမြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ်-၆/၂၀၀၈ ဖြင့် ဟာမစ်ကွန်ရှစ်(ခ)ခူရှီရှိတ်အာမက်မှ မြေနှင့်အိမ် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးရန် (၁) ခါတွန်ဘီ၊ (၂) ဇစ်ယာအူရာမန်(ခ)ဇော်လင်း၊ (၃) အဗ္ဗဒူရာမန်(ခ)လှသိန်း၊ (၄) အဘာဘူရာမန်(ခ)တင်စိုး၊ (၅) အနီဘူရ်ရာမန်(ခ)အုံးမြင့်တို့အပေါ် စွဲဆိုခဲ့ရာ ၂၉-၅-၂၀၀၉ ရက် စာချုပ်ချုပ်ဆိုခွင့်အနိုင်ဒီကရီနှင့် တရားမဇာရီမှုအမှတ်-၁၀/၂၀၀၉၏ ၂၆-၆-၂၀၀၉ရက် အမိန့်တို့ အရ တရားရုံးကိုယ်စား ဘီလစ်ဒေါ်ခင်လှဝင်း[၁၂/ကမတ(နိုင်)၀၃၈၁၂၁]မှ တရားရုံးအမိန့်၊ မြေအမည် ပေါက်စာချုပ်များတင်ပြပြီး အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**အမည် ပြောင်း**
အဖ ဦးရဲခေါင်ကျော်[၁၂/ဥကမ(နိုင်)၁၇၈၆၂၂]၏ သမီးဖြစ်သူ မြောက်ဥက္ကလာ၊ (လူရည်ချွန်)ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-6 မှ မမြတ်ဝတ်ရည်ကျော်အား မပိုပိုဟေသာဟု ပြောင်းလဲခေါ်ဆိုပါရန်။ မပိုပိုဟေသာ

**POST ဂျာထူးဝင်ခွင့်သင်တန်း**
ဒုရဲအုပ်(၂၇.၆.၂၀၁၅) နံနက်၊နေ့လယ်တန်းခွဲများ
ဗိုလ်လောင်းဝင်ခွင့် နေ့စဉ်(၉း၀၀၊၁၂း၀၀)သင်တန်းစပြီ။
၁၆၅၊(ပထပ်) ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ်။ ၀၉၄၂ ၀၁၂၉၃၃၃

**ဆရာဒွေး အင်္ဂလိပ်စာ သဒ္ဒါ**
အရေးသီးသန့် နှင့် Speaking
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ်(ပ/ဒုတွဲ) အမြို့မြို့ဆိုင်တိုင်းတွင်ရပြီ။ (၅)လတက်လျှင် ရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ ၄မှ၈တန်းထိ Guide များအိမ်လိုက်သင်သည်။
ဂူလိုင်လ(၄/၆/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

ပြည်တွင်းရေးရာ

# တန်းဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ဖန်တီးနိုင်ရေး ဆွေးနွေး

နေပြည်တော် ဇွန် ၂၄

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာ အလက်ဇန်းဒါး ဖဲလ်မန်း ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)



ထိုသို့လက်ခံတွေ့ဆုံစဉ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး၊ ပို့ဆောင်ရေး၊ စားသောက်ကုန်ထုတ်လုပ်ရေး စသည့်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်နေမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် အသေးစားစက်မှုလုပ်ငန်းများဖြင့် တန်းဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ဖန်တီးနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးမြတ်ဟိန်း၊ ဦးဇေယျာအောင်၊ ဦးမောင်မြင့်၊ ဦးဝင်းမြင့်၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင် အရာရှိချုပ်နှင့်အတူ AIG ကုမ္ပဏီ၊ Chevron ကုမ္ပဏီ၊ Cocacola ကုမ္ပဏီ၊ GE ကုမ္ပဏီ၊ PWC ကုမ္ပဏီ၊ Archer Daniels Midland, Baker and Mc Kenzie, Baxten Citi, Deloitte, Ford, Intel, Jhpiego, Time Warner, Visa တို့မှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## နိုင်ငံတော်သမ္မတဦးသိန်းစိန် ဆလိုဗေးနီးယားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် ဇွန် ၂၅**

ဇွန် ၂၅ ရက်တွင် ကျရောက်သည့် ဆလိုဗေးနီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ဆလိုဗေးနီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘိုရွတ်ပါဟော်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ဇွန် ၂၅ ရက်တွင် ကျရောက်သည့် ဆလိုဗေးနီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ဆလိုဗေးနီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီရို ဆာအာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်သမ္မတဦးသိန်းစိန် ခရိုအေးရှားနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဇွန် ၂၅**

ဇွန် ၂၅ ရက်တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ခရိုအေးရှားသမ္မတနိုင်ငံ သမ္မတမစ္စ ကိုလင်ဒါဂရာဘာကီတာရိုဗစ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ဇွန် ၂၅ ရက်တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ခရိုအေးရှားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဇိုရမ်မီလန်နိုဗစ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**



## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ တိုးချဲ့ဖွင့်လှစ်

**နေပြည်တော် ဇွန် ၂၄**

နိုင်ငံတော်၏ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုမွေးထုတ်ပေးနိုင်ရန်အတွက် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် ကျောင်းသားကျောင်းသူဦးရေ တိုးမြှင့်ခေါ်ယူမှုနှင့်အတူ ကျောင်းသား ကျောင်းသူများအတွက် အိပ်ဆောင်များ တိုးချဲ့ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီက နေပြည်တော် ရေဆင်းရှိ အဆိုပါတက္ကသိုလ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဒုတိယဝန်ကြီး ဒေါ်တာအောင်မြတ်ဦးနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ဆောက်လုပ်ရေးကုမ္ပဏီများမှ အိပ်ဆောင် သုံးဆောင်လွှဲပြောင်းခြင်းနှင့် ၎င်းအိပ်ဆောင်များအနက် "ဟန်လင်း" နှင့် "ဇီဝက" အမျိုးသားအိပ်ဆောင် နှစ်ဆောင်ကိုလည်းကောင်း၊ "ဂန္ဓမာ" အမျိုးသမီးအိပ်ဆောင်ကိုလည်းကောင်း စည်ကားသိုက်မြိုက်စွာဖြင့် ဖွင့်လှစ်ခဲ့ကြသည်။

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်သည် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစတင်ပြီး ကျောင်းသား ကျောင်းသူဦးရေ တိုးမြှင့်ခေါ်ယူခြင်းနှင့် ပညာသင်ကာလကို ငါးနှစ်မှ ခြောက်နှစ်သို့ ပြင်ဆင်သတ်မှတ်ခြင်းတို့ကြောင့် ကျောင်းသားဦးရေမှာ မူလက ၉၀၀ ခန့်ရှိခဲ့ရာမှ ယခုအခါ ၁၅၀၀ ခန့်အထိ များပြားလာခဲ့သဖြင့် ကျောင်းသား ကျောင်းသူများ၏ နေထိုင်စားသောက်မှု အဆင်ပြေချောမွေ့စေရန်နှင့် ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျောင်းသား ကျောင်းသူ ၂၀၀ ဆံ့ RC နှစ်ထပ် အိပ်ဆောင် သုံးဆောင်အား နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ကိုးကန့်ဒေသခံပြည်သူများအား ကူညီပံ့ပိုးပေးမှု အခြေအနေများ ဆွေးနွေး

**နေပြည်တော် ဇွန် ၂၄**

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေး အုပ်ချုပ်မှုအထောက်အကူပြုကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးမှူး Ms. Renata Dessallien ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသော ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းနှင့် ဒုတိယဝန်ကြီး ဦးဝင်းမြင့်တို့လည်း တက်ရောက်ခဲ့ကြပြီး ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များ၊ လောက်ကိုင်ဒေသ၏ လက်ရှိလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအခြေအနေများနှင့် မိမိတို့ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လာသော ကိုးကန့်ဒေသခံပြည်သူများအား နိုင်ငံတော်အစိုးရမှ ကူညီပံ့ပိုးပေးမှု အခြေအနေများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရှင်ဗွေယန်မြို့၌ အခြေခံမဲဆန္ဒရှင်များစာရင်းကြေညာ

**ရှင်ဗွေယန် ဇွန် ၂၄**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ရှင်ဗွေယန်မြို့၌ ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန် နိုဝင်ဘာလဆန်းတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် အသက်(၁၈)နှစ်ပြည့်ပြီးသူတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် မဲပေးပိုင်ခွင့်ရှိသူ အခြေခံမဲဆန္ဒရှင်များစာရင်းကို ဇွန် ၂၂ ရက် နံနက် ၈ နာရီမှစတင်၍ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် စတင်ကြေညာထားပြီးဖြစ်ကြောင်း သိရသည်။



**၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်များစာရင်းကို ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်း မြို့နယ်အချို့၌ ဇွန် ၂၂ ရက်ကစတင်ကြေညာပြီဖြစ်ရာ ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်မှ မဲဆန္ဒရှင်များလာရောက်ကြည့်ရှုနိုင်ရန် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြအောင်ဦးဆောင်သော အဖွဲ့ဝင်များက လွှံဆော်ရေး ကြော်ငြာဘုတ်များကို လိုက်လံချိတ်ဆွဲစဉ်။** တင်ဝင်းလေး(ကြည့်မြင်တိုင်)

အဆိုပါ အခြေခံမဲဆန္ဒရှင်များစာရင်းကိုမြို့ပေါ်(၄)ရပ်ကွက်၊ ကျေးရွာအုပ်စု(၂)အုပ်စု၊ ကျေးရွာ ခြောက်ရွာရှိ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပြည်သူလူထုအနေဖြင့် မိမိအမည်မပါရှိပါက ပုံစံ(၃)ဖြင့် လျှောက်ထားရန်၊ အချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က)ဖြင့် လျှောက်ထားရန်၊ မဲစာရင်းတွင် မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်နိုင်ရန် သတ်မှတ်ပုံစံများဖြင့် ဖြည့်စွက်ပြင်ဆင်နိုင်ရေးတို့အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မဲဆန္ဒရှင်စာရင်းကြေညာထားရှိမှုကို ဇူလိုင် ၅ ရက်နေ့ထိ ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သင်းသင်း(iprd)**

# တရုတ်တွင် နှစ် ၄၀ ကျော် သက်တမ်းရှိ မှောင်ခိုအသားများ ဖမ်းဆီးမိ

**ရှန်ဟိုင်း ဇွန် ၂၄**

တရုတ်အကောက်ခွန်က ယွမ် ၃ ဘီလီယံခန့် (အမေရိကန်ဒေါ်လာ ၄၈၃ သန်း)တန်ဖိုးရှိ မှောင်ခိုအသားများ ဖမ်းဆီးရမိခဲ့ကြောင်း၊ အချို့အသားများမှာ နှစ်ပေါင်း ၄၀ ကျော် သက်တမ်းရှိပြီး ပုပ်သိုးဆွေးမြေ့နေကြောင်း တရုတ်နေ့စဉ် သတင်းစာက ဇွန် ၂၄ ရက်တွင် ရေးသားဖော်ပြသည်။

တရုတ်နိုင်ငံသည် ၂၀၀၈ ခုနှစ်တွင် မယ်လမင်းပါသော နို့မှုန့်သောက်သုံးခဲ့မှုကြောင့် ကလေးငယ် ခြောက်ဦးထက်မနည်း သေဆုံးခဲ့မှုအပါအဝင် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းမှု အရှုပ်တော်ပုံများ ပေါ်ပေါက်ခဲ့သည့်အတွက် ပြီးခဲ့သည့်ဧပြီလက အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ ဥပဒေများကို တင်းကြပ်ခဲ့သည်။ တရုတ်အာဏာပိုင်များက အမဲသားများနှင့် ရေခဲရိုက်အသားများ မှောင်ခိုကူးမှုကို စတင်ဖြိုခွင်းခဲ့သည်။ ပြီးခဲ့သည့်ဇွန်လက ကြက်တောင်ပံ၊ အမဲသားနှင့် ဝက်သားအပါအဝင် တန်ချိန် ၁၀၀၀၀၀ ထက်မနည်း တရားမဝင် အသားမှောင်ခိုကူးသော ရာဇဝတ်ဂိုဏ်း ၂၁ ဂိုဏ်းကို ဖြိုခွင်းခဲ့ကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနတွင် ရေးသားဖော်ပြခဲ့သည်။

အကောက်ခွန် တာဝန်ရှိသူများက ဖမ်းဆီးရမိခဲ့သော အသားအချို့မှာ နှစ်ပေါင်း ၄၀ သက်တမ်းရှိပြီး အနံ့ဆိုးများထွက်ကာ ပုပ်သိုးဆွေးမြေ့နေကြောင်း အဆိုပါသတင်းစာသို့ ပြောကြားသည်။ ယင်းဖမ်းဆီးရမိခဲ့သော အသားများကို ထပ်တလဲလဲအရည်ဖျော်ပြီး တာရှည်ခံအောင် ရေခဲရိုက်ထားသည်ကို တွေ့ရသည်။ ယင်းတို့ကို ဖျက်ဆီးပစ်ခြင်း ရှိ၊ မရှိ ရှင်းရှင်းလင်းလင်း မသိရသေးပေ။ တရုတ်နိုင်ငံ၏ အသားတင်သွင်းမှုအဟန့်အတားများကို ရှောင်လွှဲနိုင်ရန်အတွက် ဘရာဇီးနှင့် အိန္ဒိယနိုင်ငံများမှ တန်ချိန်ထောင်ပေါင်းများစွာသော အမဲသားများကို အိမ်နီးချင်းနိုင်ငံများဖြစ်သော ဟောင်ကောင်နှင့် ဗီယက်နမ်နိုင်ငံများမှတစ်ဆင့် တရုတ်နိုင်ငံသို့ မှောင်ခိုကူးခြင်းဖြစ်ကြောင်း သိရသည်။



မှောင်ခိုသမားများသည် ကုန်ကျစရိတ်သက်သာစေရန် အသားများ သယ်ဆောင်ရာတွင် အအေးခန်းပါသည့်ယာဉ်များကို အသုံးမပြုဘဲ သာမန်ယာဉ်များကို ငှားရမ်းအသုံးပြုသည့်အတွက် အသားများမှာ စားသုံးသူများ လက်ဝယ်မရောက်ရှိမီ ပုပ်သိုးဆွေးမြေ့ရခြင်းဖြစ်ကြောင်း မှောင်ခိုကူးမှုတိုက်ဖျက်ရေးတာဝန်ရှိသူတစ်ဦးက အဆိုပါသတင်းစာသို့ ပြောကြားသည်။

**ရိုက်တာ။**

# ပြင်သစ်ခေါင်းဆောင်များအား သူလျှိုပြုလုပ်ခဲ့သည်ဆိုမှု အမေရိကန် သံအမတ်ကြီးအား ဆင့်ခေါ်ကာ ကန့်ကွက်

**ပါရီ ဇွန် ၂၄**

ပြင်သစ်နိုင်ငံ၏ ခေါင်းဆောင်များအား အမေရိကန်အစိုးရက သူလျှိုပြုလုပ်ခဲ့သည်ဆိုသော စွပ်စွဲချက်များနှင့်ပတ်သက်၍ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနက အမေရိကန်သံအမတ်ကြီးအား ဆင့်ခေါ်ကာ ကန့်ကွက်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဇွန် ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ပြင်သစ်နိုင်ငံ၏ သမ္မတအဆက်ဆက်ကို အမေရိကန်က သူလျှိုပြုလုပ်ခဲ့သည်ဆိုသော စွပ်စွဲချက်များနှင့်ပတ်သက်၍ သမ္မတ ဖရန်ဆွာဟော်လန်းက လက်ခံနိုင်မည်မဟုတ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပွင့်လင်းမြင်သာမှုရှိရေးဘက်မှ လှုံ့ဆော်သော ဝီကီလိခ်အုပ်စုက ဖွင့်ဟကြေညာရာတွင် အမေရိကန်နိုင်ငံက ပြင်သစ်သမ္မတ အဆက်ဆက်ကို သူလျှိုပြုလုပ်ခဲ့သည်ဟု ဖော်ပြထားသည်။

အမေရိကန်အမျိုးသားလုံခြုံရေးအေဂျင်စီ (အင်န်အက်စ်အေ)က ဂျာမနီနိုင်ငံကို သူလျှိုပြုလုပ်ခဲ့ကြောင်း၊ ဂျာမနီနိုင်ငံရှိ ဘီအင်န်ဒီ ထောက်လှမ်းရေးအေဂျင်စီကလည်း အင်န်အက်စ်အေနှင့် ပူးပေါင်းကာ ဥရောပနိုင်ငံများရှိ အစိုးရအဖွဲ့ခေါင်းဆောင်များနှင့် ကုမ္ပဏီများအား သူလျှိုပြုလုပ်ခဲ့ကြောင်း ယခင်က သတင်းများပေါ်ထွက်ခဲ့ပြီး သူလျှိုလုပ်မှု အရှုပ်တော်ပုံသစ် ထပ်မံပေါ်ထွက်လာခြင်း ဖြစ်သည်။

ပြင်သစ်နိုင်ငံ၌ နောက်ဆုံးအာဏာရရှိခဲ့သော သမ္မတ သုံးဆက်စလုံးတွင် အမေရိကန်အမျိုးသားလုံခြုံရေးအေဂျင်စီက သူလျှိုပြုလုပ်ခဲ့သည်ဟု ဝီကီလိခ်အုပ်စုက ဖွင့်ဟကြေညာခဲ့သည်။ ယင်းသည် စီးပွားရေးအရ အကျိုးအမြတ်မယူဘဲ သတင်းမှန်ဖော်ထုတ်ပေးရန် ရည်ရွယ်သော နိုင်ငံတကာအုပ်စုတစ်စုဖြစ်ပြီး အင်တာနက်တွင် ဝက်ဘ်ဆိုက်တင်ထားသည်။ **ရိုက်တာ။**



ပြင်သစ်နိုင်ငံ၏ နောက်ဆုံးအာဏာရရှိခဲ့သော သမ္မတများ။

# ကမ္ဘာ့အရှားပါးဆုံး နယူးဇီလန်ပင်လယ်ဖျံများ မျိုးသုဉ်းပျောက်ကွယ်တော့မည့် စာရင်းတွင် ပါဝင်လာ

**ဝယ်လင်တန် ဇွန် ၂၄**

ကမ္ဘာ့အရှားပါးဆုံးသော ပင်လယ်ဖျံများအနက် တစ်မျိုးဖြစ်သည့် နယူးဇီလန်ပင်လယ်ဖျံများမှာ မျိုးသုဉ်းပျောက်ကွယ်တော့မည်ဖြစ်ပြီး မျိုးသုဉ်းမှုကို ကြိုတင်တားဆီးရန် အစိုးရ၏ဆောင်ရွက်မှုလိုအပ်ကြောင်း သိပ္ပံပညာရှင်များက ဇွန် ၂၄ ရက်တွင် ပြောကြားသည်။

မက်ဆေးတက္ကသိုလ်မှ ပင်လယ်နို့တိုက်သတ္တဝါများဆိုင်ရာကျွမ်းကျင်သူ ဒေါက်တာ လူအီစီချီးဗားစ်က မျိုးသုဉ်းပျောက်ကွယ်တော့မည့် နယူးဇီလန်ပင်လယ်ဖျံများ၏အခြေအနေကို အပြည်ပြည်ဆိုင်ရာ ထိန်းသိမ်းရေးအစီရင်ခံစာတွေ့ရှိချက်တွင် ပါဝင်အကြံပြုခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမဂ္ဂ(IUCN)၏အဆိုအရ ယင်းအဖွဲ့က အပင်နှင့်သတ္တဝါမျိုးစိတ်များ ထိန်းသိမ်းမှုအခြေအနေကို အသေးစိတ်ဖော်ပြသောစာရင်း IUCN Red List အား ခေတ်နှင့်အညီမွမ်းမံသောအခါ အဆိုပါပင်လယ်ဖျံမျိုးစိတ်များမှာ မျိုးသုဉ်းပျောက်ကွယ်တော့မည့်စာရင်းတွင် ပါဝင်လာခြင်းဖြစ်သည်။ အဆိုပါစာရင်းက ပင်လယ်ဖျံများ လျော့နည်းလာမှုကို ရပ်တန့်ရန်အတွက် အစိုးရ၏ ဆောင်ရွက်ချက်ကို အားပေးစေမည်ဟု ၎င်းက မျှော်လင့်ကြောင်း ပြောကြားသည်။

“လွန်ခဲ့တဲ့ ၁၅ နှစ်အတွင်း နယူးဇီလန် ပင်လယ်ဖျံကောင်ရေ ၅၀ ရာခိုင်နှုန်း လျော့နည်းလာခဲ့ပါတယ်။ ဒီနှုန်းအတိုင်းသာ ဆက်လက်လျော့နည်းနေမယ်ဆိုရင် ကျွန်မတို့ အသက်ရှင်နေတဲ့ သက်တမ်းအတွင်းမှာပဲ နယူးဇီလန်ပင်လယ်ဖျံတွေ မျိုးသုဉ်းပျောက်ကွယ်သွားမှာပါ” ဟု ၎င်းက ဆက်လက်ပြောကြားသည်။ သားရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဦးစီးဌာနက နယူးဇီလန်ပင်လယ်ဖျံကောင်ရေ ၁၀၀၀၀ နီးပါးရှိသော နယူးဇီလန်နိုင်ငံမှာ အန္တာတိတ်ကျွန်းစုများဒေသ၌ ပင်လယ်ဖျံကောင်ရေ အများဆုံးရှိသည့်နိုင်ငံဟု ဆိုသည်။ နယူးဇီလန်အစိုးရမှာ ယင်း၏ထူးခြားသောပင်လယ်နို့တိုက်သတ္တဝါများ ပိုမိုကာကွယ်စောင့်ရှောက်ရန်အတွက် ဖိအားပေးခံရလျက် ရှိသည်။

**ဆင်ဟွာ။**

# တိုယိုတာ ရုံးချုပ်ကို ရဲတပ်ဖွဲ့ဝင်စီး

**တိုကျို ဇွန် ၂၄**

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ တိုယိုတာရုံးနှင့် တိုယိုတာစီးတီးရှိ တိုယိုတာမော်တော်ကားရုံးချုပ်ကို ရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံသူ ထိပ်တန်းအမှုဆောင် ဂျူလီဟန့်ကို ဂျပန်နိုင်ငံအတွင်းသို့ တားမြစ်ထားသော ဆေးဝါးများ တင်သွင်းလာခဲ့သည်ဟု သံသယရှိသည့်အတွက် ဖမ်းဆီးပြီးနောက် ယခုကဲ့သို့ စီးနင်းခြင်းဖြစ်သည်။

ဂျူလီဟန့်သည် အသစ်ခန့်အပ်လိုက်သော ပြည်သူ့ဆက်ဆံရေးဌာန၏ အကြီးအကဲဖြစ်ပြီး တိုယိုတာသမိုင်းတွင် အမျိုးသမီးတစ်ဦးကို အမှုဆောင်တစ်ဦးအဖြစ် ရာထူးအကြီးဆုံးခန့်အပ်ခြင်းဖြစ်သည်။

သူသည် ဥပဒေကို ချိုးဖောက်ရန် ရည်ရွယ်ချက်ရှိသည်ဟု မထင်မြင်ကြောင်း တိုယိုတာဥက္ကဋ္ဌ အကီအိုတိုယိုဒါက လွန်ခဲ့သည့်ရက်သတ္တပတ်တွင် ပြောခဲ့သည်။

၎င်းကို ဖမ်းဆီးပြီးနောက် ယင်းသို့ ဝင်ရောက်စီးနင်းခြင်းသည် မည်သည့်အရာကို ရှာဖွေခြင်းဖြစ်သည်ကို ရှင်းရှင်းလင်းလင်းမသိပေ။

ဂျပန်နိုင်ငံအတွင်းသို့ နာကျင်မှု သက်သာပျောက်ကင်းစေသော ဆေး “အိုစီကိုဒုန်း” သွင်းယူခဲ့သည်ဟု သံသယရှိသဖြင့် ဂျူလီဟန့်ကို ဇွန် ၁၈ ရက်တွင် ဖမ်းဆီးခဲ့သည်။ ယင်းဆေးဝါးများကို ဂျပန်နိုင်ငံတွင် တင်းကြပ်စွာတားမြစ်ထားသည်။

ယင်းဆေးများကို ပါဆယ်ဖြင့် ၎င်းကိုယ်တိုင် စာတိုက်မှ ပေးပို့ခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောသည်။

၎င်းက သူ၏ ဒူးခေါင်းနာကျင်ကိုက်ခဲမှုကို သက်သာစေရန်အတွက် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ကို ပြောကြားခဲ့သည်ဟု ကျိုဒိုသတင်းဌာနက ဖော်ပြခဲ့သည်။

**ရိုက်တာ။**



**ပြည်တွင်းရေးရာ**

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

## သင်ရရှိသည့်အခွင့်အရေးကို လက်လွှတ်မခံပါနှင့် မဲပေးနိုင်ရန် မဲစာရင်းကြေညာသည့်အခါ သွားရောက်ကြည့်ရှုပါ။

## မျက်စိအခမဲ့ခွဲစိတ်ကုသခြင်းနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော်  ဇွန်  ၂၄**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် မျက်စိအခမဲ့ခွဲစိတ်ကုသခြင်းနှင့် အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်ခင်မာထွန်းက မျက်စိခွဲစိတ်လှူဒါန်းရခြင်း အကြောင်းအရင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်းမိသားစုတို့၏ မျက်စိအခမဲ့ခွဲစိတ်ကုသခြင်းလုပ်ငန်းအတွက် လှူဒါန်းငွေများအား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်ကျင်ခိုင်က ပေးအပ်လှူဒါန်းရာ နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်သန်းသန်းမြင့်က လက်ခံသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် ဒေါ်နန်းရွှေမူန်နှင့် ဒေါ်ခင်အေးမြင့်တို့က အခမဲ့ခွဲစိတ်ကုသခြင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပြီး နေပြည်တော်ခုတင် (၁၀၀၀)ဆေးရုံကြီး ဆေးပဒေသာပင်စိုက်ထူမည့် အလှူငွေများနှင့် မျက်စိခွဲစိတ်ပေးသည့် မျက်စိဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကများ၊ နာယကများနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အဖွဲ့ဝင်များက ခွဲစိတ်ပြီး မျက်စိဝေဒနာရှင်များအား နေကာမျက်မှန်များ၊ အလှူငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

အဆိုပါမျက်စိအခမဲ့ခွဲစိတ်ကုသခြင်းကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ မျက်စိဝေဒနာရှင် ၁၃၅ ဦးကို အခမဲ့ခွဲစိတ်ကုသပေးခြင်းဖြစ်သည်။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် နေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ မျက်စိဝေဒနာရှင် ၁၅၅၅ ဦးကို ငွေကျပ် ၃၁၄ သိန်း အကုန်ကျခံ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**




◆ **ရွှေဖုံးမှ**

အရှည်လက်လံရာကျော်ရှိကြောင်း၊ ငါးဖမ်းစက်လှေတစ်စင်းတွင် ပိုက်အထည် ၃၀၊ ၄၀ အသုံးပြုလှေ့ရှိကြောင်း၊ ရေအနက်ရှိသရွေ့ ပိုက်ကို မြှုပ်ချရကြောင်း၊ ရေအောက်ကြမ်းပြင်ကို တိုက်ဆွဲမှသာ ငါးများဖမ်းယူရရှိနိုင်ကြောင်း ပြောပြသည်။

ငါးပုတ်သင်ငါးသည် နိုင်ငံတကာဈေးကွက်ဝင်လာသော်လည်း မြန်မာ့ပင်လယ်ပြင်က ငါးသလောက်-လောက်ငါးမျိုးပွားနှုန်း မကောင်းသဖြင့် ငါးပုတ်သင်ငါးမျိုးမသုဉ်းရန် ရေလုပ်သားတို့သည် ငါးရစ်ထချိန်ဥတွယ်ထားသော ငါးပုတ်သင်ငါးများကို ဖမ်းဆီးခြင်းမပြုကြောင်း လေ့လာသိရှိရသည်။

ယခုအခါ ငါးပုတ်သင်ငါးကို နိုင်ငံတကာဈေးကွက်သို့ အဆင့်မြင့်နည်းပညာများဖြင့် ထုပ်ပိုးတင်ပို့နေသကဲ့သို့ ငါးပုတ်သင်ငါးစည်ဖောင်းသည် နိုင်ငံတကာဟိုတယ်ကြီးများတွင် အထူးဈေးဖြင့် ရောင်းနေရသည့် "ဟင်းချို" အဖြစ် အသုံးပြုနေကြပြီဖြစ်သည်။

ငါးပုတ်သင် ငါးစည်ဖောင်းကို ဂျပန်၊ တရုတ်ဈေးကွက်များသို့ တစ်ပိဿာ ငွေကျပ် တစ်သိန်းကျော်ဖြင့် ရောင်းချလျက်ရှိရာ ရောင်းလိုအားထက် ဝယ်လိုအားမြင့်မားလျက်ရှိကြောင်း ဖျာပုံမြို့ ဒေသခံ ငါးစည်ဖောင်းကုန်သည်များထံမှ သိရသည်။

မြန်မာ့ပင်လယ်ပြင်သည် ရေသယံဇာတပေါကြွယ်ဝမှုတို့ကြောင့် မြန်မာတို့အတွက် တန်ဖိုးဖြတ်၍ ရရှိနိုင်မည် မဟုတ်ပေ။ မျိုးရိုးစဉ်ဆက်အကျိုးများ တိုးပွားနေမည်ဖြစ်၍ မြန်မာ့ပင်လယ်ပြင်ကို ချစ်ခင်မြတ်နိုးတန်ဖိုးထားရှိရန် လိုအပ်ပေသည်။

**အောင်ဝင်း(ဖျာပုံ)**



## ဘိုးဘွားသက်ရှည်ထောက်ပံ့ပေးအပ်လှူဒါန်း

**ထီးချိုင့်  ဇွန်  ၂၄**

ကသာခရိုင် ထီးချိုင့်မြို့နယ် အမှတ်(၂)ရပ်ကွက်၌ နေထိုင်လျက်ရှိသော အဘွားဒေါ်ရင် အသက်(၁၀၈)နှစ်အား နိုင်ငံတော်သမ္မတကြီး၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ထောက်ပံ့ငွေကျပ် နှစ်သိန်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးတင်ဝင်းက ဇွန် ၂၂ ရက်တွင် အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ကန်တော့ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပူးပေါင်းဆောင်ရွက်မှုများ ဆွေးနွေး

**နေပြည်တော်  ဇွန်  ၂၄**

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အရှေ့တောင်အာရှဒေသဆိုင်ရာ ဒေသတွင်းညှိနှိုင်းရေးမှူး မစ္စတာ ဂျိမ်းစ်လင့်ခ်သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ယနေ့ ညနေ ၃ နာရီက နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့အကြား ပူးပေါင်းဆောင်ရွက်မှုကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

## အမ်းမြို့နယ်၌ အခြေခံမဲဆန္ဒရှင်စာရင်းအား ပြည်သူများ လာရောက်ကြည့်ရှု

**အမ်း  ဇွန်  ၂၄**

ကျောက်ဖြူခရိုင် အမ်းမြို့နယ်တွင် အခြေခံမဲဆန္ဒရှင်စာရင်းကို ဇွန် ၂၂ ရက်က စတင်၍ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မဲရုံများ၌ ကြော်ငြာဘုတ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ သက်ဆိုင်ရာနယ်မြေအလိုက် ပြည်သူများက မိမိတို့၏အမည်စာရင်းများအား လာရောက်ကြည့်ရှုကြပြီး အဆိုပါ အခြေခံမဲဆန္ဒရှင်စာရင်းကို ဇွန် ၂၂ ရက်မှ ဇူလိုင် ၅ ရက်အထိ နှစ်ပတ်ကြာ ကြော်ငြာဘုတ်တွင် ကပ်ထားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### အစည်းအဝေးဖိတ်ကြားခြင်း

(၂၀၁၄-၂၀၁၅)ခုနှစ်၊ ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းနှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးအား (၂၇-၆-၂၀၁၅) (စနေနေ့) နံနက် (၈) နာရီအချိန်တွင် ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ အသင်းသူ / အသင်းသားများ အစည်းအဝေးသို့ တက်ရောက်ပေးနိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့် ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။**

# ပျက်အစဉ်ပြင်ခဏ

ဇာတိမာန်

ကျွန်တော် ကိုးတန်းကျောင်းသားဘဝက မြန်မာစာဆရာသည် သူ၏ ပညာဗဟုသုတနှင့် စာပေစုံကျွမ်းကျင်မှုတို့ဖြင့် ကဗျာများကို ဂုဏ်၊ ရသ၊ အလင်္ကာ တစ်စစီခွဲခြား၍ ဘဝရှင်းအောင် သင်ပြပေးခဲ့သည်။ ဆရာကား ကွယ်လွန်လေပြီ။ စွဲငြိအောင် အသင်အပြကောင်းသည့် ထိုဆရာကြောင့် လောကအလယ်တွင် ဇွဲသတ္တိများ၊ စာပေနှံ့စပ်မှုများဖြင့် တန်ဆာဆင်ပေးခံခဲ့ရသော ကျွန်တော်သည်လည်း လူလားမြောက်ခဲ့လေပြီ။ ဆရာသည် ရူပကအလင်္ကာနှင့်ပတ်သက်၍ ဤသို့ သင်ပြပေးဖူးသည်။ "ဘဝဇာတ်ခုံ ဟူသောစကားကို လူတို့သုံးနေကြသည်။ လူ့ဘဝသည် ရသမျိုးစုံကခုန်နေရသော ဇာတ်ခုံနှင့်တူသည်။ ထို့ကြောင့် ဘဝနှင့်ဇာတ်ခုံကို အတူပြုကာ ဘဝဇာတ်ခုံဟု ခေါ်လိုက်ကြလေသည်။ ဤအခေါ်မျိုးကို ရူပကအလင်္ကာဟုခေါ်သည်။ သို့ရာတွင် ရေလိုအေး၍ ပန်းလိုမွှေးပါစေဟူသော စကားရပ်မျိုးတွင်မူ ခိုင်းနှိုင်းရေးဖွဲ့ထားခြင်းဖြစ်သောကြောင့် ဥပမာအလင်္ကာ မည်သောဟူ၏။" ဤစာစုတို့ကို ပြန်လည်သတိရရင်း လွှတ်တော်ဇာတ်ခုံဟု သုံးလျှင် ရူပကအလင်္ကာမြောက်မည်လား၊ ဘာအလင်္ကာမြောက်သလဲဟု ဆရာကို မေးခွင့်မရတော့ပြီ။

ဤမေးခွန်း ပေါ်ပေါက်လာရခြင်းအစကို အဆွေစာရှုသူများသို့ ရှင်းပြလိုပါသည်။ ၁၇-၆-၂၀၁၅ ရက်တွင် ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေးအစီအစဉ်၌ ရွှေပြည်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးက ကြယ်ပွင့်ပြမေးခွန်းတစ်ရပ်ကို မေးမြန်းလေသည်။ အတိုချုပ်ဖော်ပြပါမည်။ "နယက လက်ထက်က ပြဋ္ဌာန်းခဲ့သော ဥပဒေ ၇ ခု [ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၇(ခ)၊ ၁၇(ဃ)၊ နေပြည်တော်ကောင်စီဥပဒေ ပုဒ်မ ၆(ခ)၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေ ပုဒ်မ ၂၉(ခ)၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေ ပုဒ်မ ၁၁၊ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ ပုဒ်မ ၇(ခ)၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၇(ခ)၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ ပုဒ်မ ၇(ခ)]တို့ပါ ယင်းပြဋ္ဌာန်းချက်တို့နှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီတို့ကို မေးလိုကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၄၊ ပုဒ်မ ၂၃၂(ဍ)၊ ပုဒ်မ ၂၈၅(ဆ)၊ ပုဒ်မ ၃၀၀(က)၊ ပုဒ်မ ၃၃၃(င)၊ ပုဒ်မ ၂၃၇(ဇ)၊ ပုဒ်မ ၂၄၂(ဆ)၊ ပုဒ်မ ၂၄၆(ခ)(၆)တို့အရ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့သည် ယင်းတို့၏ ရာထူးသက်တမ်းအတွင်း ပါတီလုပ်ငန်းများ ဆောင်ရွက်ခွင့်မပြုရဟု ပြဋ္ဌာန်းထားကြောင်း၊ အနာဂတ်ရွေးကောက်ပွဲများအတွက် အရေးကြီးသောကိစ္စဖြစ်ကြောင်း၊ သို့သော်လည်း သက်ဆိုင်ရာဥပဒေများ (နယက ဥပဒေ ၇ ခု)တွင် ဆောင်ရွက်ခွင့်ပြုထားခြင်းတို့သည် အခြေခံဥပဒေနှင့် ကိုက်ညီမှု ရှိ၊ မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုကြောင်း။"ဟူ၍ ဖြစ်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၆ တွင် "---နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ကြားနာဆုံးဖြတ်ခြင်းနှင့် ဤဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းသည့် အခြားတာဝန်များ ဆောင်ရွက်ခြင်းတို့ကိုပြုနိုင်ရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတစ်ရုံးကို ဖွဲ့စည်းရမည်"ဟု ပြဋ္ဌာန်းထားသည်ကို အခြေခံမူအဖြစ် တွေ့ရသည်။ ထို့ပြင် ပုဒ်မ ၂၉၃ ၌ "နိုင်ငံတော်၏ တရားစီရင်ရေးဆိုင်ရာရုံးများကို အောက်ပါအတိုင်း ဖွဲ့စည်းသည်-

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများနှင့် ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများ၊

(ခ) စစ်ဘက်ဆိုင်ရာ တရားရုံးများ၊

(ဂ) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး။"ဟု ပြဋ္ဌာန်းထားသည်။

ဤကဲ့သို့သော အခြေခံဥပဒေဆိုင်ရာ အမြင့်ဆုံးတရားရုံး၏ အကြီးအမှူး တရားသူကြီးသည် ပြည်သူ့လွှတ်တော် အခမ်းအနားအစီအစဉ်သို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဖိတ်ကြားမှုအရတက်ရောက်ပြီး ဖြေကြားမှုကား စိတ်ဝင်စားဖို့ကောင်းသည်။ ဖြေကြားချက်အကျဉ်းချုပ်မှာ "ဦးတင်မောင်ဦးဟာ အထက်ကဆိုခဲ့တဲ့ နယက က ပြဋ္ဌာန်းထားခဲ့တဲ့ ဥပဒေ ၇ ခုမှာပါတဲ့ ဆိုခဲ့တဲ့ ပြဋ္ဌာန်းချက်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်ခြင်း ရှိ၊ မရှိ မေးမြန်းသည်ဟု နားလည်မိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂(ခ) ပြဋ္ဌာန်းချက်အရ ခုံရုံးသည် လွှတ်တော်အသီးသီးနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့ရဲ့ ပြဋ္ဌာန်းတဲ့ ဥပဒေများကိုသာ စိစစ်ခွင့်ရှိကြောင်း၊ ဒီဥပဒေ ၇ ခုသည် နယကက ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေများဖြစ်လို့ တစ်နည်းအားဖြင့် **ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာသက်ရောက်ခြင်းမရှိမီက အတည်ပြုပြဋ္ဌာန်းခဲ့သော ဥပဒေများဖြစ်လို့ ခုံရုံးအနေဖြင့် စိစစ်ခွင့်မရှိကြောင်း။"**ဟူ၍ ရဲဝံ့စွာဖြေကြားသည်ကို တွေ့လိုက်ရတော့သည်။ အံ့ဖွယ်သူရဲ ဖြေကြားချက်ဖြစ်ကြောင်း အောက်တစ်နေရာတွင် ရှင်းပြပါမည်။

ဦးတင်မောင်ဦးက ဆက်လက်ပြီး (တစ်)ကျွန်တော်မေးသွားတဲ့ ဥပဒေ ၇ ခုရဲ့ အဓိပ္ပာယ်ဖွင့်ဆိုပေးဖို့ရယ်၊ (နှစ်) ဒီလိုဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်နေတယ်လို့ ယူဆရတဲ့ အမိန့်များ(ဥပဒေများကို ဆိုလိုခြင်းဖြစ်သည်) ကို ဘယ်လိုစဉ်းစားဆောင်ရွက်ဖို့ အစီအစဉ်ရှိသလဲလို့ ထပ်မေးပြန်ပါသည်။ ဤမေးခွန်းအပေါ် ခုံရုံးဥက္ကဋ္ဌက "အဓိပ္ပာယ်ဖွင့်ဆိုဖို့ဆိုတာ ပေါ်လာတဲ့ကိစ္စရပ်တစ်ခုချင်းအပေါ်မူတည်ပြီးတော့မှ ယင်းကိစ္စရပ်၊ ယင်းအပြုအမူသည် ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားတဲ့အတိုင်းအတာထဲကို ဝင်၊ မဝင်ဆိုတာကို ကျွန်တော်တို့က ဖြေဆိုခွင့်ရှိမှာဖြစ်ပါတယ်။ ပြောလိုတာကတော့ ပေါ်လာတဲ့ကိစ္စရပ်မရှိသေးဘဲနဲ့ ဘယ်ဟာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီတယ်၊ မညီဘူး ဖြေကြားဖို့က ပါတီလုပ်ငန်းဆိုတဲ့ စကားရပ်ကြီးဟာ အင်မတန်ကျယ်ဝန်းတဲ့အတွက် လောလောဆယ်တော့ ကျွန်တော်တို့က အမှုမရှိဘဲနဲ့ ဖြေလို့မရဘူး။ ပေါ်ပေါက်လာတဲ့ ပြဿနာအပေါ် တင်ပြလို့ရှိရင်တော့ **သတ်မှတ်ချက်များနဲ့ ကိုက်ညီလို့ရှိရင် ကျွန်တော်တို့ဖြေကြားပေးနိုင်ပါလိမ့်မယ်လို့သာ ကျွန်တော် ဖြေကြားလိုပါတယ်**"လို့ ထပ်မံဖြေကြားလိုက်ပါသည်။

ဤတွင် လွှတ်တော်ဥက္ကဋ္ဌကြီးက "ဒါ့ကြောင့် ခုနက လွှတ်တော်ကိုယ်စားလှယ် စမေးကတည်းကိုက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ၊ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် ဥပဒေကြမ်းကော်မတီများကို မေးထားတဲ့ မေးခွန်းဖြစ်တဲ့အတွက် အခု ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားတဲ့ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က သော်လည်းကောင်း၊ ဥပဒေကြမ်းကော်မတီကသော်လည်းကောင်း **ဒုတိယထပ်ဆင့်မေးခွန်း**ကို ဖြေကြားပေးဖို့ ဖြစ်ပါတယ်"ဟု မေးလိုက်တော့သည်။

ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်က "အထက်ပါ နယက ဥပဒေ ၇ ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့ ဆန့်ကျင်နေသည်ကို တွေ့ရှိရတဲ့အတွက် ဆန့်ကျင်နေတဲ့အပိုင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၆ ပြဋ္ဌာန်းချက်နှင့်အညီ ပြင်ဆင်ရန်လိုအပ်ပါတယ်"ဟု လျင်မြန်ချောမွေ့စွာ ဖြေလိုက်ပါသည်။

ကျွန်တော် တကယ့်ဖြစ်စဉ်လေးကို တင်ပြသွားခြင်းဖြစ်သည်။ လောကဇာတ်ခုံလို ရူပကအလင်္ကာတော့ မြောက်၊ မမြောက် မသိပေ။ လွှတ်တော်ကို ဇာတ်ခုံလိုသဘောထား ကပြခဲ့သည့် ကကြိုးကကွက် ဇာတ်ညွှန်းများအဖြစ် ကျွန်တော် ဤသို့နားလည်မိသည်။ ကျွန်တော့်ရဲ့ တင်ပြချက်များသည် အခြေခံဥပဒေ၊ တည်ဆဲဥပဒေတို့နှင့်အညီ ဖြစ်စေရန် လုံးဝအလေးထားပါသည်။

(၁) မေးခွန်းမေးသူ လွှတ်တော်ကိုယ်စားလှယ်သည် ဇာတ်ညွှန်းအရ မေးပုံရသည်။ အခြေခံဥပဒေကို ပိုင်နိုင်စွာလေ့လာထားသူ ဥပဒေပြဋ္ဌာန်းချက်ရှိပြီးဖြစ်သည်ကို တွေ့ပြီးခဲ့လျှင်တော့ မေးမည်မထင်။ ဤနေရာတွင် သူ့၌ စေတနာတစ်ခုရှိပုံရလေသည်။ ရာထူးတာဝန်ထမ်းဆောင်နေသော သမ္မတ၊ ဒုသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအနေဖြင့် ရွေးကောက်ပွဲဝင်လာလျှင် ယှဉ်ပြိုင်ဘက်များအပေါ် ရာထူးအာဏာသုံး၍ မဲဆွယ်စည်းရုံးမည်ဆိုပါက တရားမျှတမှုရှိပါ့မလားဟု စေတနာထားခြင်းဖြစ်နိုင်သည်။

(၂) လွှတ်တော်ကိုယ်စားလှယ်အများစုသည် ဥပဒေပညာရှင်များ မဟုတ်ကြပါ။ သို့သော်လည်း ခေတ်အဆက်ဆက်၌ ပေါ်ပေါက်ခဲ့သော လွှတ်တော်များတွင် သူတို့၏ သတိ၊ သမာဓိ၊ ပညာကို ဥပဒေပြုလုပ်ငန်းစဉ်၌ အသုံးချ၍ ဥပဒေပြုခဲ့ကြပြီးလေပြီ။ မြန်မာစာဖြင့် ပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကိုကား ပိုင်နိုင်စွာနှံ့စပ်ကြမှ တော်လိမ့်မည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ ၌ **"ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မတိုင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်။"** ဟု ပြဋ္ဌာန်းထားသည်ကို ထိုပုဂ္ဂိုလ်သိပုံမရပေ။ ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးသူနှင့် အခြားဇာတ်ဆောင်များ၏ အတိုင်အဖောက် အမေးအဖြေကျောက်ပြုသွားသည်ကို နားထောင်ရာ သူတို့သည်လည်း ဤကိစ္စကို သိ၊ မသိမဆိုနိုင်။ သို့သော် သိသော်လည်း ပွဲကြည့်ပရိသတ် ဇာတ်နာအောင် မြှုပ်ကွက်အဖြစ် ထားခဲ့လေသည်လား။ သူတို့လိုလားသည့် Leading Question အပေါ် ဤပုဒ်မ ၄၄၃ ပြဋ္ဌာန်းချက်က **"ရှင်းချက်ကတော့၊"** ဟု အညာသားလေသံဖြင့် ဖြေဆိုပြီးဖြစ်သည်။

(၃) ထို့ပြင် ဆိုရေးရှိက ဆိုကြရသဖြင့် ဆိုရပါဦးမည်။ ရေးထားသော ဇာတ်ညွှန်းအတိုင်း ခုံရုံးဥက္ကဋ္ဌကြီးသည်လည်း အဖွဲ့ဝင်တစ်ယောက်မျှမပါ လွှတ်တော်ဇာတ်ခုံပေါ်၌ ခုံရုံး၏အဖြေကို တစ်ဦးတည်းတက်ရောက်၍ ဖြေကြားလေသည်။ လွှတ်တော်က ခုံရုံးဥက္ကဋ္ဌကို မေးလာသော အခြေခံဥပဒေနှင့် ညီ၊ မညီ မေးခွန်းအပေါ် ခုံရုံးအဖွဲ့ဝင်များနှင့်ညှိနှိုင်းတိုင်ပင် စိစစ်အဖြေထုတ်ခဲ့လေဟန်မရှိ၊ မဖြေဖြစ်မှာကိုသာ ခံစားရဟန်ရှိသည်။ သူတစ်ဦးတည်းသဘောဖြင့် ဖြေကြား၍ ရ၊ မရစဉ်းစားခဲ့မိဟန်မရှိဟု ထင်မိသည်။ ထို့ကြောင့် တစ်ကြိမ် တစ်ခါမျှ မကြုံဖူးသေးသည့် "တရားရုံးက တရားရုံးအပြင်ထွက်၍ ဆုံးဖြတ်ချက်အဖြေပေးခဲ့သည်"ဟူသော ဖြစ်ရပ်ကြီးကို မှတ်တမ်းတင်ရပေတော့မည်။ ဂုဏ်ရှိပေစွတကား။

(၄) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် မိမိ၏ တာဝန်ကို ဆောင်ရွက်ရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၅ နှင့် ၃၂၆ တွင် အကျုံးဝင်သူတို့က အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန် "တင်သွင်းလာ"မှသာ မိမိ၏လုပ်ပိုင်ခွင့်ကို ကျင့်သုံးရန်ဖြစ်သည်။ သို့ပါ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ပိုင်ခွင့်အတွင်းရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ၊ မညီ စိစစ်ရမည့်ကိစ္စကို လွှတ်တော်သို့ ခေါ်ယူမေးမြန်းခြင်းမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေတို့နှင့် ညီညွတ်ခြင်းမရှိကြောင်း ထင်ရှားသည်။ တင်သွင်းလွှာ တင်သွင်းမှု ရှိ၊ မရှိ မသိရပေ။ ဘုန်းကြီးကျောင်းနေစဉ်က ခန်းနေဦးပဉ္စင်းပြောသလို ဘုန်းကြီးကြောင့် ပန်းကန်ကွဲ ဘာဖြစ်သလဲဆိုသည့် ပုံပေါက်နေသည်။ သို့ရာတွင် လွှတ်တော်ဥက္ကဋ္ဌက မေးခွင့်ပြုခဲ့၍ ယင်းအမေးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌက သွားရောက်ဖြေကြားခဲ့ခြင်းဖြစ်သည်။ တရားရုံးတစ်ရုံးတွင် တရားတဘောင်စွဲဆိုပြီး တရားရုံးအတွင်း ဖြေရှင်းရမည့်လုပ်ရပ်ကို အစည်းအဝေးတစ်ခုသို့ တရားသူကြီးကိုခေါ်၍ အဆုံးအဖြတ်ပေးရန် တောင်းဆိုသည့်သဘောဖြစ်နေသည်ဟု နားလည်မိသည်။ နိုင်ငံတော်၏ ဥပဒေများကို ဥပဒေပြုကြသူများကိုယ်တိုင် စံနမူနာပြ လိုက်နာကြရမည်ကိုလည်း မေ့နေပုံရလေသည်။

(၅) ဆိုပါဦးမည်။ လွှတ်တော်သည် မိမိလိုက်နာရန် ပြဋ္ဌာန်းထားသည့် နည်းဥပဒေတို့ကို လိုက်နာခဲ့ခြင်း ရှိ၊ မရှိ (ဤမေးခွန်းကြောင့် ဖြစ်ပေါ်ရသည့် ကိစ္စတစ်ရပ်အတွက်သာ ထောက်ပြပါမည်။) ကိုလည်း ရှင်းပြလိုသေးသည်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ (နယက နည်းဥပဒေများ အမှတ် ၅/၂၀၁၀)ပါ နည်း ၁၁၂ တွင် မေးခွန်းနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်နှင့် စည်းကမ်းချက်တို့၌ ဤသို့ ပြဋ္ဌာန်းထားသည်-

**"နည်း ၁၁၂။ ကန့်သတ်ချက်များ။ မေးခွန်းတစ်ရပ်သည် အောက်ပါကန့်သတ်ချက်များ**နှင့် ကိုက်ညီစေရမည်-

(က) ကိစ္စတစ်ရပ်ရပ်အတွက် ထင်မြင်ယူဆချက် တောင်းဆိုခြင်း၊ **ဥပဒေဆိုင်ရာ နက်နဲသော ပြဿနာများကို ဖြေရှင်းချက်တောင်းဆိုခြင်း** သို့မဟုတ် မဖြစ်ပေါ်သေးသော ကိစ္စနှင့်စပ်လျဉ်း၍ မည်သို့ဆောင်ရွက်သင့်ကြောင်း ဖော်ပြမေးမြန်းခြင်းတို့ မပြုရ။"

(၆) ထို့ပြင် ကြယ်ပွင့်ပြ၍ မေးခဲ့သည့် နယက ဥပဒေ ၇ ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ-မရှိဆိုသည်မှာ "ဥပဒေဆိုင်ရာ နက်နဲသောပြဿနာ"ဖြစ်သည်ကို မငြင်းနိုင်။ သို့ရာတွင် မေးခွန်းရှင်သည် နည်း ၁၁၂(က) ၏ ကန့်သတ်ချက်အတွင်းကျရောက်နေသည့် သူ၏ မေးခွန်းကို နားလည်ဟန်မရှိချေ။ ပို၍ထူးဆန်းသည်ကား ထိုသို့ကန့်သတ်ချက်ကို ကျော်လွန်မေးမြန်းထားသည့် မေးခွန်းအပေါ် နည်းလမ်းတကျ အဆုံးအဖြတ်ပေးရမည့် တရားရုံးကြီး၏ အကြီးအမှူးဖြစ်သူ ခုံရုံးဥက္ကဋ္ဌကြီးကလည်း လွှတ်တော်သို့တက်၍ ဖြေကြားပေးခဲ့သည်။ မိမိအတွက် ပြဋ္ဌာန်းချက်ကို ကိုယ်တိုင်လည်းမလိုက်နာ။ အခြားသူကိုလည်း ဖောက်ဖျက်ရန် တိုက်တွန်းခဲ့သည်။ ချိုးဖောက်သူတို့ကို မည်သို့လုပ်ကြမည်နည်း။

(၇) ဤမျှနှင့် မကျေနပ်သေးပါ။ ကြယ်ပွင့်ပြမေးခွန်းရှင်သည် လိုက်နာရမည့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ထပ်၍ဖောက်ဖျက်ပြန်သည်။ ယင်းမှာ တစ်ဆက်တစ်စပ်တည်း မေးခွန်းဖြစ်ရာ နည်းဥပဒေ ၁၁၆ (ဃ)တွင် ပြဋ္ဌာန်းထားသည်ကို ဖော်ပြလိုသည်။

**စာမျက်နှာ ၇ သို့ ❒**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇွန် ၂၄**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၃) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဦးမန်းဂျော်နီက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၉(ဃ) မူလပြဋ္ဌာန်းချက်တွင် နိုင်ငံတော်အရေးအရာများဖြစ်သော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ စစ်ရေးစသည့်အမြင်များ ရှိရမည်ဟု ပြဋ္ဌာန်းထားပြီး ပြင်ဆင်ပြဋ္ဌာန်းချက်တွင် နိုင်ငံတော်အရေးအရာများဖြစ်သော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကာကွယ်ရေး စသည့်အမြင်များရှိရမည်ဟု ပြင်ဆင်ပြဋ္ဌာန်းထားပါကြောင်း၊ ရှင်းလင်းတင်ပြချက်တွင် စစ်ရေးအမြင်ဆိုသည့် စကားရပ်သည် စစ်ပွဲများနှင့် သက်ဆိုင်သည့်အမြင်ဟု အဓိပ္ပာယ်ကောက်နိုင်ပါကြောင်း၊ ကာကွယ်ရေးအမြင်ဆိုသည့် စကားရပ်သည် လုံခြုံရေး၊ စစ်ရေးတည်ငြိမ်အေးချမ်းရေးကိစ္စများနှင့်စပ်လျဉ်းသည့် အမြင်ဖြစ်သဖြင့် ပိုမိုကျယ်ပြန့်သည်ဟု ယူဆသောကြောင့် ပြင်ဆင်ချက်ကို ထောက်ခံပါကြောင်း၊ ပြည်သူများသည် ဖွဲ့စည်းပုံ၏ အားနည်းချက်များကို အစဉ်လေ့လာနေကြပြီး ခေတ်နှင့်အညီ ပြုပြင်လိုသည်မှာ တိုးတက်မှုရှိသည့် အမြင်ဆန္ဒများဖြစ်ပြီး ပြည်သူများ၏အလိုကျ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေးကို ခေတ်နှင့်အညီ ဆက်လက်၍ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။



**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၃) ရက်မြောက်နေ့ ကျင်းပစဉ်။** (သတင်းစဉ်)

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင်စိုးက တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူတို့၏ အကျိုးစီးပွားအတွက် ပြဋ္ဌာန်းသော ဥပဒေများအား အခြားသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်နှင့် ပြုစုပြဋ္ဌာန်းနေကြခြင်းဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စရပ်များတွင်လည်း အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များကို ပါဝင်ဆွေးနွေးခဲ့ကြပါကြောင်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပုဒ်မ ၅၉(ဃ)တွင် စစ်ရေးထက် ပိုမိုကျယ်ပြန့်သည့် ကာကွယ်ရေးဆိုသည့်စကားရပ် ပြင်ဆင်လိုခြင်းကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုက ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူ့ဆန္ဒနှင့်အညီ ကျယ်ကျယ်ပြန့်ပြန့် ပြင်ဆင်ခြင်းမပြုနိုင်ပါက ပြည်သူတို့အတွက် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး၊ အာမခံချက်အပြည့်အဝပေးနိုင်သော တရားဥပဒေစိုးမိုးသည့် လူ့အဖွဲ့အစည်းတစ်ခု ဖြစ်ပေါ်လာရန် အလှမ်းဝေးနေမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုအားနည်းပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ပါးရေး အမျိုးသားရေးမျှော်မှန်းချက်သည် မှေးမှိန်နေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားကို အမှန်တကယ်ရှေးရှုမည်ဆိုပါက နိုင်ငံတော်သမ္မတကို ပြည်သူမှ တိုက်ရိုက်ရွေးချယ်တင်မြှောက်သော စနစ်ကျင့်သုံးသင့်ပါကြောင်း၊ အခြေခံဥပဒေ ပုဒ်မ ၆၀ ပုဒ်မခွဲ(ဂ) ပြဋ္ဌာန်းချက်ကို ပယ်ဖျက်သင့်ပါကြောင်း ပြောကြားသည်။

အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၊ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်း၊ ဒီမောဆိုမဲဆန္ဒနယ်မှ ဦးစိုးရယ်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးထွန်းကျော်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်၊ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၊ မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဝူတို့က ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

❒ စာမျက်နှာ ၆ မှ

**"နည်း ၁၁၆(ဃ)။** ဖြေကြားသော အဖြေကို ရှင်းလင်းစေရန် အလို့ငှာ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးမြန်းနိုင်သည်။ သို့ရာတွင် **ယင်းမေးခွန်းသည် ဤနည်းဥပဒေများနှင့်ဆန့်ကျင်လျှင် ဥက္ကဋ္ဌက ခွင့်မပြုရ"။**

(၈) မေးခွန်းရှင်က တစ်ဆက်တည်း ထပ်မံမေးသောမေးခွန်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ချက်အပေါ် ရှင်းလင်းစေလိုသည့် မေးမြန်းခြင်းမျိုးမဟုတ်၊ နည်းဥပဒေက ခွင့်မပြုသည့် မေးခွန်းအသစ်ဖြစ်နေသည်။ **"ခုံရုံးက စိစစ်ခြင်းမပြုနိုင်ဟုဆိုလျှင် အနက်အဓိပ္ပာယ်ဖွင့်ပေး၍ မရဘူးလား"**ဟု ထပ်မံမေးခြင်းဖြစ်သည်။ "ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိမရှိစိစစ်ခြင်း"နှင့် "အနက်အဓိပ္ပာယ် ဖွင့်ဆိုပေးခြင်း"မှာ သီးခြားစီဖြစ်နေသည်။ ထိုသို့ နည်းဥပဒေအရ မေးခွင့်မပြုကြောင်း ကန့်သတ်ထားသော မေးခွန်းမေးခြင်းကို ခွင့်ပြုခဲ့လေသည်။ စံပြုလေးစားခံထိုက်သော ဥပဒေပြုပုဂ္ဂိုလ်ကြီးများဖြစ်ချေရကား မိမိတို့လိုက်နာရမည့် နည်းဥပဒေများနှင့် မညီမညွတ်ဆောင်ရွက်ခဲ့သည်များကို မသိတန်ရာဟုတော့ မဆိုနိုင်ပေ။

(၉) ဆက်လက်၍ နည်းဥပဒေနှင့်မညီသော ကိစ္စတစ်ရပ်ကိုလည်း တစ်လက်စတည်း ဆောင်ရွက်ပြန်သည်။ ဖော်ပြခဲ့သည့် နယကဥပဒေ ၇ ခုပါ ရည်ညွှန်းပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ခြင်း ရှိမရှိ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် သို့မဟုတ် ဥပဒေကြမ်းကော်မတီက ဖြေကြားပေးရန် ဥက္ကဋ္ဌ၏အမေးကို ဖြေကြားခြင်းပင်ဖြစ်သည်။

(၁၀) ဦးတီခွန်မြတ်က ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်ကို လှန်လှောပြီး ပုဒ်မ ၄၄၆ အရ အခြေခံဥပဒေကို ဆန့်ကျင်ကြောင်း မဆိုင်းမတွ ဖြေလိုက်လေတော့သည်။ မည်သည့်အချက်များကို အခြေပြု၍ မည်သည့်အတွက်ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ကြောင်းကျိုးကြောင်းရှင်းလင်းချက်ကိုတော့ မကြားမိလိုက်ပေ။ ပို၍အရေးကြီးသည်မှာ တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးကြီးတွင် "ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆန့်ကျင်သည်"ဟု "ဖြေခွင့် ရှိမရှိ"နှင့် "အဖြေသည် တရားဝင်မှု ရှိမရှိ"ပင်ဖြစ်သည်။ ကြည့်ရသည်မှာ ဒါရိုက်တာလိုချင်သည့် ဇာတ်ညွှန်းပါအတိုင်း အလိုက်သင့် သရုပ်ဆောင်သွားကြပုံရသည်။ ဇာတ်လမ်းကြီးကား မဆုံးသေး၊ ကပြဆဲ။

ဤပြကွက်ကို လွှတ်တော်ဇာတ်ခုံပေါ်၌ အမှန်ပင်ကပြသွားသည်။ ဆန္ဒကို ရှေ့တန်းတင်လွန်းသောကြောင့် ဇာတ်ညွှန်းနှင့် ကကွက်တို့မှာ ဒါရိုက်တာ၏အလိုကျ သပ်သပ်ရပ်ရပ်ရှိလှသည်ဟု ထင်ရသည်။ ဇာတ်ညွှန်းရေးသူ၏ စေတနာကိုလည်း ကျွန်တော် အပေါ်မှာရှင်းပြခဲ့ပြီးဖြစ်သည်။ သူတို့ ဆက်လက်သရုပ်ဆောင်ကြပါလိမ့်ဦးမည်။ ထို့ကြောင့် ကျွန်တော် ငယ်ငယ်က သင်ခဲ့ရဖူးသော တေးထပ်တစ်ပုဒ် (ရုပ်စုံဦးသာအောင် ရေးသည်ဟု ထင်ပါသည်)ကို သတိရမိတော့သည်။ "တောင်ဂူမှာနိ်ရန်ကြွေ့လို့ စံမွေ့သည်ကြာပျော်၊ ဇော်ဖေဂျီ တပသီဝိဇ်ကယ်တို့၊ တညီစိတ် မြန်းကြဟေမော်၊ လင်းကြက်ဖြင့်အတန်ဆော်ပြီ၊ ဘယ်ဇာတ်တော်လေမှန်းမသိ၊ အခန်းခန်း အထွေထွေများနိုင်မျှပေ၊ နိပါတ်နှယ် ရှုပ်လေသည်၊ အရုပ်တွေပြည်ဖုံးနှင့်လေး။"

ဆက်ရန်ကျန်ပါသေးသည်။ သူတို့မေးနေကြသည်မှာ နယကဥပဒေ ၇ ခုဟု ဆိုသည်။ တကယ်တမ်းဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၃ နှင့်အညီ ပြဋ္ဌာန်းခဲ့သော နယကဥပဒေ ၂၂ ခုရှိသည်။ ထိုဥပဒေ ၂၂ ခုသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၃ အရ ဆောင်ရွက်သည့် ပြဋ္ဌာန်းချက်များဖြစ်ကြောင်း ရှင်းပါသည်။

စာရှုသူများသို့ နောက်ဆုံးတင်ပြလိုပါသည်။ ၂၆-၅-၂၀၁၅ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဆောင်းပါးရှင် ဘိုးသက်ရှည်(ဥပဒေ)က "ဒီမိုကရေစီ၏ အနှစ်သာရညီတူညီမျှ အခွင့်အရေးရကြပါစေ"ဆောင်းပါးတွင် ပညာရှင်ဆန်သော ထောက်ပြဝေဖန်ချက်များဖြင့် ရေးသားခဲ့သည်။ ဆောင်းပါးရှင်သည် အတွေ့အကြုံနှင့် သမ္မာရင့်သော ဥပဒေပညာရှင်ကြီးဖြစ်ပုံရသည်။ လွှတ်တော်က ယခုဆွေးနွေးနေသော ကိစ္စရပ်သည်ပင် သူ့ဆောင်းပါးကို ဖတ်ပြီးမှ သံသယဖြစ်၍ ဇာတ်ညွှန်းရေးကာ ပုံဖော်ခဲ့လေသလောဟုတောင် ထင်ရသည်။ ဆောင်းပါးရှင်၏ ဆိုလိုချက်ကရှင်းသည်။ အခြေခံဥပဒေ၏ အခြေခံမူများအခန်း၊ ပုဒ်မ ၃၈(က)အရ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။ ပုဒ်မ ၄၀၆ တွင် နိုင်ငံရေးပါတီတစ်ရပ်သည် လွတ်လပ်စွာစည်းရုံးပိုင်ခွင့်နှင့် ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရှိသည်။ ပုဒ်မ ၆၁(ခ) နှင့်(ဂ)တို့အရ သမ္မတ၊ ဒုတိယသမ္မတများသည် နောက်ထပ်ပေါ်ပေါက်လာသော သမ္မတ၊ ဒုတိယသမ္မတများသို့ တာဝန်လွှဲပြီးသည်အထိ ထမ်းဆောင်ရမည့်အပြင် ပုဒ်မ ၆၁(ဂ)အရ ရာထူးသက်တမ်းနှစ်ကြိမ် ထမ်းဆောင်ခွင့်ရှိသည်။ ထို့ကြောင့် "မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့သော အစဉ်အလာများအရလည်းကောင်း၊ အခြားနိုင်ငံများတွင် ကျင့်သုံးသော အစဉ်အလာများအရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ လက်ရှိနိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့သည် ရာထူးမှနုတ်ထွက်ခြင်းမပြုဘဲ ဒုတိယသက်တမ်း ရွေးချယ်တင်မြှောက်ခံခွင့်အတွက် မဲဆွယ်စည်းရုံးခြင်း၊ ယှဉ်ပြိုင်အရွေးခံခြင်းတို့အပြင် မိမိပါတီ အောင်နိုင်ရေးအတွက် မဲဆွယ်စည်းရုံးခြင်းများကိုလည်း ဆောင်ရွက်နိုင်ကြောင်း ထင်ရှားလှပေသည်။"ဟု သုံးသပ်ဖော်ပြထားလေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံမူများနှင့် ရည်ညွှန်းကိစ္စဆိုင်ရာ ပြဋ္ဌာန်းချက်အနှစ်သာရများအရ ရှင်းနေသည်ကို မည်သည့်အတွက်ကြောင့် ဇာတ်ညွှန်းရေး၍ ရှုပ်နေကြသည်ကို နားလည်ရန်ခက်နေသည်။ ပျက်အစဉ်ပြင်ခဏသာတည်း။ စည်းလုံးခြင်းသည်သာ ခွန်အားဖြစ်သည်ဆိုသည့် အဆိုအမိန့်များစွာ ရှိနေပါသည်။ ။

## ခရိုအေးရှားအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇွန် ၂၅**

ဇွန် ၂၅ ရက်တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ခရိုအေးရှားသမ္မတနိုင်ငံ ပထမ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး ဒေါက်တာဗက်စ်နာ ပူစစ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဇွန် ၂၅**

ဇွန် ၂၅ ရက်တွင် ကျရောက်သည့် ဆလိုဗေးနီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆလိုဗေးနီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကာလ် ဗစ်တာ အာရ်ဂျဗက် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**



# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ကြည့်ရှုအားပေး



**နေပြည်တော် ဇွန် ၂၄**

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် (၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲပထမနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ စတင်ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နံနက် ၉ နာရီတွင် ပြပွဲကျင်းပရာ မဏိရတနာ ကျောက်စိမ်းခန်းမသို့ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးဌေးအောင်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ ပြပွဲကျင်းပရေးဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် (၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရှင်များအသင်းချုပ်အနေဖြင့် နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်ခဲ့သည့် ဗီဒီယိုမှတ်တမ်းများကိုလည်းကောင်း၊ ခန်းမအပေါ်ထပ်၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာအတွဲများကိုလည်းကောင်း၊ ကျောက်စိမ်းနှင့် ကျောက်မျက်အချောထည်များကိုလည်းကောင်း၊ မြေညီထပ်ရှိ ပုဂ္ဂလိကကျောက်မျက်ရတနာအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

(၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့မှ ဇူလိုင် ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲပေါင်း ၈၉၄၃ တွဲ၊ ကျောက်မျက်ရတနာအတွဲပေါင်း ၃၂၃ တွဲတို့ကို ခင်းကျင်းပြသကာ အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ထို့ပြင် ပြပွဲ၌ ငွေများအလွယ်တကူထုတ်ယူရန်အတွက် ATM စက်များနှင့် နိုင်ငံခြားငွေလဲလှယ်ရာတွင် အဆင်ပြေရန်အတွက် Money Changer များကိုလည်း စီစဉ်ဆောင်ရွက်ထားပြီးဖြစ်သည်။ ပြည်တွင်း ရတနာကုန်သည်များနှင့် နိုင်ငံပေါင်း ၂၂ နိုင်ငံမှ ပြည်ပရတနာကုန်သည် ၆၀၇၂ ဦးကို ဖိတ်ကြားထားပြီး ပြည်ပရတနာကုန်သည် ၃၀၀၀ ခန့်နှင့် ပြည်တွင်းရတနာကုန်သည် ၂၀၀၀ ခန့် တက်ရောက်မည်ဖြစ်ကြောင်း သိရှိရသည်။ ပြပွဲတက်ရောက်လာမည့် ပြည်တွင်း ပြည်ပရတနာကုန်သည်များအတွက် တည်းခိုရေး၊ စားသောက်ရေး၊ သွားလာရေး၊ ဆက်သွယ်ရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် ကော်မတီများဖွဲ့စည်းပြီး သက်ဆိုင်ရာကော်မတီများအလိုက် ဆောင်ရွက်ထားကြောင်း သိရသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၁၉၆၄ ခုနှစ်မှ စတင်ပြီး ပြသရောင်းချခဲ့ရာ ယခုကျင်းပသည့် (၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအပါအဝင် ပြပွဲပေါင်း (၈၈)ကြိမ် ပြသရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




## မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြုကြိုဆိုဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၂၄**

၂၀၁၅ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကြီးမှူးပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ စီစဉ်တင်ဆက်မည့် သုံးရာသီအလှသဘာဝ၊ ခေတ်အလှနှင့် ယနေ့အလှ၊ သံစဉ်ဖလှယ်ကြ ဂီတညီအစ်မ၊ အကယ်ဒမီ မေပန်းချီအငြိမ့် စသည့် အစီအစဉ်ပေါင်းစုံလင်စွာဖြင့် ဖျော်ဖြေပွဲကြီးအား ဇွန် ၂၆ ရက်တွင် အမျိုးသားကဇာတ်ရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ MRTV Entertainment Channel မှ အဆိုပါနေ့ မွန်းလွဲ ၁ နာရီမှစတင်ပြီး တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် အများပြည်သူကြည့်ရှုနိုင်ရန် ဇွန် ၂၇ ရက်နှင့် ဇွန် ၂၈ ရက်တို့တွင်လည်း ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပုလဲသွယ်စပါးစိုက်ပျိုးထုတ်လုပ်ကြမည့် တောင်သူလယ်သမားများအတွက် သတင်းကောင်း



၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ တောင်သူလယ်သမားများ အထွက်နှုန်းတိုး၍ ဝင်ငွေတိုးတက်ရရှိရေးအတွက် မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးတာဝန်ကို အစဉ်အလေးထားဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုနှစ် မိုးစပါးရာသီအတွက် အရည်အသွေးအာမခံ ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့ဧက ၁၇၈၀၀၀ စာ ထုတ်လုပ်နိုင်ခဲ့ပြီး ၂၂-၆-၂၀၁၅ ရက်အထိ မျိုးစေ့ဧက ၁၀၃၀၀၀ စာ ဖြန့်ဖြူးကာ ဧက ၇၅၀၀၀ စာ ကျန်ရှိပြီး ဆက်လက်ဖြန့်ဖြူးလျက်ရှိပါသည်။

၃။ ယခုအချိန်သည် မိုးစပါးစိုက်ပျိုးရန် ပြင်ဆင်ချိန်ဖြစ်ပါ၍ တောင်သူလယ်သမားများအနေဖြင့် တစ်ဧကလျှင် စပါးတင်း ၂၀၀ ကျော်အထိ ထွက်ရှိနိုင်သော ပုလဲသွယ်စပ်မျိုးစပါးကို စိုက်ပျိုးပြီး တစ်ဧက ဝင်ငွေအသားတင် အကျိုးအမြတ် ကျပ်လေးသိန်းခန့် ရရှိနိုင်မည်ဖြစ်သောကြောင့် ပုလဲသွယ်စပ်မျိုးစပါးမျိုးများကို နီးစပ်ရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ရုံးများတွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

၄။ ယခုအခါ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပုလဲသွယ်စပ်မျိုးစပါး တိုးချဲ့စိုက်ပျိုးရေး စည်းရုံးဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက် (MAPCO)၊ ပင်လယ်ကိုးသွယ် ဆန်စပါးအထူးပြုကုမ္ပဏီ၊ ခေတ္တရာဟသ်ာ ဆန်စပါးအထူးပြုကုမ္ပဏီတို့နှင့် ညှိနှိုင်းချက်အရ ယခုနှစ် မိုးစပါးပေါ်ချိန်တွင် ပုလဲသွယ်စပ်မျိုးစပါးကို အာမခံဈေး(အနိမ့်ဆုံး) တင်း ၁၀၀ လျှင် ငွေကျပ် ၄၅၀၀၀၀ နှုန်းပေး၍ ဝယ်ယူသွားမည်ဖြစ်ကြောင်း ကြိုတင်ကြေညာထားရှိပါသည်။

၅။ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဆန်စပါးလုပ်ငန်းရှင်၊ ကုမ္ပဏီများအနေဖြင့် တောင်သူများနှင့် ကန်ထရိုက် လယ်ယာစနစ် ပူးပေါင်းဆောင်ရွက်လိုပါက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနတို့နှင့်လည်းကောင်း၊ ဦးအေးကိုကို ဒုတိယညွှန်ကြားရေးမှူးချုပ် စိုက်ပျိုးရေးဦးစီးဌာန ဖုန်း-၀၉-၈၃၀၆၇၂၅၊ ၀၉-၂၅၀၈၇၃၃၇၅၊ ၀၆၇-၄၁၀၅၂၆၊ ၀၆၇-၄၁၀၅၂၄ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**(လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

# တပ်မတော် (လေ)တွင် အသုံးပြုမည့် လေယာဉ်နှင့်ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနား ကျင်းပ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်တော်ဝင်ခဲ့သည့် Grob-120 Tp လေယာဉ်ပျံသန်းရာတွင် လိုက်ပါစီးနင်းချီးမြှင့်စဉ်။ (မြဝတီ)

**နေပြည်တော် ဇွန် ၂၄**

Beech-1900 D နှင့် Grob-120 Tp လေယာဉ်များ၊ Mi-35 ၊ Eurocopter နှင့် Bell-206 ရဟတ်ယာဉ်များ တပ်တော်ဝင်နိုင်ခြင်းသည် တပ်မတော် (လေ)၏ လေကြောင်းစွမ်းအား မြှင့်တင်ပေးရာရောက်သကဲ့သို့ တပ်မတော်၏နိုင်ငံတော်ကာကွယ်ရေးစွမ်းရည် ပိုမိုတိုးတက်စေကြောင်းဖြင့် ယနေ့နံနက် ၈ နာရီတွင် မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင်လေတပ်စခန်း၌ ကျင်းပသော တပ်မတော် (လေ)တွင် အသုံးပြုမည့် လေယာဉ်နှင့်ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်(လေ) ဝတ်စုံအား ဂုဏ်ပြုဝတ်ဆင်၍ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရ သက်ဆွေ ၊ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့် ၊ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မိတ္ထီလာတပ်နယ်မှ အရာရှိ/စစ်သည်မိသားစုများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာကာကွယ်ရေးဦးစီးချုပ်(လေ)က တပ်မတော်(လေ)၏ စွမ်းရည်မြှင့်တင်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယနေ့တပ်တော်ဝင်သည့် Beech -1900D လေယာဉ်များသည် အလတ်စားသယ်ယူပို့ဆောင်ရေးလေယာဉ်များဖြစ်ပြီး ခရီးသည် သယ်ယူပို့ဆောင်ခြင်း၊ လူနာသယ်ဆောင်ခြင်း၊ တပ်ဖွဲ့များရွှေ့ပြောင်းခြင်း ၊ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ခြင်းနှင့် မျက်မြင်ကင်းထောက်ခြင်း တာဝန်များကို ထမ်းဆောင်နိုင်ကြောင်း၊ Grob-120 TP လေယာဉ်သည် အင်ဂျင်တစ်လုံးတပ် ခေတ်မီအမောင်းသင်လေယာဉ်ဖြစ်ကြောင်း၊ အခြေခံနှင့် တန်းမြင့် လေယာဉ်မောင်းသင်တန်းများအတွက်ပါအသုံးပြုနိုင်သော စွမ်းအင်မြင့်မားသည့် လေယာဉ်ဖြစ်ပြီး စွမ်းရည်ပြည့်ဝသော လေသူရဲများမွေးထုတ်ပေးရန်အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း။

Mi-35 ရဟတ်ယာဉ်များသည် တိုက်ခိုက်ရေးရဟတ်ယာဉ်အမျိုးအစားဖြစ်ပြီး ကမ္ဘာ့နိုင်ငံအများအပြားမှာလည်း အသုံးပြုနေကြောင်း၊ ခေတ်မီအီလက်ထရွန်နစ် စက်ပစ္စည်းများ တပ်ဆင်ထားပြီးစွမ်းရည်ထက်မြက်သည့် လက်နက်များ တပ်ဆင်ထားသောကြောင့် လေကြောင်းစွမ်းအားတိုးမြှင့်ရေးနှင့် ခေတ်မီတပ်မတော်တည်ဆောက်ရေးအတွက် မဖြစ်မနေလိုအပ်နေသည့်အရာပင်ဖြစ်ကြောင်း။

Eurocopter ရဟတ်ယာဉ်များသည် အလတ်စားသယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်များဖြစ်ပြီး ခရီးသည်သယ်ဆောင်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ခြင်း၊ လူနာတင်ဆောင်ခြင်းနှင့် ပင်လယ်ပြင်ကင်းထောက်ခြင်းတာဝန်များကို ထမ်းဆောင်နိုင်ကြောင်း၊ Bell-206 ရဟတ်ယာဉ်သည် အပေါ့စားအထွေထွေသုံးရဟတ်ယာဉ်ဖြစ်ပြီး ရဟတ်ယာဉ်မောင်းနှင်မည့် လေသူရဲများအတွက် လွှဲပြောင်းသင်တန်းပို့ချခြင်းတာဝန်များ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ တန်းမြင့်လေယာဉ်မောင်းသင်တန်းတွင် ရဟတ်ယာဉ် Pilot များအတွက် အခြေခံသင်တန်းများပေးပြီး ၎င်းမှ Mi-2 ၊ Mi-17၊ Mi-35များကို တစ်ဆင့်ပြီးတစ်ဆင့် သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း။

မိမိနိုင်ငံ၏ပထဝီနိုင်ငံရေးနှင့် သမိုင်းကြောင်းအစဉ်အလာအရ နိုင်ငံတွင်ခေတ်မီပြီး အင်အားတောင့်တင်းခိုင်မာသည့် တပ်မတော်တစ်ရပ်ရှိနေရမည်ဖြစ်ကြောင်း၊ ခေတ်မီအင်အားတောင့်တင်းရန် ခေတ်မီစစ်လက်နက်ပစ္စည်းများ တပ်ဆင်ရမည်ဖြစ်သကဲ့သို့ ကိုင်တွယ်အသုံးပြုနိုင်မည့် အရည်အချင်းရှိသည့် စစ်သည်တော်များ မွေးထုတ်ပေးရန်လိုအပ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီနည်းပညာများရရှိရန်၊ ပြည်ပနိုင်ငံများသို့ ပညာတော်သင်များစေလွှတ်ခြင်း၊ ပြည်တွင်း၌ အတတ်ပညာများ ပြန်လည်ဖြန့်ဝေပေးခြင်းများကို ကြိုးပမ်းလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း။

တပ်မတော်(လေ)အနေဖြင့် ၁၉၉၀ပြည့်နှစ်ဝန်းကျင်မှစ၍ ဂျက်တိုက်လေယာဉ်များ ဖြည့်တင်းနိုင်သည့်အတွက် ပတ်ဝန်းကျင်နိုင်ငံများနှင့် နည်းပညာနှင့် လေကြောင်းစွမ်းအားကွာဟမှုလျော့နည်းသွားပြီး ဒေသတွင်းနိုင်ငံများနှင့် တန်းတူ လိုက်နိုင်ခဲ့ကြောင်း၊ လေယာဉ်များကိုပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်ခြင်းနှင့်အတူ လေကြောင်းစွမ်းအားတိုးတက်မြင့်မားရေးအတွက် ခေတ်မီလေယာဉ်၊ ရဟတ်ယာဉ်များဝယ်ယူဖြည့်တင်းမှုကို လေးနှစ်အတွင်း တပ်တော်ဝင်ခြင်း(၄)ကြိမ်ပြုလုပ်ခဲ့ပြီး လေယာဉ်အမျိုးအစား လေးမျိုး ၂၉ စင်း၊ရဟတ်ယာဉ် အမျိုးအစားသုံးမျိုး ခုနစ်စင်း၊ စုစုပေါင်း ၃၆ စင်းတပ်တော်ဝင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်နိုင်ခဲ့သည့်အတွက် တပ်မတော်(လေ)၏ လေကြောင်းစွမ်းအား မြှင့်တင်ပေးနိုင်ခြင်းနှင့်အတူ နိုင်ငံတော်ကာကွယ်ရေးစွမ်းအား ပိုမိုတောင့်တင်းလာမည်ဖြစ်ကြောင်း၊ယနေ့အခါတွင် နိုင်ငံတော်သည် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့်အတူ စိန်ခေါ်မှုအသစ်များလည်း ကြုံတွေ့နေရသည့်အတွက် နိုင်ငံတော်၏ အချုပ်အခြာအာဏာထိပါးမခံရစေရေးအတွက် တပ်မတော်သည် အသက်၊ သွေး၊ ချွေး များစွာ စွန့်လွှတ်ပြီး ဆောင်ရွက်နေပါကြောင်း၊ ဒီမိုကရေစီပန်းတိုင်သို့ မယိမ်းမယိုင် လျှောက်လှမ်းနိုင်ရန်မှာ မိမိတို့လုပ်ဆောင်ရမည့် တာဝန်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ပေးနိုင်ရန် တပ်မတော်သည် အင်အားတောင့်တင်းခိုင်မာပြီး စွမ်းရည် ရှိရမည်ဖြစ်ကြောင်း၊ စွမ်းရည်ရှိမှသာ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနိုင်မည်ဖြစ်ကြောင်း၊ စွမ်းရည်ရှိသော လေတပ်ဖြစ်ရန် စနစ်တကျလေ့ကျင့်ရန် လိုအပ်ပြီး စွမ်းအားရှိသော လေတပ်ဖြစ်ရန်လေယာဉ်များကို အဆင့်မြှင့်ခြင်း၊ ခေတ်မီလေယာဉ်များ ဖြည့်တင်းခြင်းကို ဆက်လက်ပြုလုပ်သွားရမည်ဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် စစ်ဦးစီးအရာရှိချုပ်(လေ)က လေယာဉ်နှင့်ရဟတ်ယာဉ်များအား တပ်တော်ဝင်အဖြစ်ကြေညာသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က တပ်တော်ဝင်အထိမ်းအမှတ် အမှတ်တရလက်ဆောင်အား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံ ပေးအပ်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား တပ်တော်ဝင်အထိမ်းအမှတ် လေယာဉ်၊ရဟတ်ယာဉ်အုပ်ဖွဲ့များက Fly Past ဖြင့် ပျံသန်းအလေးပြုခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ ရဟတ်ယာဉ်လေးစင်းအုပ်ဖွဲ့ဖြင့်လည်းကောင်း၊ အမောင်းသင်လေယာဉ် ငါးစင်းအုပ်ဖွဲ့ဖြင့်လည်းကောင်း၊လေ့ကျင့်ရေး ဂျက်လေယာဉ်ငါးစင်း အုပ်ဖွဲ့ဖြင့်လည်းကောင်း၊ ကြားဖြတ်တိုက်လေယာဉ်နှင့် ဘက်စုံသုံးဂျက်တိုက်လေယာဉ် စုစုပေါင်း ငါးစင်းအုပ်ဖွဲ့ဖြင့်လည်းကောင်း၊ ဘက်စုံသုံးဂျက်တိုက်လေယာဉ် သုံးစင်းအုပ်ဖွဲ့ဖြင့်လည်းကောင်း အစီအစဉ်အတိုင်းပျံသန်းအလေးပြုကြသည်။

ထို့နောက် သရုပ်ပြပျံသန်းခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပသည့် MiG-29 ဘက်စုံသုံးဂျက်တိုက်လေယာဉ် သုံးစင်းဖြင့် Slow Flight ခေါ်သောအမြန်နှုန်း နှေးနှေးဖြင့် အုပ်ဖွဲ့အလိုက်ပျံသန်းသရုပ်ပြခြင်း ၊လေယာဉ်ဘီးများချ၍ မီးများထွန်းလျက် Fly Past ဖြင့်ပျံသန်းသရုပ်ပြခြင်း၊ Aileron Roll ခေါ် သုံးစင်းတွဲလျက် တစ်ပြိုင်တည်း ဘေးလိမ့်ကျွမ်းထိုးသရုပ်ပြခြင်း၊ Level 8 ခေါ် အင်္ဂလိပ်အက္ခရာ 8 ပုံစံကို အလျားလိုက်ပုံဖော်သရုပ်ပြခြင်း၊ Oblique Loop ခေါ်သော အနည်းငယ်တိမ်းစောင်းလျက် အုပ်ဖွဲ့လိုက်နောက်ပြန်ကျွမ်းထိုးသရုပ်ပြခြင်း၊ Upward Bomb Burst Break ခေါ်သော အုပ်ဖွဲ့လိုက်အပေါ်သို့ထောင်လျက် ဖုံးခွဲသည့်ပုံစံ ခွဲထွက်သရုပ်ပြပျံသန်းခြင်းတို့ကို ပျံသန်းသရုပ်ပြကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်တော်ဝင်ခဲ့သည့် Grob-120 TP လေယာဉ် ပျံသန်းမှုတွင် လိုက်ပါစီးနင်းသည်။ ထို့နောက် တပ်တော်ဝင်အထိမ်းအမှတ်မီးရှူးမီးပန်းများပစ်လွှတ်ကာ စွမ်းရည်ပြပျံသန်းကြသည့် လေသူရဲများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုဆုချီးမြှင့်၍ လေသူရဲများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်သည်။

တပ်တော်ဝင်အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည် လေကြောင်းအတတ်သင်လေတပ်စခန်းရှိ တပ်တွင်းကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ကျောင်းဆောင်သစ်အား တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက မူလတန်းကြို ကျောင်းသား ကျောင်းသူများအား လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် ဇွန် ၂၄**

နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ တို့မှ ဝန်ထမ်းမိသားစုများ၏ သား သမီးများမှ ၂၀၁၄-၂၀၁၅ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇွန် ၂၄ ရက်က နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ မင်္ဂလာခန်းမ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ဦးစိုးမောင်တို့ တက်ရောက်ပြီး ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကျဆုံးဖြစ်သည့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးရန်ပုံငွေများကိုလည်း တိုးမြှင့်ချထားပေးခဲ့ပါကြောင်း၊ မူလတန်းအဆင့်မှ အခြေခံပညာအထက်တန်းအဆင့်အထိ အောင်ချက်မြင့်မားရေးအတွက် သင်ကြားပေးသည့် ဆရာ ဆရာမများနှင့် သင်ယူကြသည့် ကျောင်းသား ကျောင်းသူများ နှစ်ဦးနှစ်ဖက် ဟန်ချက်ညီရန် လိုအပ်ကြောင်း၊ ယခုကဲ့သို့ ဂုဏ်ပြုဆုများချီးမြှင့်ရခြင်းသည် မိမိတို့ ဝန်ထမ်းမိသားစုများ၏ ကျောင်းသား ကျောင်းသူများ စည်းလုံးညီညွတ်မှု၊ စည်းကမ်းသေဝပ်မှုများအပြင် ထူးချွန်စွာ ပညာသင်ကြားနိုင်ရန် ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။



ဆက်လက်၍ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ဘာသာစုံဂုဏ်ထူးရှင် မစံကျူရီမျိုးအောင်နှင့် မောင်ရဲထက်စိုး၊ လေးဘာသာ ဂုဏ်ထူးရှင် မဆုစန္ဒီဦး၊ သုံးဘာသာဂုဏ်ထူးရှင် မအေးငြိမ်းဖြူ(ခ) မရွှေရည်လင်း တို့အားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က နိုင်ငံတော်သမ္မတရုံးမှ တစ်ဘာသာဂုဏ်ထူးရှင် သုံးဦးအားလည်းကောင်း ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်သည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသော ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ဝန်ထမ်းမိသားစု ကျောင်းသား ကျောင်းသူများမှ ဂုဏ်ထူးရရှိသူများနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သူတို့အား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ဘာသာရပ်အလိုက် ဂုဏ်ထူးများရရှိအောင် သင်ကြားပေးခဲ့သော အထက(၅)နေပြည်တော်၊ အထက(၂၂)နေပြည်တော်၊ အထက(၆)သာဝတ္ထိတို့မှ ဆရာ ဆရာမ ခုနစ်ဦးတို့အား သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်က ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ ထို့နောက် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများကိုယ်စား ဘာသာစုံဂုဏ်ထူးရှင် မစံကျူရီမျိုးအောင်နှင့် မောင်ရဲထက်စိုးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော်သမ္မတရုံးမှ ဖြေဆိုသူ ၁၇ ဦးအနက် ၄ ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ၃ ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် လေးဦး၊ တက္ကသိုလ်ဝင်တန်း အောင်မြင်သူ နှစ်ဦး၊ အောင်မြင်သူ စုစုပေါင်းရှစ်ဦး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ဖြေဆိုသူ ၁၀ ဦး အနက် ၂ ဘာသာဂုဏ်ထူးရှင်တစ်ဦးနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ နှစ်ဦး၊ အောင်မြင်သူ စုစုပေါင်း သုံးဦး၊ နေပြည်တော်ကောင်စီမှ ဖြေဆိုသူ ၁၆ ဦးတွင် ၂ ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ၁ ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ တက္ကသိုလ်ဝင်တန်း အောင်မြင်သူ ခုနစ်ဦး၊ အောင်မြင်သူ စုစုပေါင်း ၁၀ ဦး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဖြေဆိုသူ ၆၉ ဦးအနက် ၆ ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ၄ ဘာသာဂုဏ်ထူးရှင် သုံးဦး၊ ၃ ဘာသာဂုဏ်ထူးရှင် သုံးဦး၊ ၂ ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ၁ ဘာသာဂုဏ်ထူးရှင် ကိုးဦး၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ၂၃ ဦး အောင်မြင်သူ စုစုပေါင်း ၄၁ ဦးတို့အား ပညာရည်ချွန်ဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ဇော်မင်းအောင်(၁၀၇)**

# ပန်းဥယျာဉ်များမှာ ပန်းတိုင်းပွင့်ပါစေ ကစားကွင်းတိုင်းမှာ ကလေးတွေ ပြင်းခုံနိုင်ကြပါစေ

ဆောင်းပါး – ခင်မောင်ထွေး
ဓာတ်ပုံ – ဇော်မင်းလတ်

စနစ်တစ်ခုမှ စနစ်တစ်ခုသို့ အသွင်ကူးပြောင်းစကြားကာလများတွင် ပြဿနာရပ်ပေါင်းများစွာနှင့် စိန်ခေါ်မှုပေါင်းများစွာကို အသွင်ကူးပြောင်းစနိုင်ငံတိုင်း ကြုံတွေ့ရစမြဲပင်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလများတွင်လည်း သမိုင်း၏ အမွေအဖြစ် စိန်ခေါ်မှုပေါင်းများစွာရှိရာ ပြည်သူ့ဗဟိုပြုပန်းဥယျာဉ်နှင့် အားကစားကွင်းများ ပျောက်ဆုံးမှုနှင့် မြေယာပိုင်ဆိုင်မှုကိစ္စရပ်များမှာ ယင်းစိန်ခေါ်မှုများထဲတွင် ထိပ်တန်းက ပါဝင်နေသည်။

တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက်ရှိ ကစားကွင်းမြေနေရာနှင့် မြောက်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက်ရှိ ကစားကွင်းမြေနေရာအငြင်းပွားမှုကိစ္စရပ်များ အပါအဝင် ပြီးခဲ့သည့် ဆယ်စုနှစ်ကျော်ခန့်က ပျောက်ဆုံးခဲ့သည့် ပန်းဥယျာဉ်နှင့်ကစားကွင်းများ ပြဿနာရပ်များမှာ ပစ္စက္ခတိုင် ရှုပ်ထွေးနေဆဲ။

“ဒီဘက်ခေတ် ကျွန်တော်တာဝန်ယူတဲ့အချိန်မှာ ပန်းခြံစုစုပေါင်း ၅၈ ခုကို လွှဲပြောင်းလက်ခံခဲ့ပါတယ်။ လက်ရှိဆောင်ရွက်ခဲ့တဲ့ အင်းလျားကန်ပေါင် သုံးပေါင်ကို ပန်းခြံအဖြစ် အဆင့်သတ်မှတ်မြှင့်တင်ပေးခဲ့တာ သုံးခုနဲ့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နဲ့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)

စာတန်းပါ ဗွီနိုင်းတစ်ခုမှာ မြန်မာယူ-၂၀၊ ယူ-၂၃ အသင်းပွဲစဉ်များ ယှဉ်ပြိုင်ကစားနေချိန်တွင် အွန်လိုင်းမီဒီယာထက်၌ ပျံ့နှံ့သွားခဲ့သည်။ မြန်မာနိုင်ငံတွင် လူငယ်များ ဘောလုံးကစားရန် ကွင်းများရှားပါးလာခဲ့ပြီး စာသင်ကျောင်းများတွင်လည်း အားကစားလေ့ကျင့်ရန် နေရာလပ်များ နည်းပါးလာခဲ့သည်။ မြန်မာအားကစားကို နိုင်ငံတကာအလယ်တွင် အောင်မြင်မှုရရန် ဝိုင်းဝန်းလုပ်ဆောင်ရမည်လည်းဖြစ်သည်”ဟု ဒီမိုကရေစီတူဒေးသတင်းစာက ယခုရက်ပိုင်းအတွင်း ထောက်ပြအကြံပြုရေးသားခဲ့သည်။

မည်သို့ပင်ဆိုစေ သမိုင်းအတွင်း ပြန်လည်တိုးဝင်သွားခဲ့သည့် ခေတ်ကာလတစ်ခုက အကောင်းအဆိုးအကြောင်းအကျိုးတို့ကို ပစ္စုပ္ပန်တွင် သမိုင်းသင်ခန်းစာတစ်ရပ်အဖြစ် ပြန်လည်ထုတ်နုတ်ရယူပြီး အနာဂတ်အတွက် ကြိုတင်ပြင်ဆင်လျှောက်လှမ်းခြင်းသည်သာ လက်တွေ့ကျသော ယောနိသော မနသိကာရစိတ်ဖြစ်ပေလိမ့်မည်။



ရန်ကုန်မြို့ရှိ အားကစားကွင်းတစ်ကွင်းတွင် လူငယ်များ ပျော်ရွှင်စွာ ဘောလုံးကစားနေကြစဉ်။

မြို့နယ်မှာ ပန်းခြံအသစ်အဖြစ် ဆောင်ရွက်ခဲ့တာ နှစ်ခုကို ထည့်ပေါင်းရင် ပန်းခြံစုစုပေါင်း ၆၃ ခုရှိပါတယ်”ဟု YCDC ပန်းဥယျာဉ် နှင့်ကစားကွင်းများဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တစ်ဆက်တည်းမှာပင် “အားကစားကွင်းများအနေနဲ့ကတော့ စုစုပေါင်း ၅၃ ကွင်း လွှဲပြောင်းလက်ခံခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ ၂၁ ကွင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ၁၃ ကွင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ၁၂ ကွင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ၁၁ ကွင်း ထပ်မံတိုးမြှင့်လုပ်ဆောင်ခဲ့တဲ့အတွက် မူလနဲ့ပေါင်းရင် စုစုပေါင်း အားကစားကွင်း ၁၁၀ ရှိလာပါတယ်။ ဒါပေမယ့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ မြေပိုင်ဆိုင်မှုမမှန်တဲ့ အားကစားကွင်း ၁၀ ကွင်းကို လျှော့လိုက်ရတဲ့အတွက် လက်ရှိမှာ ကစားကွင်းစုစုပေါင်း ၁၀၀ ဖြစ်ပါတယ်”ဟု ၎င်းက ဆိုသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တောင်ဥက္ကလာပမြို့နယ်၌ နှစ်ကွင်း၊ မြောက်ဥက္ကလာပ မြို့နယ်၌ သုံးကွင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ နှစ်ကွင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ နှစ်ကွင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ငါးကွင်း၊ ရွှေပြည်သာနှင့် မင်္ဂလာဒုံမြို့နယ်တို့၌ တစ်ကွင်းစီဖြင့် စုစုပေါင်းအားကစားကွင်း ၁၆ ကွင်းကို ထပ်တိုးဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အဆိုပါအားကစားကွင်းများမှာ နွေမိုးဆောင်း ရာသီမရွေးကစားနိုင်မည်ဖြစ်ကြောင်း သက်ဆိုင်ရာဌာနမှတစ်ဆင့်သိရသည်။

မြန်မာ့ဘောလုံးအားကစား၏ ဒီရေမြင့်ချိန်တွင် အများပြည်သူ ဗဟိုပြုပန်းခြံများနှင့် ကစားကွင်းများရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ယခုရက်ပိုင်းအတွင်း စာနယ်ဇင်းများက အဓိကအကြံပြုထောက်ပြနေမှုများလည်း ရှိနေသည်။

“ဘောလုံးကွင်းအတွင်း ဘောလုံးမကန်ရ”ဆိုသော

အတိတ်ကာလများအတွင်းက လုံးဝ ပျောက်ဆုံးသွားခဲ့ရသော ပန်းဥယျာဉ်နှင့် ကစားကွင်းများကို တမ်းတနေကြမည့်အစား အနာဂတ်ကိုမျှော်ကြည့်ရင်း ပစ္စုပ္ပန်တွင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြခြင်းက ပို၍ သဘာဝကျပေလိမ့်မည်။

မျက်မှောက်ကာလတွင် ပြည်သူများသည် အများပြည်သူနှင့်ဆက်စပ်သည့် ပန်းဥယျာဉ်နှင့် ကစားကွင်းများကို ပိုမိုတန်ဖိုးထားလာကြသည်။ ပိုမိုအသုံးပြုလာကြသည်။

ပြီးခဲ့သည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ ဘောလုံးပြိုင်ပွဲတွင် မြန်မာယူ-၂၃ ဘောလုံးအသင်း ယှဉ်ပြိုင်သည့် ပွဲစဉ်များကို ပြည်သူ့ရင်ပြင်၊ မဟာဗန္ဓုလပန်းခြံနှင့် ကန်တော်ကြီးဥယျာဉ် အပါအဝင် တစ်နိုင်ငံလုံးရှိ ပြည်သူ့ဗဟိုပြု အထင်ကရနေရာများတွင် LED ဖန်သားပြင်မှတစ်ဆင့် ပြည်သူများ တစ်ခဲနက်အားပေးခဲ့ကြသည်ကို တွေ့နိုင်သည်။

လူဦးရေထူထပ်မှုကြောင့် တိုက်ခန်းကျဉ်းလေးများတွင် နိစ္စဓူဝ ပိတ်မိနေကြသည့် ရန်ကုန်မြို့ခံ ပြည်သူအများစုအတွက် ပန်းဥယျာဉ်များသည် သူတို့၏ နိဗ္ဗာန်ဘုံများဖြစ်သကဲ့သို့ ရပ်ကွက်ကစားကွင်းများသည်လည်း နေ့စဉ်ကျောင်းနှင့် အိမ်တွင်သာ ကျင်လည်နေကြရသည့် မျိုးဆက်သစ် ကလေးငယ်များအတွက် နိဗ္ဗာန်ဘုံဖြစ်လာခဲ့သည်။

သို့ဖြစ်၍ တစ်ချိန်က တရုတ်ကွန်မြူနစ်ပါတီဥက္ကဋ္ဌကြီးမော်၏ “ပန်းတိုင်းပွင့်ပါစေ၊ ပညာရှင်များငြင်းခုံနိုင်ကြပါစေ”ဟူသည့် နာမည်ကျော် ဒဿနကဗျာကဲ့သို့နှယ် လောကကို အလှဆင်ဖို့ ပန်းဥယျာဉ်များမှာ ပန်းတိုင်းပွင့်ပါစေ၊ ရပ်ကွက်ကစားကွင်းတိုင်းမှာ ကလေးငယ်တွေ လွတ်လပ်စွာ ငြင်းခုံဆော့ကစားနိုင်ကြပါစေဟု ဆိုချင်ကြောင်းပါ။ ။

LET'S DEVELOP
OUR LIVES
OUR COMMUNITIES
OUR IDENTITIES
WITHOUT DRUGS
"မူးယစ်ကင်းစင် ဒို့ဘဝအသွင် အစဉ်ဖွံ့ဖြိုး ကြိုးပမ်းစို့ "

## ဇွန် ၂၄ ရက် (ဗုဒ္ဓဟူးနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ပုသိမ်၊ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၄၅၀၀၀ |
| ၂ | ဧယာ/ ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၁၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၃၀၀ မှ ၁၈၅၀၀ |
| ၄ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၅၀၀ မှ ၂၈၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၀၀၀ မှ ၂၂၅၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ *(FAQ)*(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၄၉၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၅၀၀၀ မှ ၁၃၆၀၀၀ |
| ၉ | ဆွန်တာ (ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၉၀၀၀ မှ ၅၁၀၀၀ |
| ၁၀ | ထောပတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀၀၀ မှ ၅၅၀၀၀ |
| ၁၁ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၁၀၀၀ မှ ၈၅၀၀၀ |
| ၁၂ | ပြောင်းဆန် | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၀၀၀ |
| ၁၃ | ပဲလွမ်းဖြူ (ပဲ) | ပဲခူး၊ မင်းလှ၊ မြစ်ဝကျွန်းပေါ် | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၄၀၀၀ မှ ၈၂၀၀၀ |
| ၁၄ | ဗိုလ်ကိတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၉၀၀၀ မှ ၅၂၀၀၀ |
| ၁၅ | နှမ်းနက် စမုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၈၀၀၀၀ မှ ၁၉၀၀၀၀ |
| ၁၆ | နှမ်းနက် | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၈၀၀၀ မှ ၁၃၀၀၀၀ |
| ၁၇ | နှမ်းညို (နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၃၀၀၀ မှ ၈၅၀၀၀ |
| ၂၀ | ကြက်သွန်နီ | ဆိပ်ဖြူ ပင်းတယ၊ ပခုက္ကူ မြင်းခြံ၊ မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၈၅ မှ ၆၂၅ |
| ၂၁ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၀၅၀ |
| ၂၂ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၆၀၀ |
| ၂၃ | ပဲပုပ်(ရှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၄၂၀၀၀ မှ ၄၉၀၀၀ |
| ၂၄ | ပဲပုပ်(ဗမာ) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၄၈၀၀၀ မှ ၄၉၀၀၀ |
| ၂၅ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀ မှ ၈၁၀ |
| | **လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။** | | | | |

### ● ကျောဖုံးမှ

ပွဲစဉ်(၉)အပြီးတွင် ရန်ကုန်အသင်းက ၂၇ မှတ်ဖြင့် ပွဲတိုင်း အနိုင်ရရှိကာ ထိပ်ဆုံး၌ ဦးဆောင်နေပြီး ဧရာဝတီအသင်းက ၂၂ မှတ်၊ ရတနာပုံအသင်းက ၁၉ မှတ်၊ မကွေးအသင်းက ၁၈ မှတ်၊ ကမ္ဘောဇအသင်းက ၁၅ မှတ်၊ ချင်းယူနိုက်တက်အသင်းက ၁၄ မှတ်၊ နေပြည်တော်အသင်းက ရှစ်မှတ်၊ ရခိုင်အသင်းက ခုနစ်မှတ်၊ ဟံသာဝတီအသင်းက ခြောက်မှတ်၊ ဇေယျာရွှေမြေအသင်းနှင့် မနောမြေအသင်းတို့က ငါးမှတ်စီ၊ ဇွဲကပင်အသင်းက လေးမှတ်တို့ရရှိထားသည်။ ထိပ်ဆုံးမှ ဦးဆောင်နေသည့် ရန်ကုန်အသင်းမှာ ကိုးပွဲစလုံးအနိုင်ရရှိထားသလို ဧရာဝတီ၊ ရတနာပုံအသင်းတို့နှင့် ဆက်တိုက်ကစားရမည်ဖြစ်ရာ နိုင်ပွဲဆက်စံချိန်ကို ထိန်းနိုင်ခြင်းရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။

**သတင်းနှင့် ဓာတ်ပုံ-ရှိုင်းထက်ဇော်**

**ထူးခြားသည့် အခြေအနေ**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ တုံကင်ပင်လယ်ကွေ့(တောင်တရုတ်ပင်လယ်ပြင်)တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း “ကူဂျီရာ” (Kujira)သည် ဗီယက်နမ်နိုင်ငံ ကမ်းခြေမြောက်ပိုင်းကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။

### ○ မိုးကြိုးမည့်မှ

ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ၂၄ နာရီအတွင်း မိုးရေချိန် ၃ လက်မ(၇၇ မီလီမီတာ)နှင့်အထက် ရွာသွန်းနိုင်သည်။

သို့ဖြစ်ပါ၍ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြစ်ရေ ရုတ်တရက် မြင့်တက်လာနိုင်ပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

(ကြေးမုံ)

# ကျောက်မိုင်းများ နေ့ရောညပါ ခွဲနေခြင်းကြောင့် သဘာဝရင်းမြစ်များ ပျက်စီးပျောက်ကွယ်လာနိုင်

မုံရွာ ဇွန် ၂၄

မုံရွာခရိုင် ဘုတလင်မြို့နယ်မြောက်ပိုင်းတွင် အဓိဋ္ဌာန် အောင်မြေတောင်၊ ဝိဇ္ဇာဆေးတောင်၊ နဝင်းကြေတောင် ဟုခေါ်သော အုတ်ဖို-လက်ပံတောင်ရှိသည်။ အဆိုပါ အုတ်ဖို-လက်ပံတောင်သည် မုံရွာခရိုင်နှင့် ရွှေဘိုခရိုင် နယ်စပ်တွင် တစ်လုံးတည်းထီးတည်းတည်ရှိသော ရှားပင်၊ ငွေးပင်၊ သန်း၊ ဒဟပ်၊ တမာ၊ ဒီဒူး၊ တောင်လက်ပန်၊ ဝါးအမျိုးမျိုးနှင့် ပရဆေးပင်အများအပြားပေါက် ရောက်သည့် တောင်ဖြစ်သည်။ ပရဆေးပင်အများအပြား ပေါက်ရောက်သလို ယုန်၊ ဒရယ်၊ ချေ၊ သမင်၊ တောဝက် အစရှိသော တိရစ္ဆာန်များ နေထိုင်ကျက်စားသည့် သယံ ဇာတရင်းမြစ်များပေါကြွယ်ဝသော တောင်ဖြစ်ခြင်းကြောင့် ၁၉၈၅ ခုနှစ်က အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတို့ ပူးပေါင်း၍ စနစ်တကျစောင့်ရှောက်ခဲ့ကြသည်။

အဆိုပါ အုတ်ဖို-လက်ပံတောင်သည် မုံရွာ-ရေဦးသွား ကားလမ်း အရှေ့ဘက်တွင်တည်ရှိပြီး တောင်ပေါ်တွင် ၁၁ ပေ ပတ်လည် ဂူဟောင်းတစ်လုံး၊ ၁၃၇၀ ခုနှစ်က အသစ်ပြန်လည်ပြုပြင်ထားသည့် ရှေးဟောင်းသိမ်တော်၊ ရှေးဟောင်းစေတီများနှင့်အတူ အမြင့် ၃ ပေ ၂ လက်မ၊ လုံးပတ် ၁၁ ပေ ၆ လက်မခန့်ရှိ နှစ် ၁၃၀ ကျော်က ကျောက်သားဖြင့် ပြုလုပ်ထားသည့် ရှေးဟောင်းကျောက် ရေအိုးကြီးများရှိသည်။ အဆိုပါအုတ်ဖို-လက်ပံတောင် ကြီးတွင် လွန်ခဲ့သောလေးနှစ်ခန့်က စတင်၍ လမ်းခင်း ကျောက်ထုတ်လုပ်ရန်အတွက်ဟုဆိုကာ ကုမ္ပဏီနှစ်ခုမှ ထုတ်လုပ်လမ်းခင်းရာ ခင်းသောလမ်းမကြီး နှစ်လမ်းမှာ ပြီးစီး၍ သွားလာနေကြပြီဖြစ်သော်လည်း ကျောက် ထုတ်လုပ်ခြင်းကို ရပ်ဆိုင်းသွားခြင်းမရှိသည့်အပြင် အဖွဲ့ ပေါင်းခုနစ်ဖွဲ့ခန့်အထိတိုးကာ နေ့ရောညပါ ယမ်းမိုင်း များဖြင့် စနစ်တကျဖောက်လုပ်ခြင်းမရှိသလို ခွင့်ပြုချက်၊ ခွင့်တောင်းမှုတစ်စုံတစ်ရာမရှိဘဲ နေ့စဉ်ရက်ဆက် ဖောက်ခွဲဖြိုဖျက်လျက်ရှိရာ တောင်ပေါ်ရှိစေတီပုထိုးသမိုင်း ဝင်အဆောက်အအုံများနှင့်ဆေးဖက်ဝင်အပင်များ၊ မှီခို နေကြရသော တိရစ္ဆာန်များ၊ ကျေးရွာများမှ ထွန်ယက်ရာ တွင် သုံးသော နွားများ၏ စားကျက်များ စသည့် သဘာဝ ရင်းမြစ်များမှာ ပျက်စီးပျောက်ကွယ်တော့မည်ဖြစ်ကြောင်း သွားရောက်လေ့လာမေးမြန်းခဲ့မှုများအရ သိခဲ့ရသည်။ ထိုသို့ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ရာတွင် ဒေသခံများ နှင့် ဒေသခံဆရာတော်တို့၏ ဖြစ်ပေါ်နေသည့်အပေါ် ပြန်လည်ခံစားပြောပြမှုများအား ဖော်ပြအပ်ပါသည်။



**ဦးနာယဒ (ကိုးနဝင်းတောရကျောင်းတိုက်၊ အုတ်ဖို-လက်ပံတောင်အနီး)**

အုတ်ဖို-လက်ပံတောင်မှာ ကျောက်မိုင်းတွေ နေ့ရော ညပါ ခွဲနေတာဟာ ဒေသအတွက် အများကြီးနစ်နာစေပါ တယ်။ လက်တွေ့မှာတော့ ဘုန်းကြီးတို့သီတင်းသုံးနေတဲ့ ကိုနဝင်းတောရကျောင်းတိုက်အတွင်းက အဆောက်အအုံ၊ တမံသလင်းနဲ့ အုတ်တံတိုင်းတွေဟာ ကျောက်ခွဲတဲ့မိုင်း ဒဏ်ကြောင့် ကွဲအက်နေပါပြီ။ နောက်ပိုင်းမှာ ဒီလိုပဲ ဆက်လုပ်နေဦးမယ်ဆိုရင် တောင်ပေါ်မှာရှိတဲ့ တရား ကျင့်ကြံတဲ့ဂူ၊ စေတီတွေနဲ့ သိမ်တွေဟာ ပြိုပျက်ရမယ့်အနေ အထားပါ။ ဘာလို့လဲဆိုတော့ တောင်ထိပ်ကစေတီ၊ သိမ်၊ ဂူတွေအနီးမှာ မိုင်းခွဲကျောက်ထုတ်နေတာ အကြီးစားကြီး တွေပဲဖြစ်ပါတယ်။ တောင်ပေါ်မှာ သီတင်းသုံးခဲ့ကြတဲ့ ပုဂ္ဂိုလ်ထူးတွေရှိခဲ့ပါတယ်။ နှစ်ပေါင်း ၁၀၀ အတွင်း ဦးသာ ရွှန်း၊ ဦးကဝိန္ဒတို့ဟာ ၁၂၄၇ ခုနှစ် သူတို့တည်ရှိရာက အခြားကို ပြောင်းသွားတယ်လို့ သိရသလို ကနီဆရာတော် ရေးတဲ့ ယောဂီပါရဂူကျမ်းနဲ့ ဓမ္မာစရိယဦးငွေလှိုင်ရေးတဲ့ ယောဂီပါရဂူကျမ်း ပထမပိုင်းမှာ လက်ပံတောင်ရွာဆရာ တော် ဦးအာဒိစ္စကို အမှီပြုပြီး ကျောက်ရေအိုးကြီးရှိရာ အရပ်မှာ တိဘက်ပြည်သား ရှင်သျှိလတိဿမထေရ်နဲ့ လက်ပံတောင်ရွာဇာတိဖြစ်တဲ့ ဦးဒေဝိန္ဒတို့ တရားအလုပ် အားထုတ်ခဲ့တယ်လို့လည်း သိရတယ်။ ရှိမ်းမကားဆရာ တော်၊ ရွှေဘိုပုသိမ်ကြီးတောရဆရာတော် ဗုဒ္ဓဝံသတို့လည်း တရားဆွေးနွေးရာအရပ်လို့ သိရသလို မဟာလယ်တီဆရာ တော်ကြီးဟာ ကျောက်ရေအိုးကြီးရှိရာအရပ်သိမ်တော် ကြီးမှာ အာရုံယူပြီး ၁၂၆၅ ခုနှစ်မှာ သမ္မာဒိဋ္ဌိဒီပနီ၊ စတုသစ္စဒီပနီ၊ ကာမဋ္ဌာနဒီပနီကျမ်းတွေကို ပြုစုခဲ့တယ်။ ကျောက်ရေအိုးကြီး၊ သိမ်တော်ကြီးနဲ့ ရှေးဟောင်းစေတီ ပုထိုးတွေတည်ရှိတဲ့အရပ်ကို ရဟန်းပညာရှိနဲ့ ပုဂ္ဂိုလ်ထူး တွေအစဉ်အဆက် သီတင်းသုံးအားထုတ်ခဲ့တဲ့ နေရာထူး ဖြစ်ပါတယ်။

**ဦးချို့ဝင်း(အုတ်ဖိုကျေးရွာ)**

အုတ်ဖို-လက်ပံတောင် အုတ်ဖိုကျေးရွာအုပ်စုဟာ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၈၉၄ ပေမှာ တည်ရှိပါတယ်။ တောင်ရဲ့ ဧရိယာပတ်ဝန်းကျင်အကျယ်က ဧက ၃၅၀ လောက်ရှိပြီး အုတ်ဖို-လက်ပံတောင်ကို တောင်မောင်နှမလို့ အရှေ့တောင်ခြမ်းနဲ့ အနောက်တောင် ခြမ်းရယ်လို့ နှစ်ပိုင်းခွဲခြားထားပါတယ်။ အုတ်ဖို- လက်ပံတောင်က ရေဦး-မုံရွာကားလမ်းမကြီး အရှေ့ဘက် ၂ မိုင် ၆ ဖာလုံ အကွာမှာ တည်ရှိပါတယ်။ တောင်ပေါ်မှာ ရှား၊ ငွေး၊ သန်း၊ ဒဟပ်နဲ့ ပရဆေးပင်တွေပေါက်ရောက်နေ သလို ယုန်၊ ဒရယ်၊ ချေ၊ သမင်၊ တောဝက်စတဲ့ တောကောင် တွေ နေထိုင်ကျက်စားခဲ့ပါတယ်။ အခုတော့ အဖွဲ့ကြီး ခြောက်ဖွဲ့လောက်က အုတ်ဖို-လက်ပံတောင်ကို ယမ်းမိုင်း တွေနဲ့ ဖောက်ခွဲပြီး လမ်းခင်းကျောက်တွေကို စီးပွားဖြစ် ထုတ်လုပ်ရောင်းချနေကြပါတယ်။ အဲဒါကြောင့် တောင်ပေါ်မှာ ရှိတဲ့ ရှေးဟောင်းစေတီတွေ၊ ကျောင်း၊ သိမ်၊ ဇရပ်နဲ့ သစ်တော သယံဇာတအရင်းအမြစ်တွေဖျက်ဆီးခံနေရ တဲ့အတွက် အချိန်နဲ့တစ်ပြေးညီ ကာကွယ်တားဆီးပေးဖို့ လိုအပ်နေပါပြီ။

**မျိုးဝင်းထွန်း(မုံရွာ)**

# အင်းတော်အင်း သန့်ရှင်းသာယာလှပရေး စုပေါင်းလုပ်အားပေး

အင်းတော် ဇွန် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့၏ အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာတွင် မြန်မာနိုင်ငံ၏ တတိယအကြီးဆုံးအင်းဖြစ်သည့် အလျား သုံးမိုင်၊ အနံ နှစ်မိုင် အကျယ်အဝန်းရှိ မြို့ရွာနေဒေသခံတို့၏ စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းအားထားရသော အင်းတော်အင်း တည်ရှိသည်။

အဆိုပါ အင်းတော်အင်းသန့်ရှင်းသာယာလှပစေရန် အတွက် အင်းမြောက်ဘက်ရှိ သက္ကယ်ကျင်းကျေးရွာမှ အင်းလုပငယ်ကွန်ရက်ဝင် ၁၈ ဦး၊ အင်းလုပ်သား ၁၀ ဦးတို့ သည် ကားနှစ်စီးဖြင့် အင်းတော်အင်းထဲသို့ စီးဝင်သည့် သက္ကယ်ကျင်းချောင်းရေလမ်းကြောင်းရှိ စွန့်ပစ်အမှိုက် သရိုက်နှင့် အညစ်အကြေးများ၊ ရေမှော်ပင်များနှင့် ဒိုက်ပင် များ ဖယ်ရှားခြင်းကို ဇွန် ၂၁ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ တပျော်တပါး စုပေါင်းလုပ်အားပေးခဲ့ကြကြောင်း သိရသည်။

“အင်းတော်အင်းအတွင်းစီးဝင်နေတဲ့ ချောင်းပေါင်း ၂၀ ခန့်ရှိပြီး ယင်းချောင်းများမှ စီးဝင်တဲ့ သဲနုန်းမြေများ မှာ တစ်နှစ်လျှင် နုန်းပို့ချမှု တန် ၂၅၀ ကျော်ရှိလို့ အင်းရဲ့ ရေဝေရေလဲဒေသကို မထိန်းသိမ်းဘူးဆိုရင် နုန်းပို့ချမှုများ ပြီး အင်းရေပြင်တိမ်ကောလာနိုင်တဲ့ အန္တရာယ်ရှိပါတယ်။ ဒါ့အပြင် ချောင်းများရဲ့ ဘေးဝဲ၊ ယာ တစ်လျှောက်မှ မြို့ရွာနေလူထုက အမှိုက်သရိုက်နဲ့ အညစ်အကြေးတွေ စွန့်ပစ်တာကြောင့် နှစ်စဉ်ချောင်းရေလျှံတဲ့အခါ စွန့်ပစ် အမှိုက်တွေဟာ အင်းထဲကိုရောက်ပြီး အင်းရဲ့သဘာဝ အလှကို ပျက်စီးစေပါတယ်။ အင်းရေကန်သန့်ရှင်းမှုကို ထိခိုက်စေလို့ ချောင်းရိုးတစ်လျှောက် အမှိုက်နဲ့ အညစ် အကြေးစွန့်ပစ်ခြင်းကို တင်းကျပ်စွာတားမြစ်သင့်ပါတယ်။ မြို့ရွာနေလူထုကို အင်းထိန်းသိမ်းရေးနဲ့ပတ်သက်တဲ့ အသိပညာဖြန့်ဝေပေးမှုတွေလည်း လုပ်ဆောင်သင့်ပါ တယ်”ဟု မြို့နယ်သစ်တောဦးစီးမှူး ဦးစိုးရီက ပြော သည်။

**ကိုမင်း(အင်းတော်)**



# ငါးကြိမ်မြောက် အခမဲ့ဆေးကုသမှုအတွက် ထိုင်းနိုင်ငံမှ သမားတော်ကြီးများလာရောက်ကုသ

ရန်ကုန် ဇွန် ၂၄

ထိုင်းနိုင်ငံ စူဆာဝပ်ဆေးရုံမှ နှလုံးအထူးကုသမား တော်ကြီးနှင့် အရိုး၊ အကြောအထူးကုဆရာဝန်ကြီး၊ အထွေထွေအထူးကုဆရာဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းမပေါ်ရှိ လိပ်ပြာကန်ကျောင်း တိုက် နန္ဒာအောင်မြေ ဘုန်းတော်ကြီးကျောင်း ပဓာန နာယကဆရာတော်က ဆေးဝါးကုသိုလ်ပြုအဖြစ် ငါးကြိမ် မြောက် လာရောက်၍ ခေတ်မီဆေးဝါးကုသမှုစက်များ၊ ECG+Echo စက်များဖြင့် ဇွန် ၂၀ ရက်နှင့် ၂၁ ရက်တို့ တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဆေးဝါးများ အခမဲ့ပရဟိတ လာရောက်ကုသပေးရာ ရဟန်းသံဃာ၊ သီလရှင်နှင့် လူ ၅၀၀ ကျော်တို့အား အခမဲ့ကုသပေးခဲ့ သည်။ ထို့အပြင် လာရောက်ဆေးကုသသူများအား ပဓာန နာယက ဆရာတော် ဘဒ္ဒန္တနိမလက အာဟာရဒါနဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ပေါက်မြို့နယ်ရဲတပ်ဖွဲ့ အချုပ်ခန်းအား ကြည့်ရှုစစ်ဆေး

ပေါက် ဇွန် ၂၄

မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးမြင့်သိန်းသည် ပခုက္ကူခရိုင် တရားသူကြီး ဦးမြင့်ဆွေကျော် နှင့်အတူ ဇွန် ၁၉ ရက် မွန်းလွဲ ၂ နာရီက ပေါက်မြို့ နယ်ရဲတပ်ဖွဲ့ အချုပ်ခန်းအား ကြည့်ရှုစစ်ဆေးခဲ့ သည်။

ထိုသို့စစ်ဆေးရာတွင် အချုပ်တရားခံများ အချုပ် ခန်းတွင် ဥပဒေပါအခွင့်အရေးများ၊ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားရခြင်းရှိ မရှိ၊ မတရားညှဉ်းပန်း နှိပ်စက်ခံရမှုရှိ၊ မရှိ၊ သင့်တင့်မျှတသော အစားအစာ အာဟာရစားသုံးရခြင်းရှိ၊ မရှိ၊ မကျန်းမာပါက ဆေးကုသ ရန် အခွင့်အရေးရှိ၊ မရှိ၊ တရားရုံးအမှုများစစ်ဆေးရန် ကြန့်ကြာမှုရှိ၊ မရှိ စသည့်အချက်များကို ကြည့်ရှုစစ်ဆေး သည်။

အချုပ်သားနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဥပဒေနှင့်မညီဘဲ မတရား ဆောင်ရွက် နေမှု ရှိ၊ မရှိ၊ အမှုစစ်ဆေးရာတွင် ကြန့်ကြာမှု ရှိ၊ မရှိတို့ကို အချုပ်တရားခံများနှင့် တွေ့ဆုံမေးမြန်းကာ အဆောင်များ ကို လှည့်လည်ကြည့်ရှုစစ်ဆေးဆောင်ရွက်သည်။

ထို့နောက် ပေါက်မြို့နယ်တရားရုံးအား သွားရောက် ကြည့်ရှုစစ်ဆေးပြီး တရားရုံးဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# အဖေတစ်ခု သားတစ်ခု

တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)

ဆောင်းပါးခေါင်းစဉ်ကို ဖတ်လိုက်သည်နှင့်ရုပ်ရှင်ချစ်ပရိသတ်များ ရုပ်ရှင်သရုပ်ဆောင်စိန်မြင့်နှင့် ကလေးသရုပ်ဆောင်အောင်ထွန်းလေးတို့ကို ပြေးမြင်ကြမည်မှာ မလွဲ။ ထိုဇာတ်ကားရုံတင်ပြသခဲ့သည်မှာ ၃၈ နှစ် ကြာခဲ့ပြီဖြစ်သော်လည်း မနေ့တစ်နေ့ကလို အမှတ်ရနေကြဆဲ။ မြန်မာ့ရုပ်မြင်သံကြားမှလည်း ထိုဇာတ်ကားကို ပြန်လည်ပြသပေးနေသည့်အတွက် မျိုးဆက်သစ်များလည်း ကြည့်ကြရမည်ထင်ပါသည်။ နိုင်ငံတစ်ဝန်း လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားခဲ့ပြီး ပရိသတ်မျက်ရည်ကို ခြွေချနိုင်စွမ်းရှိသည့် ဇာတ်ကားတစ်ကားပါ။ နယူးဘားမားရုပ်ရှင်ထုတ်လုပ်ရေးမှ ၁၉၇၅ ခုနှစ်တွင် စတင်ရိုက်ကူးခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် ရုံတင်ပြသခဲ့သည့် ဒါရိုက်တာမောင်နန္ဒ၏ လက်ရာ။ သရုပ်ဆောင် စိန်မြင့်၊ ဆွေဇင်ထိုက်၊ ကလေးသရုပ်ဆောင် အောင်ထွန်းလေး၊ ဇော်လင်းတို့နှင့်အတူ ဝါရင့်သမ္ဘာရင့် ဇာတ်ပို့များဖြစ်ကြသည့် စိန်ဂွန်းထွန်းရွှေ၊ သီတာခင်ထွေး၊ ဒေါ်ဂျမ်းစိန်၊ မြင့်ဖေနှင့်မအေးကြည်တို့ ပါဝင်ထားကြသည်။

ဇာတ်လမ်းအကျဉ်းချုပ်မှာ အရှက်နှင့် သိက္ခာအတွက် လူ့အသက်တစ်ချောင်းကို ထည့်မတွက်၊ ဂုဏ်သိက္ခာကို ရှေ့တန်းတင်သော လူ့အသိုင်းအဝိုင်းတစ်ခုမှ ဖခင်အမည်မဖော်လိုသည့်အတွက် မွေးကင်းစကလေးငယ်ကို ရက်ရက်စက်စက် စွန့်ပစ်ခဲ့ကြသည်။ သေကံမရောက် သက်မပျောက် ကံအကြောင်းတိုက်ဆိုင်၍တွေ့ရှိသွားသူက ဆင်ခြေဖုံးရပ်ကွက်နေ လက်လုပ်လက်စားကျပန်းဈေးရောင်းသူ စိန်မြင့်။ ကောက်ယူမွေးစားရန် အခက်အခဲများစွာရှိကြောင်း တွေးမိသော်လည်း သူ့တွင်ဥပေက္ခာပြုနိုင်သော နှလုံးသားမရှိ။ အိမ်မရှိဘဲခွေးမွေးဆိုသကဲ့သို့ မိခင်အိုကြီးနှင့် ချို့ချို့ငဲ့ငဲ့နေရသည့်ကြားမှ ထိုကလေးကို ဒုက္ခခံမွေးခဲ့သည်။ မိဘရင်းနှင့်မခြား သူသည်ပင်အဖေ၊ သူသည်ပင် အမေ။ အရေးထဲမိခင်ကြီးဆုံးပါးသွားရာ ပို၍သောကဗျာပါဒများတော့သည်။ တစ်ကိုယ်တည်းသမားမို့ ကူဖော်လောင်ဖက်မရှိ။ ကလေးကို အိမ်မှာထားခဲ့၍ မရ။ ဈေးရောင်း ထွက်လေတိုင်း ခေါ်သွားရသည်။ သစ်သီးခြင်းတောင်းထဲထည့်၍ တစ်မျိုး၊ တွန်းလှည်းဖြင့် ရောင်းသည့် ရေခဲချောင်းပုံးပေါ်တင်တွန်းသည်က တစ်ဖုံ၊ ပူဖောင်းရောင်းသည့်အခါ လက်ကဆွဲသည်က တစ်နည်း၊ နေပူမရှောင်၊ မိုးရွာမရှောင် ပင်ပန်းကြီးစွာ ရုန်းကန်နေရသော်လည်း ပင်ပန်းသည်ဟုမထင်။ သားအဖနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အပျော်ကြီးပျော်ခဲ့ကြသည်။ ဤသို့ဖြင့် ကလေးငယ်သည် တဖြည်းဖြည်းကြီးပြင်းလာခဲ့ရာ သားအဖနှစ်ဦး၏ သံယောဇဉ် အညွန့်အဖူးလေးတွေကလည်း တစ်ဆင့်ထက်တစ်ဆင့် ရင့်သထက်ရင့်သန်လာလေတော့သည်။ ထိုစဉ် မိခင်ရင်းဖြစ်သူ ဆွေဇင်ထိုက်ပေါ်လာပြီး ကလေးကိုပြန်လိုချင်ကြောင်း ပြောလာသည်။ ကလေးမိဘအသိုင်းအဝိုင်းဘက်က ချော့တစ်ခါ ခြောက်တစ်လှည့်ဖြင့် ကလေးပြန်ရရေးအပြင်းအထန် ကြိုးစားလာရာ စိန်မြင့်ဘက်ကလည်း ပြန်မပေးနိုင်၊ ပြန်မပေးချင်။ ကလေးဘက်ကလည်း စိန်မြင့်ကိုသာ သံယောဇဉ်တွယ်ပြီး မခွဲနိုင်မခွာရက် သောကများကြတော့သည်။ နောက်ဆုံးစိန်မြင့်ကပင် ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုတွေးပြီး အလျှော့ပေးကာ ကလေးဘဝ ကောင်းစားရေးအတွက် ကလေးကိုစွန့်လွှတ်ဖို့ကြိုးစားသည်။ ကြေကွဲသမျှအံကြိတ်ခံရင်း ကလေးသူ့ကို မခင်တွယ်လေအောင် မုန်းဟန်ပြသည်။ ကလေးက စိန်မြင့်သူ့ကို မုန်းဟန်ပြသော်လည်း အချစ်မပျက် ခွဲဖို့ခက်သည့်အဆုံး မိခင်ရင်းဘက်က ကလေးကို မရမကဆွဲခေါ်သွားပြီး ချမ်းသာကြွယ်ဝသောအသိုင်းအဝိုင်းဖြစ်သည့်အတွက် ကလေးကို လိုလေသေးမရှိထားသည်။ သို့သော် ကလေးသည်မပျော်၊ စိတ်ဆင်းရဲပြီး ဖခင်စိန်မြင့်ကိုသာ တမ်းတလျက် စိန်မြင့်ကလည်း ကလေးနှင့် ခွဲလိုက်ရသည့်အတွက် မစားနိုင်၊မအိပ်နိုင်၊တမှိုင်မှိုင်။ တစ်နေ့ကလေးသည် မိခင်အလစ် အိမ်မှခိုးထွက်ပြီး ဖခင်ရှိရာ ဆင်ခြေဖုံးရပ်ကွက်သို့ အပြေးပြန်သည်။ ဖခင်ကို တွေ့လိုဇောဖြင့် ကလေးသည် အခြားဘက်ကိုမှမမြင်၊ သားအဖနှစ်ဦး တစ်ဦးနှင့်တစ်ဦး မြင်နေရပြီး ပြန်ဆုံကြမည့်ဆဲဆဲတွင် အရှိန်ပြင်းစွာ မောင်းနှင်လာသည့် ကားနှင့် ကလေးကိုတိုက်မိတော့မည်ဖြစ်ရာ စိန်မြင့်သည် ကလေးကို အသက်နှင့်လဲပြီး ကာကွယ်လိုက်သည့်အတွက် ကလေးသည် အန္တရာယ်မှ လွတ်ကင်းသွားသော်လည်း စိန်မြင့်သည် ကားတိုက်ခံရသည့်ဒဏ်ရာဖြင့် ထိုနေရာတွင်ပင်ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။ အင်အားကြီးမားလှသည့် မိဘမေတ္တာကိုပေါ်လွင်အောင် ရိုက်ကူးပုံဖော်ထားသည့် ဇာတ်ကား။

၅၂၈ မေတ္တာကို အခြေခံသည့် ဇာတ်လမ်းများရိုက်ကူးရာတွင် ပရိသတ်ကို ဖမ်းစားရခက်သည်။ အခန့်မသင့်က ပရိသတ်ငြီးငွေ့သွားတတ်သည်။ ဒါရိုက်တာ၏ စေ့စပ်သေချာမှု၊ လက်ရာမြောက်မှု၊ စိန်မြင့်၏ မရှိတာရှိတာအပထား မေတ္တာတရားကြီးမားလှသော ဖခင်တစ်ဦး၏အသွင်ပီပြင်စွာ သရုပ်ဆောင်နိုင်မှု၊ အောင်ထွန်းလေး၏ တွတ်တီးတွတ်တာ ချစ်စဖွယ်အမူအရာများဖြင့် ဖခင်အပေါ် သံယောဇဉ်ကြီးမားလှသည့် ကလေးတစ်ဦးအသွင် ပီပြင်စွာ သရုပ်ဆောင်နိုင်မှု၊ ဇာတ်ပို့ဇာတ်ရံတို့၏ ဇာတ်လမ်းနှင့်အံဝင်ခွင်ကျ အထောက်အပို့ကောင်းမှုတို့ကြောင့် ပရိသတ်ငြီးငွေ့ချိန်မရ။ သဘာဝကို ဟာသလေးနှောပြီး တင်ဆက်ထားပြန်သဖြင့် ဇာတ်ကားအစမှ အဆုံးတိုင် ပရိသတ်ကိုအာရုံမပြတ်ဆွဲခေါ်သွားနိုင်သည်။ ဒါရိုက်တာသည် ကြည်နူးဖွယ်ရာ ကောင်းလှသည့်သားအဖနှစ်ဦး၏ သံယောဇဉ်ကို အဆုံးအထိ ဆွဲဆန့်ပြီးမှ ပရိသတ်အရှိုက်ထိအောင် အလွမ်းဖြင့် ဇာတ်သိမ်းပြလိုက်သည့်အတွက် ထိုစဉ်က လက်ကိုင်ပဝါပါမသွားသည့်ပရိသတ်များ အခက်တွေ့ကြသည်။

၁၉၇၇ ခုနှစ်တွင် စိန်မြင့်သည် အဆိုပါ "အဖေတစ်ခု သားတစ်ခု" ဇာတ်ကားဖြင့် အကောင်းဆုံးသရုပ်ဆောင် အကယ်ဒမီထူးချွန်ဆုရရှိခဲ့ပြီး ရုပ်ရှင်ဇာတ်ကားများဆက်တိုက်ရိုက်ကူး၍ အရှိန်ကောင်းနေဆဲ ၁၉၈၇ခုနှစ် ဇန်နဝါရီလတွင် ကွယ်လွန်သွားခဲ့သည်။

အကယ်ဒမီစိန်မြင့်ကို ၁၉၄၉ ခု အင်္ဂါနေ့မှာ မွေးဖွားသည်။ မင်းသားဖြစ်ရန်ရည်ရွယ်ရင်း မရှိ။ သို့သော် ဇာတာကပါလာသည်။ အပွေးမြင်အပင်သိ၊ ဒါရိုက်တာ ရှုမဝချစ်စိန်၏ စင်တင်ပေးမှုဖြင့် ရုပ်ရှင်လောကထဲရောက်ရှိခဲ့သူ။ ၁၉၆၈ ခုနှစ်မှ၁၉၈၇ ခုနှစ်အထိ ရုပ်ရှင်ဇာတ်ကားပေါင်း ၄၆ ကားရိုက်ကူးခဲ့ရာ အများဆုံးရိုက်ကူးခဲ့သည့် ဒါရိုက်တာများမှာ ရှုမဝချစ်စိန်နှင့် မောင်နန္ဒ၊ မင်းသမီး တင်တင်နွဲ့၊ နွဲ့နွဲ့မူ၊ ဆွေဇင်ထိုက်တို့နှင့် တွဲဖက်ရိုက်ကူးမှုများပြီး အောင်မြင်ကျော်ကြားခဲ့သည့် ဇာတ်ကားများအနက် အချို့ကို ဖော်ပြရလျှင် အဖေတစ်ခု သားတစ်ခု(ဇော်လင်း၊ ဆွေဇင်ထိုက်၊ အောင်ထွန်းလေးတို့နှင့်)၊ ရုပ်ရှင်ရူးမလေး (ခင်သန်းနုနှင့်)၊ စံရွှေမြင့်ရဲ့ မာမာ(နွဲ့နွဲ့မူနှင့်)၊ လူဆိုးတွေနဲ့ မောင်တိုင်ပင် (မြင့်မြင့်ခင်နှင့်)၊မောင့်လက်သံတည့်တည့်(ခင်ယုမေနှင့်)၊ မယားနေစကြောင်သေမှ(ဆွေဇင်ထိုက်နှင့်)၊ ချဉ်သီးနှင့်ဆား (ဒေစီကျော်ဝင်းနှင့်)၊ ဆိတ်မြည်သံ(ခင်မိုးမိုးနှင့်)၊ မဟာဆန်ချင်သူ(ထွန်းဝေ၊ ကြည်ကြည်ဌေးတို့နှင့်)၊ ဪရုပ်ရှင် (တွံတေးသိန်းတန်၊ စန္ဒာတို့နှင့်)။

ရုပ်ရှင်အတွက်ရင်းလိုက်ရသည့်စိန်မြင့်၏တကယ့်ဖြစ်ရပ်လေးတစ်ခုမှာ ၁၉၇၅ ခုနှစ်တွင်ရုံတင်ပြသခဲ့သည့်ဒါရိုက်တာမောင်နန္ဒ၏လက်ရာ "ရန်စွယ်ကြားက လှုဥမ္မာ" ဇာတ်ကားအတွက်စစ်ကိုင်းတောင်ရိုးတစ်ဝိုက်သို့ ဇာတ်ဝင်ခန်းများ သွားရောက်ရိုက်ကူးစဉ် ဇာတ်ကြမ်းကားဖြစ်သည့်အတွက်ပီပြင်အောင် စွန့်စွန့်စားစား ကြမ်းကြမ်းရမ်းရမ်း ရိုက်ကူးကြရသည်။ ဇာတ်လမ်းအရ လူဆိုးများ ဆွေဇင်ထိုက်ကို ဖမ်းခေါ်သွားရာ စိန်မြင့်သည် မြင်းကိုဒုန်းစီးပြီး လိုက်လံကယ်တင်သည်။ ထိုစဉ်ရှေ့လှည်းပေါ်က ဆွေဇင်ထိုက်ကို လှမ်းဆွဲပြီး သူစီးလာသောမြင်းပေါ်သို့ ပွေ့အတင် အခန့်မသင့်၍ စိန်မြင့်မြင်းပေါ်မှ ပြုတ်ကျပြီး ပေါင်ကျိုးသွားခဲ့သည်။ အရေးပေါ်စစ်ကိုင်းဆေးရုံသို့တင်ပြီး ထိုမှတစ်ဆင့် မန္တလေးဆေးရုံသို့ ပို့၍ စတီးချောင်းအစားထိုးကုသခဲ့ရာ ခြောက်လခန့် အနားယူလိုက်ရသည်။

ဘဝလက်တွဲဖော်အဖြစ် အကယ်ဒမီဆွေဇင်ထိုက်နှင့် ဖူးစာဆုံခဲ့ပြီး သမီး နွေးနွေးစိန်မြင့်ကို မွေးဖွားခဲ့သည်။ လှော်ကောင်းတုန်းတက်ကျိုးသည့် အဖြစ်မျိုးကြုံခဲ့ရသော်လည်း ကံပေးသမျှ လူ့ဘဝ၌နေခွင့်ရခိုက် အချိန်ကို အကျိုးရှိစွာ အသုံးချရင်း ရုပ်ရှင်လောကအတွက် အောင်မြင်မှုမှတ်တိုင်များ စိုက်ထူနိုင်ခဲ့သည့် ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီ စိန်မြင့်သို့ ပြန်လည် အမှတ်ရစိမ့်သောငှာ ဤဆောင်းပါးကို ရေးသားလိုက်ရပါသည်။ ။

# ပြန်ပြီးပေးဆပ်တတ်တယ်ဆိုတာလည်း ဘဝမှာ အရေးကြီးဆုံးအရာတစ်ခုပါလို့ အိန်ဂျလီနာဂျိုလီဆို



အိန်ဂျလီနာဂျိုလီက သမီးဖြစ်သူရှိုင်လိုကို လူတစ်ဦးချင်းအတွက်ပဲဖြစ်ဖြစ်၊ အများအတွက်ပဲဖြစ်ဖြစ်မျှော်လင့်ချက်မပါဘဲ ပေးဆပ်တတ်ခြင်းဟာ ဘဝရဲ့ အရေးကြီးဆုံးကိစ္စရပ်ဖြစ်ပါတယ်ဆိုကာ လက်တွေ့နယ်ပယ်ထဲခေါ်ပြီး သွန်သင်ပေးခဲ့ပါတယ်။ အော်စကာမင်းသမီးက အသက်(၉)နှစ်အရွယ်ရှိ ရှိုင်လိုကို ကမ္ဘာ့ဒုက္ခသည်များနေ့ အခမ်းအနားကျင်းပသည်။ တူရကီနိုင်ငံသို့အတူခေါ်သွားပြီး ကမ္ဘာ့ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ မစ္စတာအန်တိုနီယိုဂူတာရက်ဇ်နှင့်လည်း အမှတ်တရ ဓာတ်ပုံရိုက်ကူးခဲ့ပါတယ်။

ဂျိုလီက" ကျွန်မတို့ကမ္ဘာကြီးမှာ ဘာတွေဘယ်လိုပဲတိုးတက်နေစေဦးတော့ တကယ်ကြွခိုင်သန်စွမ်းပြီး နေပျော်စရာကောင်းတဲ့ဝန်းကျင်ဆိုတာ အတိဒုက္ခရောက်နေသူတွေရှိသမျှ ဖြစ်လာဦးမှာ မဟုတ်ပါဘူး။ လူ့အခွင့်အရေးဆိုတာ ဘာမှန်းမသိလောက်အောင်ကို ချိုးဖောက်ခံနေရသူတွေရှိပါတယ်။ အခုထိ ဗုံးသံ၊ သေနတ်သံတွေကြား အသက်ရှင်ဖို့ မျှော်လင့်ချက်တစ်ခုတည်းနဲ့ ပြေးလွှားနေရသူတွေရှိဆဲပါပဲ။ ဆီးရီးယားနဲ့ အီရတ်ဒုက္ခသည်တွေဟာ အဆိုးဆုံးပါပဲ" ဟု ပြောကြားခဲ့တယ်။

ရှိုင်လိုဟာ လူမြင်ကွင်းကို သိပ်ထွက်လေ့ထွက်ထမရှိဘဲသူ့ကို ပြီးခဲ့တဲ့မတ်လအတွင်းမှာ အစ်မဖြစ်သူ ဇာဟာရာနဲ့အတူ နီကီလိုဒီကလေးဆုချီးမြှင့်ပွဲမှာ နောက်ဆုံးမြင်တွေ့ခဲ့ရတာဖြစ်ပါတယ်။ **[မေလှဲ့သင်း]**

## ရုပ်မြင်သံကြားအစီအစဉ်များ

၂၅ - ၆ - ၂၀၁၅ (ကြာသပတေးနေ့)

### မြဝတီ

၆း၀၃ တရားတော်
၆း၂၅ ဓမ္မပူဇာတေး
၈း၀၄ အမျိုးသားရေးတေးကဗျာ
၈း၂၅ DVD Hits
၈း၃၅ ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ
၈း၅၅ လျှပ်တစ်ပြက်
၄း၀၈ မျိုးချစ်တပ်မတော်
၄း၂၅ ချစ်သူစုံတွဲတူယှဉ်နွှဲ
၄း၅၀ မွေးမြူသုတ
၅း၁၀ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အတိတ်ရဲ့ချစ်ခြင်း" (အပိုင်း-၅၀)
၆း၃၅ Hello Miss Universe
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပန်းခူးသူဆူးစူးပါစေ" (အပိုင်း-၅၅)
-ရှင်းဟွာရဲ့ဂိမ်းကမ္ဘာ
-ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင်ပေါင်ချိန်" (ဒုတိယတွဲ) (အပိုင်း-၃)

### MRTV - 4

AM & PM

၅း၂၀ MRTV-4 သတင်း
၅း၄၀ "သစ္စာအနက် (၁၆)ချက်၊ အမှတ်(၁၅)" တရားတော် (ဓမ္မရုံသီဆရာတော် ဘဒ္ဒန္တသုနန္ဒ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၅၁)
၈း၀၀ Cartoon Series (Go Go Giggles)
၉၄၀ ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ
၉း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၃)
၉း၄၅ အနုပညာမိုးကောင်းကင်
၁၀း၁၀ ခေတ်သစ်ပျိုမေ
၁၁း၀၅ Food & Decor
၁၁း၃၅ MRTV-4 Stage
၁၂း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲက ရင်ခုန်သံ" (အပိုင်း-၃၆)
၁း၀၀ "သစ္စာအနက် (၁၆)ချက်၊ အမှတ်(၁၅)" တရားတော် (ဓမ္မရုံသီဆရာတော် ဘဒ္ဒန္တသုနန္ဒ)
၂း၀၀ MRTV-4သတင်း
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဟာသကျေးရွာ" (အီဘိုလာ)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၅၁)
၄း၀၅ Cartoon Series (Go Go Giggles)
၄း၃၀ ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ
၄း၄၅ ရန်ကုန်မြင်ကွင်းကျယ် (မြန်မာစာအသံထွက်စနစ် မိတ်ဆက်ခြင်း)
၅း၀၅ ခေတ်သစ်ပျိုမေ
၅း၅၀ Miss Myanmar World 2015
၆း၀၀ MRTV-4 သတင်း
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၅၂)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဟာသကျေးရွာ" (အပိုင်း-၁)
၈း၀၀ MRTV-4 သတင်း
၈း၁၅ ရသစုံညွှန်းတမ်းများ
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာပွင့်သောပန်း" (အပိုင်း-၄)
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲက ရင်ခုန်သံ" (အပိုင်း-၃၇)
၉း၅၅ အနုပညာမိုးကောင်းကင်
၁၀း၀၅ World of Knowledge (Megastructures:Air Force Transport)
၁၁း၅၀ "သစ္စာအနက် (၁၆)ချက်၊ အမှတ်(၁၅)" တရားတော် (ဓမ္မရုံသီဆရာတော် ဘဒ္ဒန္တသုနန္ဒ)
၁၂း၅၀ ခေတ်သစ်ပျိုမေ
၁း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာပွင့်သောပန်း" (အပိုင်း-၄)
၂း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲက ရင်ခုန်သံ" (အပိုင်း-၃၇)
၂း၄၀ MRTV-4 Stage
၃း၁၅ Education Talk [မြန်မာစာအရေးအသားနှင့် ကွန်ပျူတာနည်းပညာ (အပိုင်း-၂)]

### mitv

- Great Shwedagon: The Sacred Hair Relics Hailing Pogodas
- Pyin Oo Lwin Sweater
- Taung Byone Nat Festival (Ep-4)
- Today Myanmar & ICT "Economic Sector and ICT
- Mosaic Painting (Precious Stones & Gems)
- A Lucky Boy
- Caneball Sport: Chinlone & The Dreams of the players
- Myanmar's Traditions and Culture: The Golden Land
- Mrauk U, Treasure Trove of Rakhine Culture
- Myanmar Railways City Circular Train
- Innovative Handiworks Based On The Art Of Line Drawing
- Creations of a Designer
- Chef Life "Kyi Soe"
- Caves of Myanmar
- My Life & My Art
- Taung Byone Nat Festival (Ep-3)
- Living Myanmar Glazed Ceramics
- Entrepreneur: Chaw Khin Khin
- Strolling Along A Memory Link - U Pein Bridge
- Parents' Day
- Shots & Logs (Ep-2) Ye' Pyae
- Grow Back for Posterity

**အားကစား**

## ရီးယဲလ်၏နည်းပြဖြစ်လာရန် ဇီဒန်း ဆန္ဒရှိ

ဇီဒန်းက ရီးယဲလ်အသင်းအနေဖြင့် ၎င်းအား နည်းပြသစ်အဖြစ်ကမ်းလှမ်းလာခဲ့ပါက လက်ခံမိမည်ဖြစ်ကြောင်း ဆိုခဲ့သည်။ အသက်(၄၃)နှစ်အရွယ်ရှိ ဇီဒန်းသည် လက်ရှိတွင် ရီးယဲလ်လူငယ်အသင်းနည်းပြအဖြစ် ဆောင်ရွက်နေသူဖြစ်ကာ အန်စလော့တီအား ထုတ်ပယ်ခဲ့လျှင် ရီးယဲလ်နည်းပြသစ်အဖြစ်ခန့်အပ်ခံရမည့်သူအဖြစ် ထိပ်ဆုံးမှ ရေပန်းစားခဲ့သူဖြစ်သည်။

သို့သော် ရီးယဲလ်က နည်းပြအန်စလော့တီကို ထုတ်ပယ်ပြီး ချက်ချင်းဆိုသလိုပင် နာပိုလီနည်းပြဘင်နီတက်ဇ်အား နည်းပြသစ်အဖြစ် အလျင်အမြန်အစားထိုးခန့်အပ်ခဲ့သည်။ ဇီဒန်းက ဥက္ကဋ္ဌပီရက်ဇ်၏ ဘင်နီတက်ဇ်အားနည်းပြသစ်အဖြစ်ခန့်အပ်ခဲ့ခြင်းအပေါ် အံ့သြခြင်းမဖြစ်မိသော်လည်း စိန်ခေါ်မှုများကို ကြိုက်နှစ်သက်သူဖြစ်သည့်အတွက် ၎င်းအားနည်းပြသစ်အဖြစ် ကမ်းလှမ်းလာခဲ့လျှင်လည်း ငြင်းပယ်မည်မဟုတ်ဟု ပြင်သစ်ဘောလုံး မဂ္ဂဇင်းသို့ပြောကြားခဲ့သည်။

ဇီဒန်းက“ ကျွန်တော့်ကို အဲဒီအချိန်က အန်စလော့တီနေရာကို ဆက်ခံဖို့ကမ်းလှမ်းလာခဲ့ရင်လည်း လက်ခံမှာပါ။ ဒါပေမယ့် အခုဘင်နီတက်ဇ်ကို ခန့်အပ်ခဲ့တဲ့အပေါ်မှာလည်း စိတ်ပျက်တာမျိုး မရှိပါဘူး။ ဥက္ကဋ္ဌ ပီရက်ဇ်အနေနဲ့ ကြိုက်နှစ်သက်တဲ့သူကို ခေါ်ယူတာဝန်ယူခိုင်းလို့ရပါတယ်။ ကျွန်တော့်အတွက်လည်း အချိန်မကျသေးပါဘူး”ဟု ပြောကြားခဲ့သည်။





မေလှဲ့သင်း
စုစည်း
ရေးသားသည်။

## ဖက်ဒရာ နှင့် နာဒဲလ် တို့ အနားယူခဲ့လျှင် တင်းနစ်လောကအရည်အသွေးကျဆင်းသွားမည်ကို ဘောရစ်ဘက်ကာ စိုးရိမ်

ဂရင်းစလင်းခြောက်ကြိမ်ဆုရှင် ဘောရစ်ဘက်ကာက အကယ်၍ ဖက်ဒရာနှင့် နာဒဲလ်တို့သာ ကစားသမားဘဝမှ အနားယူသွားခဲ့လျှင် တင်းနစ်လောက၏ကျော်ကြားမှု အရည်အသွေးများ ကျဆင်းသွားမည်ကို စိုးရိမ်မိကြောင်း ဆိုခဲ့သည်။

အသက်(၄၇)နှစ်ရှိဘက်ကာက ဂျိုကိုဗစ်ချ်၊ ဖက်ဒရာ၊ နာဒဲလ်နှင့် အင်ဒီမာရေးတို့သာလျှင် တင်းနစ်လောက၏ထိပ်တန်းကစားသမားလေးဦးအဖြစ်လက်ခံထားသည်။

ဘက်ကာက လက်ရှိတင်းနစ်လောကမှာ အင်အားအကောင်းဆုံးအနေအထားတစ်ရပ်ကို ပိုင်ဆိုင်ထားသော်လည်း ဂျိုကိုဗစ်ချ်နှင့် မာရေးတို့နှစ်ဦးတည်းဖြင့် ယင်းအခြေအနေကို ထိန်းကျောင်းနိုင်မည် မဟုတ်ကြောင်း ဆိုခဲ့သည်။

ဘက်ကာက “အခုအချိန်မှာတော့ ဖက်ဒရာ၊ နာဒဲလ်၊ ဂျိုကိုဗစ်ချ်နှင့် မာရေးတို့လေးဦးစလုံး တင်းနစ်လောကမှာရှိနေတော့ ဒီလောကအတွက် အကောင်းဆုံးအခြေအနေပေါ့။ ဒါပေမယ့် ဖက်ဒရာနဲ့ နာဒဲလ်တို့နှစ်ဦးသာ အနားယူခဲ့ရင် ဂျိုကိုဗစ်ချ်နဲ့ မာရေးတို့နှစ်ဦးတည်းနဲ့ဒီလောက်အထိအင်အားကောင်းအောင် တည်ဆောက်နိုင်မှာ မဟုတ်တော့ပါဘူး။ ဩစတြေးလျက နစ်ခ်ခရူချီယိုနဲ့တန်နကီနာကတ်စ်တို့နှစ်ဦးဟာ နောက်တက်တွေထဲမှာ အလားအလာရှိတဲ့ကစားသမားနှစ်ဦးဆိုပေမယ့် သူတို့နှစ်ဦး ထိပ်တန်းအဆင့် မရောက်လာသေးခင် တင်းနစ်လောကအနေနဲ့ မျိုးဆက်ပြတ်သွားတဲ့ ပြဿနာကိုရင်ဆိုင်ရမှာပါ။ အဲဒီအခါမှာ ပရိသတ်တွေက ၁၀ စုနှစ်တစ်ခုကျော်ကြာ အားကောင်းကောင်းနဲ့ချီတက်လာခဲ့တဲ့တင်းနစ်လောကကို စိတ်ဝင်စားမှုကျဆင်းသွားနိုင်ပါတယ်” ဟု ပြောကြားခဲ့သည်။ လက်ရှိကမ္ဘာ့ အဆင့်(၂) ဆွစ်ဇာလန်တင်းနစ် အကျော်အမော် ဖက်ဒရာမှာ အသက်(၃၃)နှစ်ရှိပြီဖြစ်သော်လည်း အနားယူရန် စဉ်းစားထားခြင်းမရှိဘဲ ဇွန် ၂၉ရက်တွင် စတင်ယှဉ်ပြိုင်မည့် ဝင်ဘယ်လ်ဒန် တင်းနစ်ပြိုင်ပွဲတွင် ၎င်းအတွက် ရှစ်ကြိမ်မြောက် ချန်ပီယံဆုဖလားကို ကိုင်မြှောက်နိုင်ရန် စိတ်အား ထက်သန်နေသည်။

ဂရင်းစလင်း(၁၄)ကြိမ်အထိ ဆွတ်ခူးထားသော နာဒဲလ်မှာမူ ဒဏ်ရာပြဿနာများကြောင့် လက်ရှိတွင် ၁၀ စုနှစ်အတွင်း အနိမ့်ဆုံးအဆင့်အဖြစ် ကမ္ဘာ့အဆင့်(၁၀) သို့ ကျဆင်းသွားခဲ့သည်။ ❑❑

## ဘောလုံးလောကသတင်းတိုများ

- ဘာစီလိုနာနောက်ခံလူဟောင်း အဘီဒယ်လ်က ဂျိုဟန်လာပေါ်တာသာ နောက်တစ်ကြိမ်ဥက္ကဋ္ဌအဖြစ်အရွေးခံရပါက မက်ဆီလက်သစ်ကစားသမားနောက်တစ်ဦးအား နောက်တစ်ကြိမ် ထပ်မံရှာဖွေနိုင်ဦးမည်ဟုပြောကြားခဲ့သည်။
- ရီးယဲလ်ဂိုးသမားနာဗက်စ်က ၎င်း၏အသေးစားအရွတ်ဒဏ်ရာများကိုခွဲစိတ်မှုပြုရမည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။
- ဘိုင်ယန်နည်းပြ ဂွါဒီယိုလာက ဘောလုံးလောကတွင် ကျင်လည်နေခြင်းမှာ ဆုဖလားများရရှိရန်အတွက်သာမဟုတ်ဘဲ ဘောလုံးကိုချစ်မြတ်နိုး၍သာဖြစ်သည်ဟု ဆိုခဲ့သည်။
- ရီးယဲလ်ကွင်းလယ်ကစားသမားတိုနီခရူးစ်က လက်ရှိဘိုင်ယန်နည်းပြ ဂွါဒီယိုလာ၏စာချုပ်မှာ ၂၀၁၆အထိဖြစ်သော်လည်း အန်စလော့တီသာ ဘိုင်ယန်နည်းပြတာဝန်ကို ရယူလျှင်လည်း အောင်မြင်မည်ဟုဆိုခဲ့သည်။
- ပေါ်တိုတိုက်စစ်မှူး ဂျက်ဆန်မာတီနက်ဇ်အား အက်သလက်တီကို အသင်းက ပြောင်းရွှေ့ကြေးယူရို၃၅သန်းဖြင့် လေးနှစ်စာချုပ်ချုပ်ဆိုခေါ်ယူမည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။
- လီဗာပူးအသင်းခေါင်းဆောင်ဟောင်း စတီဗင်ဂျာရတ်က လီဗာပူးအနေဖြင့် တိုက်စစ်မှူး ဆွာရက်ဇ်၏နေရာကို ပြန်လည်အစားထိုးရန် ကြိုးပမ်းခြင်းမှာ မဖြစ်နိုင်သော ကိစ္စရပ်သာဖြစ်သည်ဟု ဆိုခဲ့သည်။
- မန်ယူအသင်းသည် လာဇီယိုကွင်းလယ်လူ လူးကပ်စ်ဘီဂလီယာအား ပြောင်းရွှေ့ကြေး ပေါင် ၁၈ ဒသမ၅သန်းဖြင့် ခေါ်ယူရန် ကြိုးပမ်းနေသည်။

## အာဂျင်တီးနားမှာ မက်ဆီထက် ပိုမိုကြီးမြတ်သော ဂုဏ်သိက္ခာရှိဟု မူရီလို ယုံကြည်

ကိုလံဘီယာနောက်တန်းကစားသမား မူရူလိုက အာဂျင်တီးနားတွင် မက်ဆီတစ်ယောက်သာ ကောင်းသည်မဟုတ်ဘဲ တစ်သင်းလုံးကောင်းသည့် အသင်းဖြစ်သည်ဟု ချီးကျူးပြောကြားခဲ့သည်။ အဆိုပါ ကိုလံဘီယာနောက်ခံကစားသမားက အာဂျင်တီးနားမှာ မက်ဆီအပြင် ရှေ့နောက်၊အလယ်အန္တရာယ်ပေးနိုင်သည့် ကစားသမားများပါဝင်သောကြောင့် ပွဲအစအဆုံးအာရုံစူးစိုက်မှုအပြည့်ဖြင့် ကစားမှသာ အဆင်ပြေနိုင်မည်ဖြစ်သည်ဟု ကိုလံဘီယာကစားဖော်များအား သတိပေးပြောကြားခဲ့သည်။

ကိုလံဘီယာနှင့် အာဂျင်တီးနားအသင်းတို့သည် ဇွန် ၂၆ရက်နေ့တွင် ကိုပါအမေရိကဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ထိပ်တိုက်တွေ့ဆုံကြရမည်ဖြစ်သည်။

“လူတွေက အခုဆိုအာဂျင်တီးနားအကြောင်းပြောရင် မက်ဆီတစ်ယောက်တည်းကိုပဲ အကောင်းဆုံးကစားသမားလို့မှတ်ယူနေကြတယ်။ ဒါပေမယ့် အာဂျင်တီးနားဟာ ရှေ့နောက်၊အလယ်အကုန်လုံးမှာ အန္တရာယ်ပေးနိုင်တဲ့ကစားသမားတွေပြည့်နေတဲ့အသင်းပါ။ ကျွန်တော်တို့အနေနဲ့ ပွဲချိန်အစအဆုံးအာရုံစူးစိုက်မှုအပြည့်နဲ့ ကစားမှသာ နောက်တစ်ဆင့်တက်လှမ်းနိုင်မှာပါ” ဟု ဆိုခဲ့သည်။

ကိုပါအမေရိကဖလားပွဲစဉ်များမှာ မိနစ်၉၀ အထိ သရေရလဒ်ထွက်ပေါ်နေလျှင် အချိန်ပို မိနစ်၃၀ ကစားရမည်မဟုတ်ဘဲ ပင်နယ်တီအဆုံးအဖြတ်ဖြင့်သာ အနိုင်အရှုံး ဆုံးဖြတ်သွားမည်ဖြစ်သည်။






## နေမာမပါသော်လည်း ဘရာဇီးပိုမိုကောင်းလာဟု ဖာမီနိုပြောကြား

ဘရာဇီးတိုက်စစ်မှူးဖာမီနိုက အသင်းခေါင်းဆောင်နေမာ၏ ပွဲပယ်ပြစ်ဒဏ်ကြောင့် ဘရာဇီးအသင်းကစားပုံဆိုးရွားလာမည်ဟု အများက မျှော်လင့်ခဲ့သော်လည်း ယခုမှပင် ကစားကွက် ပိုမိုကောင်းမွန်လာသည်ဟု ပြောကြားခဲ့သည်။

နေမာသည်အုပ်စု(ဂ)ဒုတိယပွဲစဉ်အဖြစ် ကိုလံဘီယာအသင်းအားရှုံးနိမ့်ခဲ့သော ပွဲစဉ်တွင် ဒေါသမထိန်းနိုင်ဘဲ ကိုလံဘီယာကစားသမားများနှင့်ပြဿနာဖြစ်ပွားကာ တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။

“ကျွန်တော်တို့အနေနဲ့ နေမာရဲ့ပွဲပယ်ပြစ်ဒဏ်ကြောင့် စိတ်မကောင်းဖြစ်ရပါတယ်။ ဒါပေမယ့် ဘရာဇီးအသင်းက နေမာမပါလည်းဘဲ ကိုပါအမေရိကဖလားမှာ ချန်ပီယံဖြစ်နိုင်ပါသေးတယ်။ တောင်အမေရိကအသင်းတွေက အင်မတန်မာကျောတဲ့အသင်းတွေဖြစ်ပြီး တစ်ပွဲထက်တစ်ပွဲ ပိုမိုခက်ခဲလာမှာပါ။ အခုနေမာမပါလည်းဘဲ ဘရာဇီးအသင်း ပိုပြီးတော့တောင် ကောင်းလာပါသေးတယ်။ သေချာတာက ဘရာဇီးအသင်းဟာ လူတစ်ဦးတစ်ယောက်ကောင်းနဲ့ ဖွဲ့စည်းထားတဲ့အသင်းမဟုတ်တာကြောင့် ရလဒ်ပိုင်းအတွက် ဘယ်ကစားသမားကိုမှ မှီခိုနေရမယ့်အသင်း မဟုတ်ပါဘူး” ဟု ဆိုခဲ့သည်။

စိတ်ဓာတ်ခိုင်မာသန့်စွမ်းရေး အားကစားကဏ္ဍမြှင့်တင်ပေး
မူးယစ်ဆေးကို ရှောင်ပါမနေး

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူလူထုဗဟိုပြုသော လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ကွတ်ခိုင်**

ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသအတွင်း ရွှေလီစစ်ဆင်ရေး(၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၀ ရက်က မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်၊ မူးယစ်တပ်ဖွဲ့စု(၁၀၂)နေပြည်တော်နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့အထွက် လွိုင်ဆမ်ဆစ်ဂေါက်ကွင်းအနီး ကွတ်ခိုင်မြို့မှလားရှိုးမြို့သို့ မောင်းနှင်လာသည့် DD/ ---- AD VEN မော်တော်ယာဉ်ကို ရှာဖွေရာ ခရီးသည် မနူးဂျာတင်ဆောင်လာသည့် ဆာလာအိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၆၆ ခွက် (ဘိန်းဖြူ အလေးချိန် သုည ဒသမ ၇၉၂ ကီလို)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၆၅၀တို့ကို သိမ်းဆည်းရမိပြီး မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက်နေ မူးယစ်ဆေးဝါးများသယ်ဆောင်ခိုင်းသူ ခွန်းချိုအား ကွတ်ခိုင်မြို့ တည်းခိုခန်းတွင် ဖမ်းဆီးရမိသဖြင့် မနူးဂျာ (၂၈)နှစ်နှင့် ခွန်းချို (၃၀) နှစ်တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ဇွန် ၁၉ ရက်က ကွတ်ခိုင်မြို့ နမ့်ဖက်ကာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကွတ်ခိုင်မြို့နယ် နမ့်ဖက်ကာကျေးရွာတွင် တွေ့ရှိသူ ရန်အိမ်ဝမ်အား ရှာဖွေရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ ဘိန်းဖြူ သုည ဒသမ ၀၀၆၃ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၄၈ ပြား သိမ်းဆည်းရမိသဖြင့် ရန်အိမ်ဝမ် (၄၈)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**နောင်ချို**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသအတွင်း ရွှေလီစစ်ဆင်ရေး(၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၁ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များသည် နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် သီပေါမြို့မှ နောင်ချိုမြို့သို့ ကျော်ဦးမောင်းနှင်ပြီး စိုင်းလိတ်လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃၀ သိမ်းဆည်းရမိသဖြင့် ကျော်ဦး(၄၆) နှစ်နှင့် စိုင်းလိတ် (၃၈)နှစ်တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



မနူးဂျာနှင့် ခွန်းချိုတို့ နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**(ကြေးမုံ)**

# ဖောက်ထွင်းမှုတရားခံများအား တစ်ပတ်အတွင်းဖမ်းဆီးရမိ

**ခမောက်ကြီး ဇွန် ၂၄**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ် အမှတ်(၁) ရပ်ကွက် ကော့သောင်း-ဘုတ်ပြင်း အဝေးပြေးလမ်းမကြီးဘေး ဈေးဆိုင်တွင် ဇွန် ၇ ရက်က ဖောက်ထွင်းခိုးယူမှုဖြစ်စဉ်တွင် ကျူးလွန်ခဲ့ပြီး တိမ်းရှောင်နေသူ သုံးဦးအား တစ်ပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါဖောက်ထွင်းမှုဖြစ်စဉ် ကျူးလွန်သူများ ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ခမောက်ကြီး နယ်မြေရဲတပ်ဖွဲ့များနှင့် ပြည်သူများ၏ ဝိုင်းဝန်းကူညီသတင်းပေးမှုကိုရယူလျက် စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူသုံးဦးအနက် ခမောက်ကြီးမြို့ အမှတ်(၁)ရပ်ကွက်တွင် နေထိုင်ကြသည့် ဘိုဘို(ခ)ကဘို(၂၂)နှစ် နှင့် ဝတုတ်(ခ) သူရအောင်(ခ)ပြည့်ဖြိုး (၂၃) နှစ်တို့နှစ်ဦးအား ထားဝယ်မြို့တွင် ထားဝယ်မြို့နယ်ရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိပြီး သန်းဝင်း(ခ) ထွတ်ပီ (၂၆)နှစ်အား ကော့သောင်းမြို့ (၆)မိုင်ရှိ ၎င်းအလုပ်လုပ်ကိုင်သည့် အလုပ်သမားများ အဆောင်တစ်ခုတွင် ဇွန် ၁၇ ရက်က ဖမ်းဆီးရမိဖော်ထုတ်နိုင်ခဲ့ပြီး ဖောက်ထွင်းမှုကျူးလွန်သူ သုံးဦးအား ကော့သောင်းရဲတပ်ဖွဲ့စခန်းက ဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခမောက်ကြီး(ပြန်/ဆက်)**

# စဉ့်ကိုင်မြို့အဝင်တွင် ကားနှင့်ဆိုင်ကယ်တိုက်မိ၊ တစ်ဦးသေဆုံး

**စဉ့်ကိုင် ဇွန် ၂၄**

စဉ့်ကိုင်မြို့အဝင် အုန်းပင်ခြံကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် (၄၁၁/၅-၆)ကြား၌ ဇွန် ၂၁ ရက် ညနေပိုင်းက ၂၂ ဘီးတွဲယာဉ်နှင့် လမ်းပေါ်ဖြတ်တက်လာသည့် ဆိုင်ကယ်တို့တိုက်မိရာ ဆိုင်ကယ် မောင်းနှင်သူသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ဆည်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်းကောင်းမြတ်သူ (၂၀) နှစ် ချောက်မြို့နေထိုင်သူ မောင်းနှင်လာသည့် 4D/---- ဟွန်ဒိုင်း ၂၂ ဘီးတွဲယာဉ်သည် ရန်ကုန်-မန္တလေးလမ်း၏ အရှေ့ဘက်မှ လမ်းပေါ်ဖြတ်တက်လာသူ ရန်အောင်မြင်ရပ်ကွက်နေထိုင်သည့် ဦးကြည်လင်(၅၄)နှစ် မောင်းနှင်လာသည့် ၅ယ/----- ရင်ဇင်း ဆိုင်ကယ်အား ဝင်ရောက်တိုက်မိရာ ဦးကြည်လင်မှာ ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ဆိုင်ကယ်နောက်မှ လိုက်ပါလာသူ ဦးဝင်းအောင်(၄၂)နှစ် စဉ့်ကိုင်မြို့နယ် မုန့်ပေါင်းကျေးရွာနေသူမှာ ဝဲ၊ ယာ ဒူးပွန်းပဲ့ဒဏ်ရာရရှိပြီး စဉ့်ကိုင်မြို့ ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကောင်းမြတ်သူအား စဉ့်ကိုင်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# ဆင်ပေါင်ဝဲမြို့နယ်တွင် ကားနှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိ၍ နှစ်ဦးဒဏ်ရာရ

**ဆင်ပေါင်ဝဲ ဇွန် ၂၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်-သာဂရ ကားလမ်း မိုင်တိုင်အမှတ် (၉၁/၅) အနီးတွင် ဇွန် ၂၁ ရက် နံနက်ပိုင်းက ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းလမ်းအတိုင်း ကိုးပင်ရွာဘက်မှ သာဂရရွာဘက်သို့ ဆင်ပေါင်ဝဲမြို့နယ် သာစည်ကျေးရွာနေသူယာဉ်မောင်း ဟန်ထွန်း(၅၂)နှစ် မောင်းနှင်လာသည့် 7F/---- ISUZU အဖြူရောင်ယာဉ်နှင့် သာဂရရွာဘက်မှ ကိုးပင်ရွာဘက်သို့ ဆင်ပေါင်ဝဲမြို့နယ် မင်းကန်ရွာနေသူ ခိုင်ဇော်သက် (၁၇)နှစ် မောင်းနှင်ပြီးနောက်တွင် တစ်ရွာတည်းနေ ကျော်လွင်ဦး (၁၉)နှစ် လိုက်ပါလာသော ၂၇ယ/------ KENBO 125 အနက်ရောင် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာ ခိုင်ဇော်သက်နှင့် ကျော်လွင်ဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် ယာဉ်မဆင်မခြင် မောင်းနှင်သူ ဟန်ထွန်းနှင့် ခိုင်ဇော်သက်တို့အား ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## တင်ဒါခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်) အဆောင်(C)အပြီးသတ်လုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အဆိုပါလုပ်ငန်းသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစတင်၍ လုပ်ငန်းစတင်ခဲ့ခြင်းဖြစ်ပြီး အဆောက်အအုံ၏ အမာခံလုပ်ငန်းများ ပြီးစီးနေပြီဖြစ်ပြီး ကျန်ရှိသော အပြီးသတ်လုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ထိ တာဝန်ပေးဆောင်ရွက်ခဲ့သော မူလကုမ္ပဏီအနေဖြင့်လည်း အရည်အသွေးများပြည့်မီစွာဖြင့် လုပ်ငန်းများ ကျေနပ်ဖွယ်ရာ ဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် မူလကုမ္ပဏီနှင့် အရည်အသွေး အာမခံချက် ယှဉ်ပြိုင်တင်သွင်းမည့်သူ ရှိပါက ယှဉ်ပြိုင်နိုင်ရန် တင်ဒါခေါ်ယူခြင်းဖြစ်ပါသည်။

၃။ လုပ်ငန်းများနှင့် ပတ်သက်၍ တင်ဒါပုံစံများအား (၂၅-၆-၂၀၁၅)ရက်နေ့မှ (၃၀-၆-၂၀၁၅)ရက်နေ့အထိ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန(ရုံးချုပ်)ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး (၁-၇-၂၀၁၅)ရက်နေ့ မွန်းလွဲ (၁း၀၀) နာရီတွင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)အစည်းအဝေးခန်းမတွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၄။ တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အခြားသိရှိလိုသည်များအတွက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန (ရုံးချုပ်)နေပြည်တော် ဖုန်းနံပါတ် (၀၆၇-၄၀၈၃၈၄)နှင့် (၀၆၇ ၄၀၈၄၃၆)တို့ထံ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**ယဉ်ကျေးမှုဝန်ကြီးဌာန**

# တမလန်းသစ်များ သိမ်းဆည်းရမိ

**နောင်ချို ဇွန် ၂၄**

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးအဖွဲ့ (Mobile Team) ဌာနပေါင်းစုံစစ်ဆေးရေးအဖွဲ့သည် ဇွန် ၂၀ ရက် ညပိုင်းက နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စစ်ဆေးရေးဂိတ်ကို ရှောင်ကွင်း၍ မောင်းနှင်လာသော ၇ဂ/--- မတ်တူးယာဉ်အားစစ်ဆေးရာ ယာဉ်မောင်းမှာ ထွက်ပြေးသွားပြီး ယာဉ်ပေါ်မှ တမလန်းသစ် ၂၃ တုံး (သုည ဒသမ ၀၆၄ တန်)အား သိမ်းဆည်းရမိခဲ့သည်။ သိမ်းဆည်းရမိသော တမလန်းသစ်များအား နောင်ချိုမြို့နယ် သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပြီး အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# ဇေယျာသီရိမြို့နယ်တွင် ယာဉ်တိုက်မှုဖြစ်ပွား

**နေပြည်တော် ဇွန် ၂၄**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် မိုင်တိုင်အမှတ် (၂၅၃/၂)နှင့်(၂၅၃/၃)အကြား၌ ဇွန် ၂၃ရက် နံနက် ၄နာရီခွဲတွင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တပ်ကုန်းမှ ပျဉ်းမနားသို့ ရဲရင့်အောင် (၃၄)နှစ် မောင်းနှင်လာသော ၃ခ/...... Nissan ၁၂ဘီးယာဉ်သည် ကားပျက်၍ရပ်ထားစဉ် ယာဉ်ကြောတူဘက်မှ နွားထိုးကြီးမြို့နယ် ကင်မွန်းခြံရွာနေ မြင့်သူ (၂၆)နှစ်၊ ယာဉ်နောက်လိုက် သန်းစိုးအောင် (၂၀)နှစ် ဝမ်းတွင်းမြို့နယ် ရွာဝေအုပ်စု ကံမောက်ကြီးရွာနေသူတို့မောင်းနှင်လာသည့် 6I/-------၁၂ဘီးယာဉ်က နောက်မှဝင်တိုက်မိပြီး ယာဘက်ရှိသစ်ပင်အား ဆက်လက်တိုက်မိရာ ယာဉ်မောင်းမှာ ဝဲဒူးခေါင်းကွဲ (မစိုးရိမ်ရ) ဒဏ်ရာရရှိပြီး ယာဉ်ဦးခေါင်းပိုင်း ပျက်စီးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နေပြည်တော် ယာဉ်မှုစစ်တာဝန်မှူး ရဲအုပ်အောင်မျိုးဆွေနှင့်အဖွဲ့က စစ်ဆေးအရေးယူလျက်ရှိကြောင်း သိရသည်။



**မြို့နယ် (ပြန်/ဆက်)**

# ခိုးမှုကျူးလွန်သူအား စစ်ဆေးရာမှ ခိုးမှု ငါးမှုထပ်မံဖော်ထုတ်နိုင်

**နေပြည်တော် ဇွန် ၂၄**

ဇွန် ၂၂ရက် ညနေပိုင်းက ကျောက်ဆည်မြို့ မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အဆိုပါရဲစခန်း (ပ)၇၆/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၈၀ အမှုမှ ပြစ်မှုကျူးလွန်သူ တံတားဦးမြို့နယ် ဘုရားကြီးကုန်းရွာနေ မိုးဆန်း(ခ) ကျော်ဆန်းဦး(၃၁)နှစ်အား စစ်မေးရာ ၂၀၁၄ ခုနှစ် ဇန်နဝါရီလက အောင်မြေသာစံမြို့နယ်အတွင်းမှ Click-125 ခရမ်း/အနက်ရောင်ဆိုင်ကယ်၊ ဖေဖော်ဝါရီလက မဟာအောင်မြေမြို့နယ်အတွင်းမှ V-ANBO-125 အနက်ရောင်ဆိုင်ကယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်အတွင်းမှ SUPER ANBO-125 အနက်/မီးခိုးရောင်ဆိုင်ကယ်၊ ဇူလိုင်လက ပြည်ကြီးတံခွန်မြို့နယ်အတွင်းမှ ဆိုင်ကလုန်း-110 အနက်ရောင်ဆိုင်ကယ်၊ စက်တင်ဘာလက မဟာအောင်မြေမြို့နယ်အတွင်းမှ ANBO-125 ဝါ/နက်ရောင်ဆိုင်ကယ်တို့အား ခိုးယူခဲ့ကြောင်း စစ်ဆေးသိရှိရ၍ ၎င်းအား ကျောက်ဆည်မြို့မရဲစခန်းက ခိုးမှုငါးမှုဖြင့် ထပ်မံအမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

# မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြောပွဲကျင်းပ

**မိုင်းဆတ် ဇွန် ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ်မူးယစ်ဆေးဝါးတိုက်ဖျက်ရေး (ယင်းမာစီမံချက်) အရ ဇွန် ၂၂ ရက် နံနက် ၈ နာရီခွဲက မယ်နင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ပုညသုခဓမ္မာရုံ၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေး နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲကျင်းပရာ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဒေသခံပြည်သူ ၂၅၀ ခန့် တက်ရောက်ပြီး စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြသည်။

ယင်းနောက် နံနက် ၉ နာရီတွင် ဟောပြောပွဲကျင်းပရာ မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းဇော်ဦးက မူးယစ်ဆေးဝါးသုံးစွဲမိသော အကြောင်းအရင်းများခေါင်းစဉ် ဖြင့်လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးဝင်းမင်းထွန်းက မူးယစ်ဆေးဝါး၏ ပြစ်မှု ပြစ်ဒဏ်များခေါင်းစဉ်ဖြင့်လည်းကောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၂၉) မှ ဒုတိယရဲမှူး မြင့်နိုင်ဦးက မူးယစ်ဆေးဝါးသမိုင်းကြောင်း၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များနှင့် မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုမှတ်တမ်းဓာတ်ပုံတို့ကို Power Point ဖြင့် ရှင်းလင်းဟောပြောခဲ့သည်။

**သန်းဇော်(ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဆောင်ရွက်

**မဘိမ်း ဇွန် ၂၄**

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းကို ရှမ်းပြည်နယ် (မြောက်ပိုင်း) မဘိမ်းမြို့ မြို့မရပ်ကွက်နှင့် တိုက်ကုန်းရပ်ကွက်တွင် ဇွန် ၂၂ ရက် နံနက် ၈ နာရီက ကွင်းဆင်းဆောင်ရွက်ရာ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်အထောက်အကူပြုကော်မတီဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့မရပ်ကွက်နှင့် တိုက်ကုန်းရပ်ကွက်အတွင်းရှိ မြို့မပရိယတ္တိစာသင်တိုက်၊ စာသင်ကျောင်းနှစ်ကျောင်း၊ မူကြိုကျောင်းတစ်ကျောင်းနှင့် မြို့မဈေးတို့ကို ခြင်ဆေးမှုတ်ခြင်း၊ လူနေအိမ်များရှိ ရေတွင်းရေကန်များတွင် ပိုးလောက်လမ်းနှိမ်နင်းခြင်းအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ထိန်လင်းဦး(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်တွင် နွေနှမ်းများ စတင်ရိတ်သိမ်း



**ပွင့်ဖြူ ဇွန် ၂၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေနှမ်းစိုက်တောင်သူများ ရိတ်သိမ်းချိန်နီးချိန်တွင် နှမ်းဈေးကောင်းလျက်ရှိခြင်းကြောင့် တောင်သူများ တွက်ခြေကိုက်ကြောင်း သိရသည်။

နွေနှမ်းစိုက် တောင်သူများမှာ ယခုနှစ် ဇွန်လနောက်ဆုံးပတ်တွင် နှမ်းများ စတင်ရိတ်သိမ်းလျက်ရှိပြီး တောင်သူအများစုစိုက်ပျိုးသော နှမ်းအမျိုးအစားမှာ ဆင်းရတနာ(၃)၊ သိပ္ပံနှမ်းနက်နှင့် စမုံနက်တို့ဖြစ်ကြပြီး တစ်မြို့နယ်လုံး နှမ်းစိုက်ဧကစုစုပေါင်း ၂၂၂၉၄ ဧကရှိကြောင်း သိရသည်။

ယခုလက်ရှိ နှမ်းတစ်တင်းဈေးမှာကျပ် ၆၀၀၀၀ ဝန်းကျင်းဈေးရှိပြီး တစ်ဧကအထွက်နှုန်းမှာ ၁၅ တင်းမှ တင်း ၂၀ ကြားထွက်ရှိကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။ **အောင်သူရ(ပွင့်ဖြူ)**

# မူးယစ်အန္တရာယ် ကာကွယ်ရန် ဟောပြောပွဲကျင်းပ

**နတ်တလင်း ဇွန် ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်း(မြို့မ) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ဇွန် ၂၂ ရက် နံနက်ပိုင်းတွင်မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ယင်းဟောပြောပွဲတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာရီရီခင်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအကြောင်းနှင့် စခန်းမှူး ဒုရဲမှူးလှသန်းနိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သတ်၍ သိကောင်းစရာများအကြောင်းကို ပြောကြားခဲ့သည်။ ယင်းအပြင် မိခင်နှင့် ကလေးကျန်းမာရေးဌာန တာဝန်ခံဒေါက်တာ အေမီထွန်းက ဝမ်းပျက်ဝမ်းလျှော ရောဂါမဖြစ်ရအောင် ကြိုတင်ကာကွယ်ကြရန် ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၀၇၁)**

# ဥပုတ်ချောင်းကူးတံတား ဇွန်လကုန်တွင်ဖွင့်လှစ်မည်

**ကလေး ဇွန် ၂၄**

ကလေးမြို့ အဓိကလမ်းမကြီး ဖြစ်သော ကလေး-ကလေးဝလမ်း ပေါ်ရှိ ဆေးရုံအနီး ဥပုတ်ချောင်းကူး တံတားကြီးတစ်စင်းလုံးကို ယခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်က စတင်တည် ဆောက်ခဲ့ရာ တည်ဆောက်ရေးလုပ်ငန်းများအားလုံး ပြီးစီးသွားပြီဖြစ်၍ ယခုနှစ် ဇွန်လကုန်တွင် ဖွင့်လှစ်သွားနိုင်ရေး တိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် တံတားကြံ့ခိုင်မှုကိုဇွန် ၂၁ ရက်က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကလေး-ကလေးဝလမ်း ပေါ်ရှိ ဥပုတ်ချောင်းတံတားပြင်ဆင်ခြင်းနှင့်ပတ်သက်ပြီး တံတားဟောင်း၏ မူလအကျယ် ၂၄ ပေမှ တစ်ဖက်လျှင် ၁၀ ပေစီ လမ်းသားတိုးချဲ့မှုနှင့်အညီ တံတားချဲ့ထွင်ရန်အတွက် ကုန်ကျငွေ ကျပ်သန်းပေါင်း ၆၅ သန်း ကုန်ကျခံကာ ဆောက်လုပ်ခဲ့ခြင်း ဖြစ်ကြောင်း မြို့နယ်အင်ဂျင်နီယာမှူး ဦးမင်းထွန်းက ပြောသည်။

"ဒီဆေးရုံတံတားကြီးဟာ ကလေးမြို့ရဲ့ အဓိကမိန်းလမ်းမကြီးတစ်ခုပေါ်မှာရှိနေတာဆိုတော့ အမြန်ပြီးစေချင်ခဲ့ပါတယ်။ ကလေးဒေသခံတွေလည်း ခရီးသွားရတာ အခက်အခဲဖြစ်ပါတယ်။ အခု ဆေးရုံဝင်းထဲကနေ ဆိုင်ကယ်လောက်သာ ဖြတ်သန်းနေရတယ်။ ကားကြီးတွေကတော့ အလှမ်းဝေးတဲ့ ဆိပ်ကမ်းသာတံတားနဲ့ တံတားဦးစံပြလမ်းဘက်ကနေ ဖြတ်နေရတယ်။ တံတားကြီးတည်ဆောက်မှုပြီးစီးတာကို တွေ့ရလို့လည်း ဝမ်းသာမိပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ယခင်က တံတားတိုးချဲ့တည်ဆောက်ခြင်းကို ပြုပြင်တိုးချဲ့ခြင်း



အဆင့်သာ ဆောင်ရွက်ခဲ့သော်လည်း တည်ဆောက်ရေးလုပ်ငန်းများလုပ်ကိုင်ရင်း တံတားကမ်းကပ်ခုံများမှာ နှစ်ရှည်လာသည့်အတွက် အက်ကြောင်းများ တွေ့လာရခြင်းကြောင့် တိုးချဲ့ခြင်းကို မဆောင်ရွက်တော့ဘဲ အသစ်ပြန်ဆောက်ဖို့နီးနီးအထိ စီစဉ်လိုက်ရသည့်အတွက် ယခုဇွန်လကုန်မှ ဖွင့်လှစ်နိုင်ခြင်း ဖြစ်ကြောင်း သိရသည်။

**လင်းလက်ကြယ်စင်**

# ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အခြေခံမဲဆန္ဒရှင်များစာရင်း ကြေညာ

**ရန်ကုန် ဇွန် ၂၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လမ်းညွှန်မှုနှင့်အညီ ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်အတွင်းရှိ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲများက အခြေခံမဲဆန္ဒရှင်များ အမည်စာရင်းကို ထုတ်ပြန်ကြေညာနိုင်ရေးအတွက် ဗဟန်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များမှ ဗဟန်းမြို့နယ်အတွင်းရှိ ရပ်ကွက်ပေါင်း ၂၂ ရပ်ကွက်မှ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများကို ဇွန် ၂၂ ရက် နံနက် ၈ နာရီမှစတင်ပြီး အခြေခံမဲဆန္ဒရှင်များစာရင်းကို ထုတ်ပေးခဲ့သည်။

အဆိုပါ မဲဆန္ဒရှင်များစာရင်းကို ဗဟန်းမြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် ဇွန် ၂၂ ရက်မှ ဇူလိုင် ၅ ရက်အထိ ကြေညာသွားမည်ဖြစ်ပြီး မဲစာရင်းတွင် ချို့ယွင်းအားနည်းချက်များရှိပါက ကော်မရှင်မှ ထုတ်ပေးထားသောပုံစံများဖြင့် တောင်းဆိုနိုင်ခြင်း၊ ကန့်ကွက်နိုင်ခြင်း၊ ပြင်ဆင်နိုင်ခြင်း စသည်တို့ကိုပြုလုပ်နိုင်ရန်အတွက် ၁၄ ရက်ကြာ မဲစာရင်းများကို ကြေညာပေးထားမည်ဖြစ်ကြောင်းနှင့် မဲဆန္ဒရှင်စာရင်းတွင် မိမိအမည်ပါ-မပါ၊ မိမိနှင့်သက်ဆိုင်သူများပါ-မပါ၊ မိဘအမည်၊ မှတ်ပုံတင်အမှတ် စသည့် အချက်အလက်များ မှန်-မမှန် သိရအောင် ပြင်ဆင်ရန်လိုပါက ပြင်ဆင်နိုင်ရန်၊ ယခု အခြေခံ ရွှေ့ပြေးမဲစာရင်းများကို ကြေညာပေးထားခြင်းဖြစ်ကြောင်း ဗဟန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းနိုင်က ပြောကြားခဲ့သည်။

သို့မှသာ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပသည့်ချိန်တွင် ပြည့်စုံမှန်ကန်သည့်မဲစာရင်းကို ရမှာဖြစ်ကြောင်းနှင့် မဲဆန္ဒရှင်များ မဲစာရင်းများ လာကြည့်ရန်အတွက် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့်အတူ ဝိုင်းဝန်းကူညီပေးကြသော နိုင်ငံရေးပါတီများ၊ လူမှုအထောက်အကူပြုအသင်းအဖွဲ့များ၊ မီဒီယာများကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ဗဟန်းမြို့နယ်အတွင်း ရွှေ့ပြေးမဲစာရင်းများကို လာရောက်ကြည့်ရှုပါရန် ဖန်တည်းအိမ်လူမှုအဖွဲ့အစည်းမှ လိုက်လံစည်းရုံးလှုံ့ဆော်ပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။ **တင်မောင်ဦး(အလုံ)**

# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆောင်ရွက်

**နေပြည်တော် ဇွန် ၂၄**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဆင်ဖြူရှင်ရပ်ကွက် တောင်နီလေးဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ဇွန် ၂၂ နံနက် ၁၁ နာရီခွဲက သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ပုဗ္ဗသီရိမြို့နယ် ခုတင် ၅၀ ဆံ့ ဆေးရုံမှ ကျန်းမာရေးကြီးကြပ် (၂) ဦးဝင်းသိန်းဦး ဦးစီး၍ အခြေခံကျန်းမာရေးဝန်ထမ်းများက ကျောင်းအတွင်းရှိ အိပ်ဆောင်များ၊ စာသင်ခန်းများနှင့် သန့်စင်ခန်းများအား ခြင်ဆေးမှုတ်ခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ပိုးလောက်လန်းများ ပေါက်ဖွားနိုင်သောရေကန်များ၊ ရေအိုးများအား ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **ရွှေရဲရင့်**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများနေ့ချင်းပြီးထုတ်ပေး

**ရေဦး ဇွန် ၂၄**

ရေဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိ ဦးဇော်မင်းဦးနှင့် ဝန်ထမ်းများသည် မိုးပွင့်အထူးစီမံချက်ဖြင့် အင်ပင်ကျေးရွာအုပ်စု ဆီဆုံကျေးရွာသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေး ကွင်းဆင်းဆောင်ရွက်ရာ စစ်ကိုင်းတိုင်းဒေသကြီး မှတ်ပုံတင်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က ကျေးလက်နေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းနှင့်ပတ်သတ်၍ ရှင်းလင်းပြောကြားခဲ့သည်။ သက်ကြီးဘိုးဘွားများအား မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးချစ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစံလင်းနှင့် ဝန်ထမ်းများက အိမ်တိုင်ရာရောက်သွားရောက်ဆောင်ရွက်ပေးခဲ့သည်။ **အေးမြင့်စန်း(ပြန်/ဆက်)**

# ကသာမြို့နယ် ပင်းမလွတ်ကျေးရွာအေးစေတီရိပ်သာကျောင်းတိုက်တွင် ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းဖွင့်

**ကသာ ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ပင်းမလွတ်ကျေးရွာ အေးစေတီရိပ်သာကျောင်းတိုက်တွင် ပင်းမလွတ်ကျောင်းဆရာတော်မှ ဦးဆောင်၍ ပင်းမလွတ်ကျေးရွာသူ ကျေးရွာသားများနှင့် ဆရာ ဆရာမများ၊ စေတနာရှင်များက ရန်ကုန်မြို့ ဓမ္မစကူးလ်ဖောင်ဒေးရှင်း (Dhamma School Foundation) ဗဟိုနှင့်ပူးပေါင်းလျက် ၃၅၇ ကြိမ်မြောက် ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းကို ဇွန် ၂၂ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဓမ္မစကူးလ်ဖောင်ဒေးရှင်း ဦးဆောင်ဆရာတော်က ဗုဒ္ဓသာသနာတော်၏ နောက်ခံသမိုင်းကြောင်း၊ နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ နိုင်ငံရေးနှင့် မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာများ၊ စာပေ၊ အနုပညာဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုများသည် ဗုဒ္ဓဘာသာအပေါ်တွင် အခြေပြုခဲ့ပြီး ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် မြန်မာနိုင်ငံသည် တစ်သားတည်း ခွဲခြားမရအောင်ရှိခဲ့ကြောင်း ဆရာတော်က မိန့်ကြားခဲ့သည်။

ဆက်လက်၍ ဓမ္မစကူးလ် ဗုဒ္ဓဘာသာသင်ရိုးညွှန်းတမ်းများကို ဘာသာရေးအသွင်ဖြင့်မဟုတ်ဘဲ ဗုဒ္ဓဘာသာစာရိတ္တပညာရေးအသွင် (Buddhist Ethical Education) ဖြင့် ရေးဆွဲထားကြောင်း၊ နိုင်ငံတကာမှသင်ကြားနေသည့် ခေတ်မီသင်ကြားမှုနည်းစနစ်တို့ဖြင့် ဗုဒ္ဓအဆုံးအမတို့ကို သင်ယူခွင့်ရအောင်စီစဉ်ထားကြောင်း၊ ဓမ္မစကူးလ်သင်ရိုးညွှန်းတမ်းသည် မြန်မာနိုင်ငံတွင် ကလေးဗဟိုပြုချဉ်းကပ်နည်းဖြင့် ရေးဆွဲထားသည့် ပထမဦးဆုံးသော ဗုဒ္ဓဘာသာသင်ရိုးညွှန်းတမ်းတစ်ခုဖြစ်ကြောင်း၊ ဓမ္မစကူးလ်သင်ရိုးညွှန်းတမ်းသည် လက်ရှိဖွင့်လှစ်သင်ကြားနေဆဲဖြစ်သော တစ်သီးပုဂ္ဂလဓမ္မစကူးလ်များ ဘာသာရေးသင်တန်းကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ဆရာတော်က မိန့်ကြားခဲ့သည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးတင်ဝင်းက သာသနာရေးဆိုင်ရာကိစ္စရပ်များနှင့် ဓမ္မစကူးလ်းဆရာဖြစ်သင်တန်းနှင့်ပတ်သက်၍ ဆရာ ဆရာမအင်အားကို လိုသလောက် ထပ်မံဖြည့်ပေးပါမည်ဟု လျှောက်ထားခဲ့သည်။

ယခုဖွင့်လှစ်သော ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းကို ဇွန် ၂၂ ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမှာဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၆၀၊ လေ့လာသူ ၂၀ နှင့် စုစုပေါင်း ၈၀ တို့ တက်ရောက်သင်ကြားကြမည်ဖြစ်ပြီး ရဟန်းသာမဏေများပါသင်ကြားကြမည်ဖြစ်သည်။

**ကသာခရိုင်(ပြန်/ဆက်)**

ဖတ်စရာ

# သဘာဝကျောက်ရုပ်တုများရှိသည့် မန္တလေးမြို့၏တောင်နှစ်တောင်



**à တိမ်တမန်**

မန္တလေးမြို့သို့ ဘုရားဖူး လာရောက်ကြသူများနှင့် နိုင်ငံတကာခရီးသွားဧည့်သည်များ အများဆုံးသွားရောက်သည့်နေရာမှာ မန္တလေးတောင်နှင့် ရန်ကင်းတောင်ပင်ဖြစ်သည်။ ထိုတောင်များသည် လေ့လာစရာ၊ ဖူးမြော်စရာများစွာရှိပြီး စိတ်ဝင်စားဖွယ်ရာကောင်းလှသည်။ ဖူးမြော်စရာ ဘုရားအဆူဆူများတည်ရှိသလို တောင်တစ်တောင်စီတွင် ထူးခြားစွာတည်ရှိနေသည်မှာ သဘာဝကျောက်ရုပ်တုများပင်ဖြစ်သည်။

မန္တလေးတောင်တွင် ဒဏ္ဍာရီဆန်ဆန် ဇာတ်လမ်းများ၊ ယုံကြည်မှုများဖြင့်တည်ရှိနေသော သဘာဝကျောက်ရုပ်တုမှာ ဘိုးတော်ဂူအနီးရှိကျောက်ဆင်ရုပ်ကြီးပင်ဖြစ်သည်။ကျောက်ဆင်ရုပ်ဇာတ်လမ်းမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ယနေ့တိုင်ကျောက်သားတုမှာ ဆင်ရုပ်သဏ္ဍာန်ရှိနေသည်။ ကျောက်ဆင်ရုပ်၏ ဦးခေါင်းနှင့် နားရွက်များ အောက်ခြေနားတွင် ပြုတ်ကျသည်ဟု ယူဆသလို ယခုတိုင် နားရွက်သဏ္ဍာန် ကျောက်တုံးများရှိနေသည်ကို ထင်ရှားစွာ တွေ့မြင်ရသည်။

ရန်ကင်းတောင်တွင်မူ လေ့လာစရာဂူ ကိုးဂူမှာ စိတ်ဝင်စားဖွယ်ရာကောင်းလှသည်။ သဘာဝအတိုင်းဖြစ်တည်နေပြီး ထူးခြားလှသည်။ ရန်ကင်းတောင်မှာအမြင့်ပေ ၆၀၄ ပေရှိပြီးအလျားမှာ ၆၆၀၆ ပေရှိသည့်အတွက်လေ့လာဖွယ် ရာများစွာရှိသည်။ ထိုလေ့လာစရာများတွင် ထူးခြားသော သဘာဝကျောက်ရုပ်တု တစ်ခုရှိနေသည်။ ထိုရုပ်တုမှာ ရန်ကင်းတောင်တော်ပိုင် အမေယက္ခပုံတော်ဟုခေါ်သော သဘာဝကျောက်တုံးရုပ်တုပင်ဖြစ်သည်။ ထိုရုပ်တုမှာ ရန်ကင်းတောင်တော် အရှေ့ဘက်တောင်စောင်းအလယ်ကျောတွင် ရှိသည်။ ထိုနေရာတွင် တောင်တော်ပိုင်အမေယက္ခနတ်နန်းလည်း တည်ရှိသည်။ နတ်နန်းအရှေ့ဘက် ကပ်လျက်တွင် အမေယက္ခပုံတော် သဘာဝကျောက်ရုပ်တုရှိပြီး မြင်ရသူတိုင်း အံ့သြစေသည့်ရုပ်တုပင်ဖြစ်သည်။ ရုပ်တုနှင့် ပတ်သက်ပြီး ယုံကြည်မှုအမျိုးမျိုးရှိကြသည်။

သဘာဝအလျောက် ဖြစ်ပေါ်နေသော ရုပ်တုများမှာ စိတ်ဝင်စားဖွယ်ရာပင်ဖြစ်သည်။ ရန်ကင်းတောင်တော်တွင် အမေယက္ခသဘာဝကျောက်တုံးရုပ်တု မန္တလေးတောင်တော်ပေါ်တွင် သဘာဝကျောက်ဆင်ရုပ်တုတို့မှာ ထူးခြားလှသည်။ သို့အတွက် မန္တလေးမြို့သို့ ဘုရားဖူးလာရောက်သူတိုင်း မန္တလေးတောင်တော်နှင့် ရန်ကင်းတောင်တော်ပေါ်သို့ ဘုရားဖူးသွားရောက်ပါက ထူးခြားသော သဘာဝကျောက်ရုပ်တုများကို လေ့လာသင့်လှသည်။

ရန်ကင်းတောင်တော်သည် သူတော်ကောင်းများ မွေ့ပျော်ရာတောင်ဟုဆိုသည်။ သဘာဝထူးခြားမှုများစွာဖြင့် စိတ်ဝင်စားဖွယ်ရာကောင်းသော မန္တလေးမြို့ဂုဏ်ဆောင် တောင်တစ်တောင်ပင်ဖြစ်သည်။ တောင်တော်ပေါ်သွားဆိုင်ကယ်များ၊ ကားများ အလွယ်တကူ တက်နိုင်သည်အထိ တောင်တက်ကားလမ်းဖောက်လုပ်ထားသည်။

ရန်ကင်းတောင်တော်ပေါ်သို့ ဘုရားဖူးသွားရာတွင် ပတ်ဝန်းကျင်မှ ရှမ်းရိုးမတောင်တန်းကြီးအလှ၊ ပုသိမ်ကြီး လယ်ကွင်းများအလှ၊ မန္တလေးမြို့နှင့် မန္တလေးတောင်တော်အလှကို အပေါ်စီးမှ စီးမြင်နိုင်သော သဘာဝမျှော်စင်ဟုပင် တင်စားနိုင်သည်။ ရန်ကင်းတောင်တော်ပေါ် ရောက်သည်နှင့် စိတ်အေးချမ်းမှုကို ဖြစ်ပေါ်စေသည်အထိ စိတ်ငြိမ်၊ ငြိမ်းအေးသော ရန်ကင်းသည့် တောင်တော်ပင် ဖြစ်သည်။

ရန်ကင်းတောင်တော်သည် အမြင့် ၆၀၄ ပေ၊ အလျား ၆၆၀၆ ပေ၊ တောင်ဘက်လှေကား ၅၆၅ ထစ်၊ မြောက်ဘက်လှေကား ၄၂၉ ထစ်ရှိသည်။ ရန်ကင်းတောင်တော်ပေါ်တွင် ထူးခြားအံ့သြဖွယ် သဘာဝငါးရံ့တွင်းလိုဏ်ဂူရှိသည်။ ငါးရံ့တွင်းအနက်ပေ ၅၀ ရှိပြီး ငါးရံ့တွင်းအတွင်း ဆင်းသည့် လှေကားများမှာ တောင်ဘက်လှေကား ၇၂ ထစ်၊ မြောက်ဘက်လှေကား ၇၂ ထစ်ရှိသည်။ ငြိမ်းအေးသော ရန်ကင်းတောင်တော်ပေါ်တွင် အခြားစိတ်ဝင်စားစရာ လေ့လာဖူးမြော်စရာများစွာရှိနေသည်။

ဗျာဒိတ်ပေးဘုရား၊ မွေစကြာဘုရား၊ ဘောဂဝတီနဂါးရုံဘုရား၊ အောင်မြေဘုရား၊ နှစ်ကျိပ်ရှစ်ဆူဘုရား၊ သိုက်နန်းရှင်နန်း၊ ရှမ်းမောင်နှမနတ်နန်း၊ ရန်ကင်းဘိုးဘိုးကြီး၊ တောင်ပိုင်ရှင်အမေယက္ခ နတ်နန်းတို့ရှိသည်။ ထို့အပြင် တရားထိုင်သည့်ဂူများတည်ရှိသည်။ ရန်ကင်းတောင်တော်တွင်ဂူကိုးဂူရှိသည်။ ထိုဂူများမှာ ဖားဂူ၊ ဂူသစ်၊ အောင်သိဒ္ဓိဂူ၊ ငါးရံ့မင်းဂူ၊ နတ်နဂါးဂူ၊အောင်ဗုဒ္ဓဂူ၊ ဝက်ဘာဂူ၊ ဝိဇ္ဇာညီနောင်ဂူတို့ရှိသည်။

ရန်ကင်းတောင်တွင် ဘုရားဖူးများ အထူးစိတ်ဝင်စားသော အရာမှာ သဘာဝ ငါးရံမင်းလှိုဏ်ဂူပင်ဖြစ်သည်။ ငါးရံ့မင်းလှိုဏ်ဂူ ဖြစ်ပေါ်လာပုံမှာ စိတ်ဝင်စားဖွယ်ရာပင်ဖြစ်သည်။ မင်းရှင်စောလက်ထက် ဗိုလ်တက်မြို့စိုးစံစဉ် မိုးခေါင်သဖြင့် ငါးရံ့မင်းရုပ်တု ထုလုပ်ကိုးကွယ်ကာ ငါးရံ့မင်းပရိတ် ရွတ်သည်အတွက် မိုးရွာခဲ့သလို ငါးရံ့မင်းကြောင့်ပင် မိုးကောင်းကာ ရောဂါထူလာသည့်အတွက် ဘေးရန်ကင်းရန် အောင်ပင်လယ်ကန်ဦး တောင်ထိပ်ရှိ သဘာဝကျောက်လှိုဏ်ဂူ အတွင်း ငါးရံ့မင်းရုပ်တုကို ထားကာ အခါအားလျော်စွာ ပူဇော်ခဲ့ရာမှ ရန်ကင်းတောင်ဟု ခေါ်တွင်သလိုပင်သဘာဝ ကျောက်လှိုဏ်ဂူသည် ငါးရံ့မင်းလှိုဏ်ဂူဟု ခေါ်တွင်ခဲ့သည်။ ခေတ်အဆက်ဆက် ပြုပြင်မှုများကြောင့် သဘာဝငါးရံ့မင်းလှိုဏ်ဂူသည် စိတ်ဝင်စားဖွယ်ရာ နေရာတစ်ခုအဖြစ် တည်ရှိလျက်ရှိနေသည်။

# နေပြည်တော်ရှိ စပါးနှင့် ငရုတ်စိုက်တောင်သူများ ဝင်ငွေတိုး

**လယ်ဝေး ဇွန် ၂၄**

နေပြည်တော် လယ်ဝေးမြို့နယ်အတွင်း ဧပြီလအစောပိုင်းက ရေတင်စိုက်ပျိုးထားရှိသော ငရုတ်များ စတင်သီးပွင့်ပြီး ဆွတ်ခူးရောင်းချလျက်ရှိပြီး သဲကောကြီးကျေးရွာတွင် ငရုတ်စိုက်တောင်သူများ စတင်ဆွတ်ခူး၍ ဈေးကောင်းရရှိကြကြောင်း သိရသည်။

နေပြည်တော်ဈေးကွက်တွင် အစိုတစ်ပိဿာ ကျပ် ၇၀၀၀ မှ ၈၅၀၀ နှုန်းဖြင့် ဈေးကောင်းရရှိပြီး လယ်ဝေးဈေး၊ သပြေကုန်းဈေး၊ နေပြည်တော်မြို့မဈေးတို့၌ ရောင်းချကြကြောင်းသိရသည်။

သဲကောကြီးကျေးရွာ တောင်သူဦးစိုးသိန်းက နှစ်ပတ်တစ်ကြိမ် ဆွတ်ခူးရရှိသော ငရုတ်များကို တစ်ကြိမ်ခူးလျှင် ပိဿာ ၂၀၀ မှ ၂၅၀ ရရှိပြီး နောက်ပိုင်း အထွက်တိုးလာရင် အဖြိုင်ဖြိုင်ခူးရမည်ဖြစ်ကာ တစ်ဧကအထွက်နှုန်းရောင်းရငွေကျပ် ၁၄ သိန်းမှ ၁၅ သိန်းဝင်ငွေရရှိကြောင်း ပြောသည်။

နေပြည်တော် လေဆိပ်အသွားလမ်းဘေးဝဲ၊ ယာရှိ ကျေးရွာများ၌ ဖရုံဖူးစားပြောင်း၊ ငရုတ်တို့ကို ရာသီမရွေးစိုက်ပျိုးနိုင်၍ တောင်သူများ ဝင်ငွေတိုးလျက်ရှိသည်။

၂၀၁၅-၂၀၁၆ခုနှစ် လယ်ဝေးမြို့နယ် မိုးစပါးရာသီတွင် ပုလဲသွယ်စပ်မျိုးစပါးကို တိုးချဲ့ပြီး အရှိန်အဟုန်မြှင့်တင်စိုက်ပျိုးမှု တောင်သူပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိရာ တလုပ်ပင်ကျေးရွာအုပ်စုတောင်သူများနှင့် တွေ့ဆုံဆွေးနွေးမှုကို စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးအရာရှိမှဦးဆောင်၍ သိပ္ပံနည်းကျစိုက်ပျိုးနည်းကို စနစ်တကျစိုက်ပျိုးရေး၊ မျိုးစေ့များအလုံအလောက်ရရှိရေးတို့အား အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

တက်ရောက်လာသူ တောင်သူများမှ သိလိုသည်များမေးမြန်းရာ ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းပြီး တစ်မြို့နယ်လုံးရှိ ရှေ့တန်းစခန်းများကို ကျေးရွာအုပ်စု အတွင်းကွင်းဆင်း၍ ဆက်လက်ဆွေးနွေးပေးသွားမည်ဖြစ်ကြောင်း ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့များကို ရုံးပိတ်ရက်မရှိ အလုံအလောက်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။ **တင်ဦး(ရမည်းသင်း)**

# ထန်တလန်မြို့တွင် Public Digital Library Service စက်တပ်ဆင်



**ထန်တလန် ဇွန် ၂၄**

ပြည်သူများအနေဖြင့် စာအုပ်စာပေကို အဆင့်မြင့်နည်းစနစ်များ အသုံးပြု၍ လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ဆောင်ရွက်သည့် Public Digital Library Service စက်ကို ဇွန် ၁၈ ရက်မှစတင်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထန်တလန်မြို့နယ်ရုံးတွင် တပ်ဆင်လျက်ရှိရာ ပြည်သူများအနေဖြင့် စာအုပ်များဖတ်ရှုလေ့လာနိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းအဆင့်ဆင့်ကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများက မြို့နယ်ပြည်သူ့စာကြည့်တိုက်သို့ လာရောက်သော စာဖတ်၊ စာငှားသူပရိသတ်များနှင့် ကွန်ရက်မိသည့်နေရာရှိ ဌာနဆိုင်ရာရုံးများနှင့် ပြည်သူများထံသို့ သွားရောက် သင်ပေးလျက်ရှိကြသည်။

အဆိုပါစက်တွင် စာအုပ်ပေါင်း ၇၁၃၈ အုပ်ရှိပြီး ပတ်ဝန်းကျင် မီတာ ၂၀၀ မှ ၆၅၀ ပတ်လည်အတွင်း moi-pdls.net အမည်ဖြင့် စာကြည့်တိုက် WiFi Network တစ်ခုဖြစ်ပေါ်စေကာ ကွန်ရက်မိသောနေရာမှ Mobile Phone များ၊ Notebook များမှ SSID ကို connect လုပ်ခြင်းဖြင့် စာအုပ်များဖတ်ရှုနိုင်သည့်အပြင် စာအုပ်များကို Download / Upload ပြုလုပ်နိုင်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# တောင်ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီမှ ထုတ်လုပ်သည့် လယ်ယာသုံးစက်ကိရိယာများ စွမ်းအင်ပြသပွဲနှင့် ရောင်းချပွဲပြုလုပ်

**မြင်းခြံ ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ရသာကျေးရွာတွင် တောင်ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီမှ ထုတ်လုပ်သော လယ်ယာသုံးစက်ကိရိယာများ စွမ်းအင်ပြသပွဲနှင့် ရောင်းချပွဲကို ဇွန် ၂၁ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် တောင်ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီတာဝန်ခံက ရောင်းချမည့် လယ်ယာသုံး စက်ကိရိယာများ၏ အသုံးပြုနည်း၊ ထိန်းသိမ်းနည်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် Daedong ကုမ္ပဏီတာဝန်ခံ ကထွန်စက်မောင်းနှင်၍ ထွန်ယက်ခြင်းကို လက်တွေ့ပြသရာ တက်ရောက်လာကြသော ဧည့်သည်တော်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူများမှ စိတ်ဝင်စားစွာ ကြည့်ရှုခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာသော ရသာကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူများအား ပြပွဲအပြီးတွင် စက်ကိရိယာများကိုအရစ်ကျစနစ်ဖြင့် ရောင်းချပေးခဲ့သည်။ **ဇော်မင်းနိုင် (မြင်းခြံ)**



# ပျဉ်းကတိုးနှင့် ယူကလစ်ပင်များ ပုလောမြို့နယ်တွင်ပေးအပ်

**ပုလော ဇွန် ၂၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ်တွင် တစ်အိမ်ထောင်ပျဉ်းကတိုးသုံးပင်နှင့် သစ်မာယူကလစ်ပင် ၂၀ စုပေါင်းစိုက်ပျိုးခြင်းကို ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက ပုလောမြို့နယ် ပြည်ခြားကျေးရွာလမ်းဘေးဝဲယာတွင် စည်ကားသိုက်မြိုက်စွာ စိုက်ပျိုးခဲ့ကြကြောင်းသိရသည်။

ထိုသို့ သစ်ပင်များစုပေါင်းစိုက်ပျိုးနိုင်ရန်အတွက် ပုလောမြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ပျဉ်းကတိုးပင် ၃၆၀ နှင့် သစ်မာယူကလစ်ပင်၂၀ တို့ကို အိမ်ထောင်စုအလိုက်ခွဲဝေပေးကာ အိမ်တိုင်ရာရောက် ကြိုတင်ပို့ဆောင်ပေးခဲ့သည်။

အဆိုပါသစ်ပင်စိုက်ပျိုးရာတွင် ပုလောမြို့နယ်သစ်တောဦးစီးမှူးဦးအောင်ကျော်စိုးက ကျေးရွာသူ၊ ကျေးရွာသားများအား သစ်ပင်စိုက်ပျိုးနည်းကို သရုပ်ပြပြီး စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြသည်။ **ပုလောပြန်/ဆက်**

# ဖွံ့ဖြိုးစေဖို့ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း(Global Supply Chain)သို့ပိုမိုဝင်ရောက်ရေး

a'|ufwmarmifatmif

ယနေ့ပွင့်လင်းလာသည့် မြန်မာနိုင်ငံအတွက် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်သည့် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းစနစ်နှင့် ပိုမိုပေါင်းစည်းနိုင်ရေးအတွက် အသိပညာဗဟုသုတများ ပြည်သူများအကြား ပြန့်ပွားစေရန်ရည်ရွယ်ပြီး ဒေါက်တာမောင်အောင်ရေးသားသော ဆောင်းပါးများကို ဖော်ပြလိုက်ပါသည်။

ပြည်သူလူထုအတွက် တန်ဖိုးရှိသည့်အချိန်များ မကုန်ဆုံးရေး၊ ထုတ်လုပ်မှု စွမ်းအားရှိလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရေးနှင့် Logistic များ လျှော့ချနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဆောင်းပါးများကို အပတ်စဉ် ကြာသပတေးနေ့တိုင်း ဖော်ပြလျက်ရှိပါသည်။ (စာတည်း)

**ယခင်အပတ်မှအဆက်**

**ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘေးကင်းလုံခြုံမှုတို့ကို စိန်ခေါ်နေသည့် တရားမဝင်ကုန်သွယ်မှု**

ကမ္ဘာပေါ်ရှိ နိုင်ငံအချင်းချင်း စီးပွားရေးပေါင်းစည်းမှုကို အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမှစတင်ခဲ့ပြီး အကျယ်ပြန့်ဆုံးနှင့် အများဆုံးဖြစ်သည့်အတွက် လည်းကောင်း တရားမျှတသော ကုန်သွယ်မှုဖြစ်ပေါ်စေရေး၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) မှ စည်းမျဉ်းစည်းကမ်းများချမှတ်ကာ နိုင်ငံတိုင်းလိုက်နာဆောင်ရွက်နေပေသည်။ သို့သော် လက်တွေ့ဘဝတွင် နိုင်ငံများ၏ သဘာဝတည်ရှိမှုအနေအထားများအရ ကုန်းနှင့် ပင်လယ် ထိစပ်နေသည့် နိုင်ငံများရှိသလို၊ ကုန်းပတ်လည်ရှိသည့် ကုန်းတွင်းပိတ်နိုင်ငံများ၊ ရေပတ်လည်ဝိုင်းနေသည့် ကျွန်းနိုင်ငံများလည်းရှိပေသည်။ ယေဘုယျအားဖြင့် ကျွန်းနိုင်ငံများအနေဖြင့် ပင်လယ်ဝင်ပေါက်များမှတစ်ဆင့် မိမိနိုင်ငံအတွင်း ဝင်ရောက်လာသည့် ကုန်ပစ္စည်းများကို စားသုံးရန် သင့်/မသင့်၊ သတ်မှတ်ထားသည့် အရည်အသွေးစံချိန်စံညွှန်းမီ/မမီ၊ လုံခြုံစိတ်ချမှုရှိ/မရှိ စနစ်တကျ စစ်ဆေးမှုများ ပြုလုပ်ရန် လွယ်ကူပေသည်။ မြန်မာနိုင်ငံအနေဖြင့် ကီလိုမီတာ ၆၀၀၀နီးပါးရှိသည့် ကုန်းမြေနယ်စပ်လိုင်းနှင့် ကီလိုမီတာ ၃၀၀၀ ဝန်းကျင်ရှိသည် ကမ်းရိုးတန်းတို့ကြောင့် အာဆီယံနိုင်ငံများအနက် ကုန်းမြေတစ်ဆက်တည်း အကျယ်ပြန့်ဆုံးနိုင်ငံ ဖြစ်နေမှုသည် အားသာသည့်အချက်များရှိသလို အခြားတစ်ဖက်တွင်လည်း ရှည်လျားသည့် နယ်စပ်မျဉ်းတစ် လျှောက်မှ တရားမဝင် ဝင်ရောက်လာသည့် ပစ္စည်းများ တားမြစ်ပိတ်ပင်ထားသည့် မူးယစ်ဆေးဝါးအပါအဝင် တရားမဝင် ကုန်သွယ်မှုများ ရှိနေဆဲပင်ဖြစ်သည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများ၏ ကုန်သွယ်မှုစာရင်း အင်းများကို ကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံ၏ စာရင်းများထက် များနေသည့် သဘောမှာ အိမ်နီးချင်းနိုင်ငံတို့တွင် ကုန်စည်အများစု တရားဝင် ဝင်ထွက်မှုများရှိသော်လည်း မြန်မာနိုင်ငံအနေဖြင့် အဆိုပါ ကုန်ပစ္စည်းများအားလုံး အကျုံးမဝင်သည်ကို ဖော်ပြနေပေသည်။

> လမ်းကြောင်းတစ်လျှောက်ပေးရသည့် အခများ လေ၊ ရောင်းချသည့် ကုန်တန်ဖိုးကို မြှင့်တင် လေဖြစ်၍လည်း နောက်ဆုံးဝယ်ယူစားသုံး သူကိုသာ ထိခိုက်

**တရားမဝင် ကုန်သွယ်မှုဆိုတာဘာလဲ**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) က အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးကို ယေဘုယအားဖြင့် သုံးမျိုး သတ်မှတ်ထားပါသည်။ ပထမတစ်မျိုးမှာ တရားဝင်ကုန်သွယ်မှု (Formal Trade) ဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုပြုလုပ်ရာတွင် နှစ်နိုင်ငံစလုံး၏ စည်းမျဉ်းစည်းကမ်းများအရ ကုန်သွယ်မှုပြုရန် ခွင့်ပြုထားသော ကုန်စည်များကို တရားဝင်သတ်မှတ်ထားသည့်လမ်းကြောင်းများ၊ ဆိပ်ကမ်းများနှင့် နယ်စပ်ဂိတ်များမှတစ်ဆင့် ကုန်သွယ်ခြင်းကိုခေါ်သည်။ ဒုတိယအမျိုးအစားမှာ တရားမဝင် ကုန်သွယ်မှု (Informal Trade) ဖြစ်ပြီး နှစ်နိုင်ငံအကြား တရားဝင်ကုန်သွယ်မှုပြုထားသည့် ကုန်ပစ္စည်းများကို တရားဝင် ပြဋ္ဌာန်းထားသည့် လမ်းကြောင်းများ ဆိပ်ကမ်းများ၊ နယ်စပ်ဂိတ်များမှတစ်ဆင့် ကုန်သွယ်မှုပြုလုပ်ခြင်း၊ မဟုတ်ဘဲ အခြားလမ်းကြောင်းများမှ ပြုလုပ်ခြင်းဖြစ်သည်။ ပို၍ဆိုးသည်မှာ တတိယအမျိုးအစားဖြစ်သည့် မှောင်ခိုကုန်သွယ်မှု (Illegal Trade) ဟုခေါ်သည့် နှစ်နိုင်ငံတည်ဆဲဥပဒေများအရ ခွင့်ပြုမထားသည့် ကုန်ပစ္စည်းများကို တရားဝင် သတ်မှတ်ထားသည့် လမ်းကြောင်းများမှ မဟုတ်ဘဲ အခြားလမ်းကြောင်းများမှ ပြုလုပ်နေခြင်းပင်ဖြစ်သည်။ လက်ရှိအခြေအနေတွင် မူးယစ်ဆေးဝါးကုန်သွယ်မှု အပါအဝင် လက်နက်ခဲယမ်းများ၊ သက်ရှိတိရစ္ဆာန်များအပြင် လူကုန်ကူးမှုများပါ အကျုံးဝင်နေသည့်အတွက် တိုင်းပြည်နှင့် လူမျိုးအတွက် အန္တရာယ်ကြီးမားပေသည်။ မြန်မာနိုင်ငံအနေဖြင့် တရားမဝင်ကုန်သွယ်ရေးဟု ပြောဆိုရာတွင် အထက်ပါ ဒုတိယနှင့် တတိယအချက်နှစ်ခုစလုံး အကျုံးဝင်ပါသည်။

**ဘာကြောင့် တရားမဝင် ကုန်သွယ်မှု ရှင်သန်နေရသလဲ**

စားသုံးသူအများဆုံးရှိသည့် နိုင်ငံကြီးနှစ်နိုင်ငံအကြားကုန်းမြေတစ်ဆက်တည်း တည်ရှိနေခြင်းကြောင့် စီးပွားရေးသဘောတရားတွင် ဈေးနှုန်းဆွဲဆောင်မှုအရ ဈေးနှုန်းနိမ့်ရာမှ မြင့်ရာသို့ စီးဆင်းမှုသည် သဘာဝတရားပင်ဖြစ်သည်။ တရားဝင်ဖွင့်လှစ်ထားသည့် ဂိတ်များရှိလျှင် ၎င်းတို့ကို အသုံးပြုမည်ဖြစ်သလို မရှိပါကလည်း ရသည့်နည်းဖြင့် ကူးသန်းရောင်းဝယ်ကြမည်သာဖြစ်သည်။ ထို့အပြင် ယခင်ခေတ်အဆက်ဆက်ကတည်းက ဖွင့်လှစ်ထားသည့် ဂိတ်များတွင်လည်း အဆင့်များဖြင့်၊ အချိန်ကြန့်ကြာခြင်း၊ မြင်သာထင်သာရှိမှုနှင့် မျှတမှုအားနည်းမှုများကြောင့် ဂိတ်များရှိသည့်တိုင် ကုန်သည်တိုင်းက အသုံးပြုမည် မဟုတ်ပေ။ မြန်မာ့ကုန်းနယ်စပ်လိုင်း ရှည်လျားသည့်အပြင် အချို့သော နေရာများ၌ ယခုတိုင် လုံခြုံမှု အပြည့်အဝမရှိသေးခြင်းသည်လည်း တရားမဝင်ကုန်သွယ်မှုကို အားပေးနေသလို ဖြစ်သည်။ ယခင်ကတည်းက အမြစ်တွယ် ရှင်သန်ခဲ့သည့် တရားမဝင်ကုန်သွယ်မှုကို အစဉ်တစိုက် လုပ်ကိုင်လာသူများအတွက် အလေ့အကျင့်တစ်ခုလိုဖြစ်နေသည့်အတွက် မိမိလမ်းမှားလျှောက်နေသည်ကိုပင် လျှောက်မှန်းမသိသည့် ကုန်သည်များရှိနေဆဲပင်ဖြစ်သည်။

ကုန်သည်သဘာဝအရိက ဦးစားပေးသည်မှာ ဈေးကွက်ကလိုအပ်သည့် ကုန်ပစ္စည်းများဈေးကွက်သို့ အမြန်ရောက်ရှိရေးပင်ဖြစ်သည်။ သယ်ယူရာလမ်းကြောင်းတစ်လျှောက် ဂိတ်ကြေးအမျိုးမျိုးညှိနှိုင်းမှုများအတွက် ငွေကြေးကုန်ကျမှုများရှိသော်လည်း တရားဝင်ကုန်သွယ်သူများထက် အခွန်အခသက်သာမှုနှင့် အချိန်သက်သာမှုတို့ကြောင့် အများစုလုပ်ဆောင်နေခြင်းပင်ဖြစ်သည်။ ထုံးစံအားဖြင့် လမ်းကြောင်းတစ်လျှောက်ပေးရသည့် အခများလေ၊ ရောင်းချသည့် ကုန်တန်ဖိုးကို မြှင့်တင်လေဖြစ်၍လည်း နောက်ဆုံးဝယ်ယူစားသုံးသူကိုသာ ထိခိုက်လေ့ရှိသည်။

ယခုအခါ အဘက်ဘက်မှ ဖြေလျှော့မှုကြောင့် လွယ်ကူလာသော်လည်း တရားမဝင်ကုန်သွယ်နေသူများအနေဖြင့် နိုင်ငံတော်သို့ပေးဆောင်ရမည့် အခွန်ကောက်ကိုရှောင်လို၍ လုပ်ဆောင်နေခြင်းဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**







**ကျေးဇူးဆပ်ပါမည်**

၂၂-၆-၂၀၁၅ရက် ၁၂း၂၀နာရီခန့် ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်းရှိ အိုလံပစ်ဟိုတယ်၌ တည်းခိုနေသူသည် ဟိုတယ်မှ ရွှေဘုံသာလမ်းရှိ "ဆင်းဘရားသား" ဆေးဆိုင်သို့ ဆေးဝယ်ရန် သွားရောက်စဉ် (Taxi)ယာဉ်ပေါ်၌ ရတနာပစ္စည်း (၈)မျိုးပါ ပလတ်စတစ်အိတ် တစ်အိတ်ကျကျန်ခဲ့ပါသဖြင့် တွေ့ရှိသူမှ ပြန်လည်လာ ရောက် ဆက်သွယ်ပေးပို့ပါက ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

**ဆက်သွယ်ရန်ဖုန်း-**

**၀၁-၃၇၄၂၇၇၊ ၀၉-၅၀၁၇၁၀၄၊**
**၀၉-၇၈၅၀၁၇၁၀၄၊ ၀၉-၄၂၀၆၆၃၆၆**

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၆-၄-၂၀၁၅ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၁၅)၊ကန့်ကွက်နိုင်ကြောင်းကြော်ငြာ၊သဃ်္ဃန်းကျွန်းမြို့နယ်၊ဦးစိုးမြင့်+၁၏ ဂရန်သစ်တွင် ၁၂ $\frac{1}{2}$'×၂၀' အစား ၁၂ $\frac{1}{2}$'×၅၀' ဟုဖတ်ရှုပါရန်။



## အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

ကျွန်တော့်မျက်လုံးများ၌ မျက်ရည်များ ဝိုင်းနေမည်ထင်သည်။ ငြိမ်းမောင်မျက်လုံးများကမူ ခါတိုင်းလိုပင် ကြည်လင်စူးရှနေ၏။

ကျွန်တော်က တင်မောင်ညွှန့်ဘက် လှည့်၍ လက်ဆွဲနှုတ်ဆက်ပြီး မေးမိသည်။

"မောင်ညွှန့်ကကော . . . အခု ဘယ်မှာလဲ "

"ဒီမှာပါပဲ . . . ။ မင်းကြီးရုံးမှာပဲ . . . ။ ဒါပေမယ့် . . . ကြာကြာမနေရတော့ပါဘူး အစ်ကိုမောင်။

အစ်ကိုမောင်နဲ့ ပြန်တွေ့ခွင့်ရတာကိုပဲ ကျေးဇူးတင်လှပါပြီ "

တင်မောင်ညွှန့်က ပြုံးဌွေ့ဌွေ့နှင့် ဆိုသည်။ ဘာကြောင့်မသိ၊ သူ့စကားသည် ကျွန်တော့်ရင်၌ ထူးဆန်းသော ခံစားမှုတစ်ရပ်ကို ပေါ်စေခဲ့ပါ၏။

ကျွန်တော်တို့အားလုံးသည် ဗောတံတားကြီးမှ ဆိပ်ကမ်းထွက် ရုံးခန်းမကြီးဆီသို့ တက်လာခဲ့ကြ၏။ တံတားအလယ် ရောက်မှ ငြိမ်းမောင်အဖြစ်ကို သတိရသဖြင့် နောက်လှည့်ကြည့်မိသည်။ ကျွန်တော် သွားရောက်ကူညီရန် မလိုပါ။

ငြိမ်းမောင်က လက်တစ်ဖက်ဖြင့် ချိုင်းထောက်ကို အားပြုတက်သည်။ အခြားတစ်ဖက်မှ အားပြုရန်ကား . . . ။

ခိုင်က သူ့လက်ကလေးတစ်ဖက်ဖြင့် ငြိမ်းမောင့်လက်ကို ဆုပ်ကိုင်တွဲခေါ်လာသည်။

ရှေ့ဆုံးတွင် တင်မောင်ညွှန့်သည် ဦးခေါင်းငိုက်စိုက်နှင့် လျှောက်လျက်ရှိ၏။

ကျွန်တော်သည် သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး ကြိုင့်ကို လှမ်းမေးသည်။

"ဒါထက် မမကြိုင် . . . လှိုင်တစ်ယောက်ကော . . . "

မမကြိုင် မဖြေမီ ဖေဖေက အရင်ဝင်ပြော၏။

" တွေ့ရပါမယ် . . . သား လှိုင့်ကို တွေ့ရမှာပါပဲ "

နားမလည်စွာ ကျွန်တော်သည် ဖေဖေ့ကို ပြန်ကြည့်မိသည်။

" လှိုင်က အခု ဒေါက်တာဖြစ်ပြီး တောင်ကြီးမှာလေ။ ဖေဖေ့မိတ်ဆွေ ဆေးမင်းကြီးနဲ့တွေ့လို့ ပြောလိုက်တယ်။ သား ပြန်ရောက်ရင် သားလည်း တောင်ကြီးက စဝ်စံထွန်းဆေးရုံကြီးကို သွားရမတဲ့ "

ဖေဖေက တည်ငြိမ်စွာ ရှင်းပြပါသတည်း။

ကျွန်တော် ပြန်ရောက်စ တစ်ရက်နှစ်ရက်ခန့်တွင် ဖေဖေ၊ မေမေတို့နှင့်အတူ ခိုင်တို့အိမ်တွင် နေသည်။

ငြိမ်းမောင်က လေတပ်မတော်ထဲတွင်ပင် ရှိသေးသောကြောင့် မင်္ဂလာဒုံတွင် နေသည်။ ရောက်စတွင် ဆောင်ရွက်စရာကိစ္စများက ရှိနေသောကြောင့်လည်းကောင်း၊ ပြန်လည်တွေ့ဆုံချိန် မည်သည်ပျော်ရွှင်ဖွယ် စကားရပ်များကို ပြောမဆုံးလေသော အချိန်ဖြစ်သောကြောင့်လည်းကောင်း၊ လေးနက်သော ပုဂ္ဂလိက ဘဝရေးရာများကို ကျွန်တော်တို့ မဆွေးနွေးကြ။

ကျွန်တော်သည် တာဝန်ကျရာ စဝ်စံထွန်းဆေးရုံကြီးသို့ အမြန်ဆုံး သွားရပါမည်။ ပြင်ဆင်သင့်သည်ကို ပြင်ဆင်ပြီးသောအခါ သန်လျင်အိမ်ကြီးသို့ ပြန်၍ သုံးရက်နားသည်။ ငြိမ်းမောင်လည်း ကျွန်တော်နှင့် လိုက်ခဲ့သည်။ ခိုင်တော့ မပါ။ သန်လျင်သို့ ခိုင် မလာသည်မှာ ကောင်းသည်ဟု ကျွန်တော်ထင်ပါသည်။

တိမ်တောက်သော နေဝင်ချိန် တစ်ညနေ၌ ကျွန်တော်တို့ သူငယ်ချင်းနှစ်ဦးသည် မြရာရုံ စိမ်းညိုတို့ လွှမ်းဖုံးအပ်သော တောင်ကုန်းလေးပေါ်၌ တစ်ခါတုန်းက နေရာတွင်ပင် အတူထိုင်လျက်ရှိကြသည်။ ယခင်နှင့် မတူ ခြားသည်မှာ ငြိမ်းမောင်ဘေး မြေပေါ်တွင် ချိုင်းထောက်ကြီး လဲလျောင်းလျက်ရှိခြင်းသာတည်း။ နှစ်ဦးသား စကားမဆိုမိဘဲ အတန်ကြာ ငြိမ်နေကြပြီးမှ ကျွန်တော်က စ,ပြော၏။

"မင်းရှေ့ရေး ဘယ်လိုလုပ်မလဲ ငြိမ်းမောင် "

ငြိမ်းမောင်က အေးချမ်းစွာပင် ဖြေသည်။

"တပ်က ပင်စင်ယူမယ်ဆိုရင် ရတယ်။ ဒါပေမယ့် ခြေတစ်ချောင်း၊ လက်နှစ်ဖက်နဲ့ ဦးခေါင်းတစ်လုံး ရှိသေးရက်နဲ့ တိုင်းပြည်ကပေးတဲ့ ရိက္ခာကို ထိုင်မစားချင်ဘူး မောင်။ တိုက်ရေးခိုက်ရေးကို သိပ်မလုပ်နိုင်ဘူး၊ တိုင်းပြည်ဝန်ကို တခြားနည်းနဲ့ ထမ်းဖို့ တပ်မတော်မှာ ငါ့အတွက် နေရာရှိပါသေးတယ် "

ကျွန်တော်က သူ့ကို ကြည်ညိုလေးစားစွာ ကြည့်မိသည်။

"မှန်ပါတယ်။ ဒါပေမယ့် ငါဆိုလိုတာ အဲဒါမဟုတ်ဘူး . . . ။ မင်းနဲ့ ခိုင့်ရှေ့ရေးကို ပြောတာ . . . "

ငြိမ်းမောင်က ပြုံးရင်းဖြေသည်။

"စောပါသေးတယ်ကွာ . . . "

"လုပ်ပြန်ပြီ၊မင်းမလည်းအမြဲစောနေသေးတာပဲ . . . "

"အချိန်ဆိုတဲ့သဘောဟာ အခြေအနေပေါ် အမြဲတည်တာပဲ။ ဘဝကို တစ်မျိုးတစ်ဖုံ ပြန်စနေရတဲ့ ငါ့အတွက် စောလွန်းသေးတယ် ဆိုတဲ့စကားဟာ မမှားပါဘူး မောင်ရာ . . . "

ငြိမ်းမောင်၏ မှန်သောစကားကြောင့် ကျွန်တော် ခေတ္တငိုင်သွားမိ၏။

"ထားပါတော့လေ၊ ဒါထက် ခိုင့်သဘောက ဘယ်လိုရှိနေသလဲ . . . "

"ခိုင့်သဘောကို ငါ ဘယ်လိုလုပ်သိမလဲ၊ မင်းကော သိမလား မောင်။ တစ်ခုတော့ ရှိတယ်။

ငါ ဒုက္ခိတဖြစ်တဲ့အချိန်မှာ ခိုင်ဟာ အဖြူစင်ဆုံး ကြင်နာမှုကို ပေးခဲ့တယ်။ ပေးတုန်းပဲ။ အဲဒါကိုတော့ ငါသိတယ် "

" အဖြူစင်ဆုံး ကြင်နာမှုဟာ . . . အချစ် ဖြစ်မလာနိုင်ဘူးလား ငြိမ်းမောင် . . . "

" ဖြစ်လာနိုင်ပါတယ်၊ ဖြစ်လာနိုင်ပါစေလို့လည်း ဆုတောင်းပါတယ်။ ဖြစ်မလာရင်လည်း ငါဝမ်းမနည်းပါဘူး မောင် "

"မင်း ဘာဆိုလိုတာလဲ ငြိမ်းမောင် "

"ငါဆိုလိုတာ ရှင်းပါတယ်။ ငါ့ဘဝမှာ ဘာမှ မရခဲ့ဘူးလေ။ မရခဲ့တဲ့အပြင် ဆုံးရှုံးခဲ့ရတာပဲ ရှိတယ်။ အရှုံးဆုံးဘဝကျမှ တစ်ခုခုကို ရရင် အဲဒီတစ်ခုခုဟာ သာမန်ကြင်နာမှုပဲ ဖြစ်ပစေ တန်ဖိုးရှိလှပါတယ်။ ဒါကြောင့် ငါ ဝမ်းမနည်းဘူး . . . "

ငြိမ်းမောင်ကို ကျွန်တော် ရင်ထုမနာ ကြည့်မိ၏။ ငြိမ်းမောင်ကသာ တည်ငြိမ်စွာ ဆက်ပြောသည်။

"ပြီးတော့ ငါ့သဘောကိုလည်း ပြောပြချင်တယ်။ လူတစ်ယောက်အနေနဲ့ ချစ်ခြင်းကိုတော့ တောင့်တတယ်ကွာ။ ဒါပေမယ့် ချစ်ခြင်းနေရာကို သနားခြင်းက အယောင်ဆောင် ဝင်လာမှာကိုတော့ မလိုလားဘူး။ ပြီးတော့ ဒုက္ခိတဘဝ ရခြင်းအပေါ် အမြတ်ထုတ်ပြီး သနားသူကို ချစ်သူဖြစ်လာအောင် အနိုင်မကျင့်ချင်ဘူး . . . "

ငြိမ်းမောင် စကားများကို ကြားရသည်မှာ ကျွန်တော် ရင်နာလှသည်။ သူ့ကိုလည်း ကြာလေလေးစားလေ ဖြစ်မိသည်။

"မင်းစေတနာကို ငါ အံ့ဩလို့မဆုံးဘူး ငြိမ်းမောင်။ ဒါပေမယ့် ပြန်စဉ်းစားပါဦး။ သနားခြင်းနဲ့ ချစ်ခြင်းကြားက ခြားနားမှုဟာ ပါးပါးလွှာလွှာကလေးပါ၊ ဘယ့်နှယ်လဲ . . . "

ကျွန်တော့်စကားကို ဘာသဘောကျသည်မသိ၊ ငြိမ်းမောင်က ရယ်သည်။

"မင်း ဘာရယ်တာလဲ"

"မင်းစကားကို သဘောကျလို့ပါ။ သနားခြင်းနဲ့ ချစ်ခြင်းကြားက ခြားနားမှုဟာ ပါးပါးလွှာလွှာ

ကလေး။ ဟဲ . . . ဟဲ . . . ဟုတ်တယ်။ မှန်တယ် . . . ။ ခြွင်းချက်တစ်ခုပဲရှိတယ်။ သနားသူတစ်ယောက်၊ ပြီးတော့

ချစ်သူကလည်း တစ်ယောက် ရှိနေပြီးရင် . . . မှန်ဖို့ခက်တယ် သူငယ်ချင်း "

"ခိုင့်မှာ ချစ်သူရှိနေပြီလို့ မင်း ထင်နေသလား "

"ဒါကို ငါ ဘယ်လိုလုပ်ပြီးသိမလဲ မောင်။ သူဆိုတာ ကိုယ့်စိတ်ကိုယ်တောင်မှ သိကြတာမျိုးမဟုတ်ဘူး "

ကျွန်တော် မဖြေမိ။ သို့ရာတွင် သိလိုရာတစ်ချက်ကိုမူ ပြန်မေးမိ၏။

" ဒါထက် မောင်ညွှန့်ကကော ဘယ်လိုလဲ "

ငြိမ်းမောင်က သက်ပြင်းချ၏။ **ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

# လူထုဗဟိုပြုစီမံကိန်း မိတ်ဆက်ရှင်းလင်း

**ချောင်းဆုံ ဇွန် ၂၄**

မွေးမြူရေးလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်းဆောင်ရွက်သော လူထုဗဟိုပြုစီမံကိန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် စတင်ဆောင်ရွက်မည်ဖြစ်၍ စီမံကိန်းမိတ်ဆက်ရှင်းလင်းမှုအခမ်းအနားကို ဇွန် ၁၉ ရက်က ချောင်းဆုံမြို့ ကျွန်းသာယာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)ညွှန်ကြားရေးမှူး ဦးလှခိုင်က စီမံကိန်းနှင့်ပတ်သက်၍ အသေးစိတ်မိတ်ဆက်ရှင်းလင်းပြီးနောက် တက်ရောက်လာကြသူများ၏ စီမံကိန်းအပေါ် သိရှိလိုသည့် မေးခွန်းများအား ပြန်လည်ဖြေကြားခဲ့သည်။ လူထုဗဟိုပြုစီမံကိန်း (CDD) ကာလမှာ လေးနှစ်ဖြစ်ပြီး ယခုဘဏ္ဍာနှစ်မှ စတင်၍ ချောင်းဆုံမြို့နယ်အတွင်းရှိကျေးရွာအားလုံးတွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မောင်သိမ်း(ကျေးလက်)

❑❑❑





ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ခရိုင်အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ ပြည်မြို့နယ်နှင့် သဲကုန်းမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ ဇွန် ၁၆ ရက်က ပြည်မြို့ အထွေထွေရောဂါကု ခုတင်(၂၀၀) ဆံ့ ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းနေစဉ်။

(ဇေဇေ)

## ချောင်းဦးမြို့တွင် မြို့သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

**ချောင်းဦး ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့တွင် မြို့သန့်ရှင်းသာယာလှပရေးနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးတို့အတွက် ဇွန် ၂၂ ရက် ညနေက ချောင်းဦးမြို့ ပြည်သူ့ဆေးရုံ ရှေ့မျက်နှာစာ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြောင်း သိရသည်။

စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လှိုင်၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်သိန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမျိုးညွန့်သန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ကျန်းမာရေးဝန်ထမ်းများက ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

"ချောင်းဦးမြို့မှာ ယခုလက်ရှိအနေနဲ့ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုများပြားမှုမရှိသေးသော်လည်း အခုအချိန်ဟာ သွေးလွန်တုပ်ကွေးရာသီချိန်ဖြစ်တဲ့အတွက် ကြိုတင်ကာကွယ်တဲ့အနေနဲ့ အခုလို စုပေါင်းသန့်ရှင်းရေးတွေ ပြုလုပ်ရခြင်းဖြစ်ပါတယ်" ဟု မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာတင့်ဆွေက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**

## တာပွန်နယ်မြေတွင် လူငယ်အဖွဲ့များ ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်

**နတ်တလင်း ဇွန် ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်နယ်မြေတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရန်အတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇွန် ၂၁ ရက် နံနက် ၈ နာရီမှစ၍ တာပွန်ပရဟိတလူငယ်များ၊ ပြည်မြို့မိုးမေတ္တာနာရေးကူညီမှုအသင်းနှင့် ပေါင်းတလည်မြို့ ငြိမ်းချမ်းလူငယ်အဖွဲ့တို့ပူးပေါင်း၍ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ဆောင်ရွက်ရာတွင် စာသင်ကျောင်းများ၊ ရုံးဌာနများ၊ လူနေအိမ်များ၊ လမ်းဘေးရေမြောင်းပါမကျန် မြို့လုံးကျွတ်ခြင်ဆေးပက်ဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးခဲ့သည်။

"မိုးရာသီရောက်လာတော့ ရင်ခွင်ပိုက်ကလေးတွေနဲ့ ကျောင်းနေအရွယ်ကလေးများ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပေါ်အောင် အခုလို ကိုယ့်အားကိုယ်ကိုးစနစ်နဲ့ ဆောင်ရွက်ပေးတာပါ။ ခြင်ဆေးဖျန်းပေးတဲ့အတွက် ဆေးဖိုးနဲ့ ကုန်ကျစရိတ်ကို ရွှေပွန်မြေပါရမီရှင်များအသင်း၊ ဒေသနေပြည်သူများရဲ့ စုပေါင်းလှူဒါန်းငွေများနဲ့ ဆောင်ရွက်တာဖြစ်ပြီး အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် ခြင်ဆေးဖျန်းစက်သုံးလုံးနဲ့ လုပ်ပေးနေတာဖြစ်ပါတယ်" ဟု တာပွန်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက ပြောပြသည်။ **(ဝ၇၁)**

## မကွေးတွင် သောက်သုံးရေဖူလုံစွာရရှိရေးအတွက် စက်ရေတွင်းတူးဖော်

**မြို့သစ် ဇွန် ၂၄**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ဘော့ကျေးရွာ လေးလက်မစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှခိုင် ဦးဆောင်သောအဖွဲ့နှင့်အတူ မကွေးတိုင်းဒေသကြီး ကျေးလက်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်လင်းနိုင်လိုက်ပါလျက် ဇွန် ၂၁ ရက် နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးရာ တွင်းတူးတာဝန်ခံ ဦးတင့်လွင် (ဦးစီးအရာရှိ)ကလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါစက်ရေတွင်းအား JICA မှ လှူဒါန်း၍ ကျေးလက်ဦးစီးဌာနမှ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး စီမံကိန်းစက်ရေတွင်းပေါင်း ၈၇ တွင်း တူးဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စက်ရေတွင်းပေါင်း ၆၀ တူးဖော်ဆောင်ရွက်ခဲ့ပြီး တူးဖော်ရန်ကျန်ရှိသောစက်ရေတွင်း ၂၇ တွင်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း စက်ရေတွင်း ၂၀ တူးဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

JICA စီမံကိန်းဖြင့် တူးဖော်ဆောင်ရွက်လျက်ရှိသည့် စက်ရေတွင်း ၈၇ တွင်း တူးဖော်ဆောင်ရွက်ပြီးပါက ကျေးရွာ ၈၇ ရွာမှ အိမ်ထောင်စု ၁၈၇၃၃ ရှိ လူဦးရေ ၉၇၆၀၀ အား သောက်သုံးရေဖူလုံစွာ ရရှိ၍အကျိုးဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်
မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့်
ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်းတို့မှ
ပူးပေါင်းဖွင့်လှစ်သော

ယနေ့ခေတ်နိုင်ငံတကာနှင့်ဆက်စပ်နေသောစီးပွားရေးလုပ်ငန်းများ၏ စိုက်ပျိုးထုတ်လုပ်သည်မှသိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းများ အပါအဝင် ကမ္ဘာလုံးဆိုင်ရာဈေးကွက်သို့တင်ပို့ရောင်းချသည်အထိအဆင့်ဆင့်လိုအပ်ချက်များအဆင်ပြေချောမွေ့စေရန်အတွက်ဖွင့်လှစ်သော

**(1) GLOBAL SUPPLY CHAIN MANAGEMENT (BATCH-1)**

